သာသနာဟော သန့်ရှင်းပြန့်ပွါးရေး

ဂိုဏ်းပေါင်းစုံသံဃာတော်

နှစ်ထောင်ကျော်အစည်းအဝေး၌

ပခုက္ကူမြို့ အဘိဓဇမဟာရဋ္ဌဂုရု

**ဆရာတော် ဦးသုန္ဒရ**

၏

# သြဝါဒကထာ

(အကျယ်)

သာသနာတော်နှစ် ၂၅၀၈

မြန်မာဝေါဟာရနှစ် ၁၃၂၆၊ တပေါင်းလပြည့်နေ့

သာသနာတော် သန့်ရှင်းပြန့်ပွါးရေး

ဂိုဏ်းပေါင်းစုံသံဃာတော်

နှစ်ရပ်ပေါင်းကျောင်းအစည်းအဝေး၌

ပခုက္ကူမြို့ အဘိဓဇမဟာရဋ္ဌဂုရု

**ဆရာတော် ဦးသုန္ဒရ**

၏

# ဩဝါဒကထာ

(အကျယ်)

---


သာသနာတော်နှစ် ၂၅၀၈

မြန်မာဝေါဟာရနှစ် ၁၃၂၆၊ တပေါင်းလပြည့်နေ့

# ခေါင်းစဉ် မာတိကာ

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၁။ အချီနိဒါန်း | .... | ၁ |
| သာသနာတော်၏ ပြည့်စုံခြင်း | .... | ၁ |
| ၂။ ဗုဒ္ဓသုဗုဒ္ဓတာ | .... | ၃ |
| ကြည်ညိုသူ ၄-မျိုး | .... | ၃ |
| သေလပါမောက္ခကြည်ညိုပုံ | .... | ၄ |
| ဂုဏ်တော်ကြား၍ကြည်ညိုကြပုံ | .... | ၄ |
| မဟာကပ္ပိနနှင့်ပုက္ကုသာတိမင်း | .... | ၅ |
| ချီးခြံတော်မူခြင်း | ... | ၆ |
| ဓမ္မကိုကြည်ညိုသူများ | .... | ၇ |
| ဥတ္တရလုလင်စုံစမ်းပုံ | .... | ၈ |
| ယောကျ်ားမြတ်အာဇာနည် | .... | ၉ |
| အရဟံဂုဏ်တော် | .... | ၁၀ |
| သမ္မာသမ္ဗုဒ္ဓဂုဏ်တော် | .... | ၁၁ |
| သဗ္ဗညုတဉာဏ်တော်၏ အစွမ်း ၃-ပါး | .... | ၁၁ |
| အဆင့်ဆင့်ဆည်းပူးခဲ့ရပုံ | .... | ၁၂ |
| အာဝေနိကဂုဏ်တော်တချို့ | .... | ၁၃ |
| ခန္တီတရားကြီးမားတော်မူခြင်း | .... | ၁၅ |
| မေတ္တာတရားကြီးမားတော်မူခြင်း | .... | ၁၆ |
| တိတ္ထိတို့အားလိုက်လျောတော်မူပုံ | .... | ၁၇ |

( ခ )　　ခေါင်းစဉ် မာတိကာ

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ကရုဏာတော်ရားကြီးမားတော်မူခြင်း | .... | ၁၈ |
| စည်းစိမ်ရှင်ကိုလည်းသနားတော်မူခြင်း | .... | ၁၉ |
| အလုပ်များတော်မူပုံ | .... | ၂၀ |
| ပရိနိဗ္ဗာန်စံသည့်တိုင်အောင်ကြိုးစားတော်မူခြင်း | .... | ၂၂ |
| ပြန်၍အာရုံယူပါ | .... | ၂၃ |
| ၃။ဓမ္မသုဓမ္မတာ | .... | ၂၅ |
| ဓမ္မ၏သရုပ်သဘော | .... | ၂၅ |
| ဓမ္မအကျိုးကိုကြည့်နည်း | .... | ၂၆ |
| တရားတော် ၃-မျိုး | .... | ၂၇ |
| ဝိနည်းတရား၏ထူးခြားချက် | .... | ၂၈ |
| ဝိနည်းသည်သာသနာတော်၏အသက် | .... | ၂၈ |
| သုတ္တန်တရားတော် | .... | ၃၀ |
| သုတ္တန်၏အရသာ | .... | ၃၁ |
| ကာလာမသုတ်တော် | .... | ၃၂ |
| အဘိဓမ္မာတရားတော် | .... | ၃၄ |
| အဘိဓမ္မာ၏အရသာ | .... | ၃၅ |
| ပြန်၍အာရုံယူပါ | .... | ၃၆ |
| ၄။သံဃသုပ္ပဋိပတ္တိ | .... | ၃၈ |
| သံဃဟူသည် | .... | ၃၈ |
| ရှေးဦးသံဃာတော်များ | .... | ၃၈ |
| တာဝန်ပေါ့သောသာသနာ | .... | ၃၉ |
| ဒါယကာလည်းမမှဲ့နိုင် | .... | ၄၀ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အကောင်းဆုံးဒါနမှု | .... | ၄၁ |
| ကောင်းစွာကျင့်ခဲ့ကြခြင်း | .... | ၄၁ |
| ပရိယတ်သင်ယူပို့ချမှု | .... | ၄၂ |
| ပရိယတ်ကျယ်ပြန့်လာခြင်း | .... | ၄၃ |
| ပရိယတ်လည်းအကျင့်ဘက်ပါသင့် | .... | ၄၄ |
| ပရိယတ်သည်သာသနာ့အမြစ် | .... | ၄၄ |
| အရှင်ဥပါလိနှင့်ဝိနည်းပရိယတ် | .... | ၄၅ |
| အရှင်အာနန္ဒာနှင့်ပရိယတ် | .... | ၄၆ |
| သူပုန်ဘေးနှင့်သာသနာတော်အရေး | .... | ၄၇ |
| ပြန်၍အာရုံယူပါ | .... | ၄၈ |
| ၅။ သာသနာ့သမ္ဘဒါသွေး | .... | ၄၉ |
| သွေးကိုဥပစာတင်ခြင်း | .... | ၄၉ |
| အမြင့်တက်၍ကြည့်ပါ | .... | ၅၀ |
| အပြိုင်ကြိုးစားနေသောခေတ်သစ် | .... | ၅၀ |
| မှန်ကန်၍သတ္တိကောင်းသွေး | .... | ၅၁ |
| သတ္တိနှင့်သုတညီမျှသင့်ခြင်း | .... | ၅၂ |
| တိုင်းပြည်အကျိုးနှင့် သာသနာအကျိုး | .... | ၅၃ |
| စရိတ်နည်းပါး၍ အကျိုးများလှခြင်း | .... | ၅၄ |
| ယခုခေတ်နှင့် သာ၍သင့်လျော်ခြင်း | .... | ၅၄ |
| မထူထောင်လျှင် အပြစ်များ | .... | ၅၅ |
| ထင်းကလားတုံး မဖြစ်အောင် | .... | ၅၆ |
| ပူပြင်ကြပါစို့ | .... | ၅၇ |

## ခေါင်းစဉ် မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၆။ အနာဂတ် ပြုပြင်ရေး | .... | ၅၈ |
| ပြုပြင်ဘို့ရန် ဝန်မလေးသင့် | .... | ၅၈ |
| စာတတ်ပုဂ္ဂိုလ်များ ထွန်းကားရေး | .... | ၅၈ |
| သမာဓိလည်း ရဘို့လိုခြင်း | .... | ၅၉ |
| အနေအထိုင်စသည် ပြုပြင်သင့်ခြင်း | .... | ၆၀ |
| တိုင်းပြည်ကို ငဲ့ပါ | .... | ၆၁ |
| ဘာသာ သာသနာကို ငဲ့ပါ | .... | ၆၂ |
| ကိုယ့်ကိုယ်ကို ငဲ့ပါ | .... | ၆၂ |
| မြန်မာ့စာရိတ္တကို ထိန်းနိုင်ခြင်း | .... | ၆၃ |
| ကဿပမြတ်စွာ၏ နောက်ပိုင်းသာသနာ | .... | ၆၄ |
| မယုံလျှင်လည်း တမျိုးပြင်ပါ | .... | ၆၅ |
| လောကီရေးတွင် သာသနာရေး မဝင် | .... | ၆၅ |
| သာသနာကို အတွင်းကဖျက် | .... | ၆၆ |
| 'တာဝန်ရှိသူများ | .... | ၆၇ |
| ပြုပြင်ရမည့် စည်းကမ်း | .... | ၆၈ |
| ပြုပြင်ရမည့် ကာလ | .... | ၆၉ |
| နိဂုံးချုပ် | .... | ၆၉ |

## ၁။ အချီနိဒါန်း

### သာသနာတော်၏ပြည့်စုံခြင်း

**ဗုဒ္ဓဿုဗုဒ္ဓတာ. လောကေ,ဓမ္မဿ စ သုဓမ္မတာ၊**
**သံဃဿ သုပဋိပတ္တိ, ဧသာ သာသနသမ္ပဒါ။**

လောက၌ သတ္တဝါအများ၏ ချမ်းသာဘို့ရန် နည်းမှန်လမ်းပြ သြဝါဒပေးသူ၏ အဆုံးအမကို "သာသနာ" ဟု ခေါ်ရ၏၊ ထိုသာသနာသည် သာသနာ့အရှင် ဖြစ်သော ပုဂ္ဂိုလ်၏ သိဘွယ်မှန်သမျှ မကျန်ရအောင် လုံးဝကုန်စင် သိမြင်နိုင်ခြင်း, ဟောပြတော်မူအပ်သော တရားတော်၏ လိုက်နာကျင့်ကြံ သူတို့မှာ အကျိုးရ လောက်အောင် ကောင်းမွန်သောတရားတော်ဖြစ်ခြင်း, ထိုတရားတော်အတိုင်း ကျင့်ကြံ ကြံကြံ အားထုတ်ကြသော ပုဂ္ဂိုလ်အစုအဝေး (သံဃာ) များ ပေါ်ထွက်လာခြင်း, ဤလက္ခဏာ ၃-ဖြာ ဂုဏ်အင်္ဂါနှင့် ညီမှသာ ပြည့်စုံသော သာသနာ ဖြစ်နိုင်ပါသည်။

တပည့်တော်တို့၏ ဗုဒ္ဓမြတ်စွာ သာသနာတော်သည် ထိုဂုဏ်အင်္ဂါ ၃-ပါးနှင့် ပြည့်စုံသော သာသနာတော် ဖြစ်၍ ရှေးခေတ်၌ ပဏ္ဍိတ်ကြီးအများ ထွန်းကားပေါ်ထွက်ရာ သာဝတ္ထိ ရာဇဂြိုဟ်စသော တိုင်းကြီး ပြည်ကြီး နယ်အသီးအသီးဝယ် ကြီးကျယ်မြင့်မားသော နယ်ရှင် ပြည့်ရှင် တိုင်းကြီးရှင်နှင့် ပညာရှင်များကို အစထား၍

တိုင်းသူပြည်သား လူအများ၏ လေးစား အပ်သော အမြတ်ရတနာ သာသနာတော်ဟု အသိအမှတ်ပြုခြင်းကို ခံခဲ့ရပါသည်။

ထိုသို့ လူကြီးသူမ ပညာရှိဟူသမျှ၏ လေးစား လောက်သော သာသနာတော်ဖြစ်သည်အားလျော်စွာ ထိုအဆုံးအမ သာသနာတော်ကို အားရပါးရရှိလွန်းလှ သောကြောင့် အပြင်ကနေ၍ ကြည်ညိုရ ထောက်ပံ့ရ ရုံမျှဖြင့် အားမရဘဲ သာသနာ့အတွင်းသို့ မိမိကိုယ်တိုင် ဝင်၍ဖြစ်စေ, သားတော် သမီးတော်များကို သွင်း၍ ဖြစ်စေ တရားတော်ကို သင်ယူခြင်း, ကောင်းမွန်စွာ ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းအားဖြင့် သာသနာ့ ဝန်ကို အားသွန်ကြိုးပမ်း ထမ်းရွက်သော အမျိုးသမီး အမျိုးသား သံဃာတော်အများကြောင့် မြတ်ဘုရား သာသနာတော်သည် တနေ့တခြား ထင်ရှားတော်မူကာ ပြခဲ့သော လက္ခဏာဂုဏ်အင်္ဂါတို့နှင့် ကောင်းစွာကုံလုံ ပြည့်စုံခဲ့ပါသတည်း။....သာဓု-သာဓု-သာဓု။

## ၂။ ဗုဒ္ဓသုဗုဒ္ဓတာ

## (ဗုဒ္ဓအစစ် ဖြစ်တော်မူပုံ)

**ကြည်ညိုသူ ၄-မျိုး** လောကသ္ဌ သတ္တဝါအများ၏ လေးစားခြင်း ကြည်ညိုခြင်း အားကိုးခြင်း ခံရသူကို "ဗုဒ္ဓ(ဘုရား)"ဟူ၍ အသိအမှတ်ပြုကြရ၏၊ လေးစားကြည်ညိုရာ၌ ကြည်ညိုခံရခြင်း၏အကြောင်းမှာ ရုပ်အဆင်း၏သပ္ပါယ်ခြင်း, ဂုဏ်သတင်း၏ကျော်ကြားခြင်း, စားဝတ်နေမှု အသုံးအဆောင်စု၌ ခြိုးခြံခြင်း, သီလစသော ဂုဏ်ရှိခြင်းအားဖြင့် ၄-မျိုးရှိပါသည်၊ ထို ၄-မျိုးတွင် သီလစသောဂုဏ်ကို မကြည့်တတ်ဘဲ ရုပ်အဆင်း၏ လှပခြင်းကိုကြည့်၍ ကြည်ညိုသူသည် လူ့ လောကကြီးကို ၃-ပုံ ပုံလျှင် ၂-ပုံလောက်ရှိ၏၊ တရားရှိ,မရှိကို မစဉ်းစားတတ်ဘဲ နာမည်ကျော်ကြား ထင်ရှားမှုကို အကြောင်းပြု၍ ကြည်ညိုသူသည် ၅-ပုံ ပုံလျှင် ၄-ပုံလောက်ရှိ၏။

တရားရှိ,မရှိကို မစဉ်းစားတတ်ဘဲ ခေါင်းခေါင်းပါးပါး ခြိုးခြိုးခြံခြံ နေထိုင်မှုကို အကြောင်းပြု၍ ကြည်ညိုသူသည် ၁၀-ပုံ ပုံလျှင် ၉-ပုံလောက်ရှိ၏၊ သီလသမာဓိစသော ဂုဏ်အစစ်အမှန်ရှိမှ ကြည်ညိုသူကား လူပေါင်းတသိန်းလျှင် တယောက်မျှသာရှိ၏-ဟု ကျမ်းစာတို့၌ ခွဲခြားထားပါသည်၊ တပည့်တော်တို့၏ ဗုဒ္ဓမြတ်စွာသည် ထိုလေးမျိုးလေးစား လူအများ၏ စိတ်နှလုံးကို ယူကျုံး

ဆဲ့ငင် နိုင်လောက်အောင် ကြည်ညိုဘွယ် အားလုံးကို ဆောင်တော်မူနိုင်ပါသည်။ (၁)

**သေလပါမောက္ခ ကြည်ညိုပုံ**

အာဠဝကနိဂုံး၌ သေလ မည်သော ပြာဟ္မဏ ဆရာကြီးသည် သုံးရာသော တပည့်တို့အား ဝေဒကျမ်းစာများကို ပို့ချ၍နေစဉ် ဂေါတမဗုဒ္ဓသည် အာပဏနိဂုံးသို့ ကြွရောက်တော်မူလာကြောင်းကို ကြား၍ ဗုဒ္ဓအထံတော်သို့ တပည့်များနှင့်အတူ သွားပါသည်၊ အထံတော်သို့ရောက်သောအခါ ဗုဒ္ဓမြတ်စွာ၏ ရုပ်လက္ခဏာတော်များ၌ မျက်လုံးတော် မျက်ခုန်းတော် လျှာတော်မှစ၍ ဝေဒကျမ်းစာနှင့်အညီ-မညီကို စိစစ်လေရာ လက္ခဏာတော်အားလုံးပင် ဝေဒကျမ်းစာနှင့် ကိုက်ညီ၍ နေသောကြောင့် ဤရုပ်လက္ခဏာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်မှာ ဗုဒ္ဓဖြစ်ဘို့နှင့် စကြာမင်းဖြစ်ဘို့သာ ရှိရကားစကြာမင်း ဖြစ်ထိုက်ပါကြောင်း လျှောက်ထားလေသည်၊ ထို့ကြောင့် ရုပ်အဆင်းကို ကြည်ညိုသော လူအများသည် ဗုဒ္ဓမြတ်စွာကို မြင်ရုံမျှဖြင့် လေးစားကြည်ညိုကြရပါသည်။ (၂)

**ဂုဏ်တော်ကြား၍ ကြည်ညိုကြပုံ**

ယခုလောက၌ နာမည်ကြီးအောင် ကြံဆောင်နေသူတို့သည် နာမည် ကျော် ကြား ၍ ထင် ရှား သော ကြောင့် မိမိအထံသို့ ရောက်လာသူတို့တွင် စဉ်းစားဉာဏ်

(၁) ပုဂ္ဂလပညတ် ပါဠိတော် အဋ္ဌကထာ။
(၂) မဇ္ဈိမပဏ္ဏာသ-သေလသုတ်။

မရှိသူတို့၏ ကြည်ညိုမှုကို ခံကြရသော်လည်း ဂုဏ်က အစစ်အမှန်မဟုတ်သောကြောင့် စဉ်းစားဉာဏ်ရှိသူတို့၏ ရှုတ်ချမှုကိုလည်း ခံရတတ်ပါသေး၏၊ ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်သတင်းကား အစစ်အမှန်ဖြစ်သောကြောင့် အထံတော်သို့ ရောက်လာသူတိုင်း နဂိုရ်ကြားရတုန်းကထက် ပို၍ ကြည်ညိုကြရပါသည်၊ ဘုရားလက်ထက်တော်၌ သာဝတ္ထိမြို့ အနာထပိဏ်သူဌေးသည် ရာဇဂြိုဟ်သို့ ကုန်ရောင်းသွားစဉ် နေဝင်မိုးချုပ်မှ ဗုဒ္ဓဟူသောအကြောင်းကို ကြားရ၍ တညလုံး အိပ်မပျော်အောင် ဗုဒ္ဓအထံတော်သို့ သွားလိုသောဆန္ဒ ပြင်းပြလျက် ရှိပါသည်၊ ထို့နောက် ဗုဒ္ဓအထံတော်သို့ ရောက်သောအခါ ပဌမအကြိမ် တရားနာရရုံဖြင့် သောတာပန်ဖြစ်၍ နှစ်နှစ်ကာကာ ယုံကြည်သော ကျောင်းဒါယကာကြီး ဖြစ်ရပါသည်။ (၃)

**မဟာကပ္ပိန နှင့် ပုက္ကုသာတိမင်း**

မဟာကပ္ပိနမင်းသည် သာဝတ္ထိမှ လာသော ကုန်သည်တို့၏ အထံမှ ဗုဒ္ဓမြတ်စွာ၏ဂုဏ်သတင်းကို ကြားရုံမျှဖြင့် ကြည်ညိုလှ၍ အမတ်တထောင်နှင့်အတူ မြင်းကိုစီး၍ ဗုဒ္ဓရှိရာသို့ ထွက်လာခဲ့ကြလေရာ, ဗုဒ္ဓအထံတော်သို့ ရောက်သောအခါ တရားတော်ကို နာရ၍ အလွန်ရွှင်လန်းသဖြင့် ရဟန်းပြုကြလေသည်။ (၄)

---

(၃) စူဠဝဂ်-သေနာသနက္ခန္ဓကပါဠိတော်။
(၄) ဓမ္မပဒအဋ္ဌကထာ။

ပုက္ကုသာတိရှင်ဘုရင်ကား ဗိမ္ဗိသာရမင်း၏ အထံမှ ရတနာ ၃-ပါး၏ ဂုဏ်တော်များကို ကြားရ၍ မိမိကိုယ်တိုင် သက်နိုးဝတ်ပြီးလျှင် ငိုယိုတားဆီးကြသော တိုင်းသူပြည်သားတို့ကို ဖယ်ရှားလျက် တောထွက်ခဲ့ပေသည်၊ ဘုရားရှင်နှင့် တွေ့သောအခါ တရားတော်ကို နာရ၍ အနာဂါမ်တည်ပါသည်၊ ဤသို့လျှင် ဘုရားရှင်၏ သင်းပျံ့သော ဂုဏ်တော်ရနံ့သည် သတ္တဝါအများ၏ စိတ်နှလုံးကို ယူကျုံးဆွဲငင်နိုင်လောက်အောင် အင်အားကို ဆောင်တော်မူနိုင်ပါသည်။ (၅)

**ခြိုးခြံတော်မူခြင်း** ဗုဒ္ဓမြတ်စွာသည် လူ့ဘောင်၌ ထီးနန်းသုံးဆောင်ဝယ် စံတော် မူ၍ ကောင်းမြတ်သော အဝတ်တို့ကို ဝတ်ရုံသုံးစွဲကာ မွန်မြတ်သော အာဟာရတို့ကို စားသုံးလျက် မောင်းမမိဿံ အခြွေအရံတို့၏အလယ်၌ အတင့်တယ်ဆုံး စည်းစိမ်ရှင် ဖြစ်ခဲ့ပါသော်လည်း တောထွက်တော်မူသည်မှစ၍ စားဝတ်နေမှု ကိစ္စစုဝယ် တခုတလေမျှ လူ့ဘောင်နှင့် နှိုင်းယှဉ်၍မရအောင် ခြိုးခြံတော်မူပါသည်၊ ဘုရားဖြစ်ဘို့ရန် ဒုက္ကရအကျင့်ကိုကျင့်တော်မူချိန်၌ရင်း, ဘုရားဖြစ်တော်မူချိန်၌ရင်း, ဓမ္မစကြာတရားဦးကို ဟောတော်မူချိန်၌ရင်း, ပရိနိဗ္ဗာန်စံတော်မူချိန်၌ရင်း တောသစ်ပင်များ၏ အနီးအပါး၌သာ သီတင်းသုံးတော်မူပါသည်၊ များစွာသောကာလတို့၌ ကိုယ်တော်တိုင် ဆွမ်းခံတော်

---

(၅) ဥပရိပဏ္ဏာသ ဓာတုဝိဘင်္ဂသုတ်။

မူ၍ ခြိုးခြံစွာ ဘုဥ်းပေးတော်မူပါသည်၊ ဤသို့လျှင် ဘုရားရှင်၏ ခြိုးခြံစွာ ကျင့်တော်မူခြင်းသည် ခြိုးခြံမှု ကြည်ညိုနိုင်သော လူအများ၏ နှလုံးသားကို ထိနိုင်လောက်အောင် ဖြောင့်မှန်ခြင်းကို ဆောင်တော်မူပါသည်။ (၆)

**ဓမ္မကို ကြည်ညိုသူများ** "တရားရှိသူကိုမှကြည်ညိုတတ်သူကား လူပေါင်းတသိန်းဟွင် တယောက်မျှသာရှိနိုင်၏" ဟူသော ခန့်မှန်းချက်အတိုင်း ဓမ္မကိုကြည်ညိုသူတို့မှာ ထိပ်တန်းပညာရှိများသာ ဖြစ်ကြပေသည်၊ ထိုသူတို့သည် ရုပ်အဆင်း၏ သပ္ပါယ်ခြင်းကိုဂင်း, နာမည်ကျော်ကြား ထင်ရှားခြင်းကိုဂင်း ပဓာနဟု မယူဆကြ၊ ခြိုးခြိုးခြံခြံ ကျင့်ခြင်းကိုသော်လည်း စဉ်းစားစိစစ်လိုကြပေသေးသည်၊ ထို့ကြောင့် မိထိလာမြို့၌ နေသော အသက် တရာ့နှစ်ဆယ်ရှိ၍ အသက်အားဖြင့် အကြီးဆုံးဖြစ်သော စည်းစိမ်အားဖြင့် အကြွယ်ဝဆုံးလည်းဖြစ်သော ဝေဒကျမ်းအရာဝယ် အသာဆုံးလည်းဖြစ်သော ဗြဟ္မာယုပါမောက္ခကြီးသည် ဗုဒ္ဓမြတ်စွာ၏ ဂုဏ်သတင်းကို ကြားရသောအခါ မယုံကြည်သေးဘဲ မိမိလိုထင်ရှားသူက ကြားတိုင်းသွား၍မသင့်တော်သောကြောင့် တပည့်ကြီးဖြစ်သော ဥတ္တရလုလင်ကို ဘုရားရှင်အထံသို့ စုံစမ်းဘို့ရန် စေလွှတ်ပါသည်။

---

(၆) ထိုထိုပါဠိတော် အဋ္ဌကထာ။

**ဥတ္တရလုလင် စုံစမ်းပုံ**

ဥတ္တရလုလင်သည် ဘုရားအယံတော်သို့ ရောက်သောအခါ ရှေးဦးစွာ ဝေဒကျမ်း၌ ပါသော ယောကျ်ားမြတ်လက္ခဏာအပြည့်အစုံ ရှိ-မရှိကို စုံစမ်း၍ လက္ခဏာများပြည့်စုံကြောင်းကို သိသောအခါ သွားပုံ လာပုံ နေပုံ ထိုင်ပုံ စားပုံ သောက်ပုံ အလုံးစုံကိုရင်း ဒါယကာ ဒါယိကာမတို့အား ပြောပုံ ဟောပုံကိုရင်း စုံစမ်း၍ နေသည်မှာ ခုနစ်လကြာလေသည်။ ထိုသို့ ကျေနပ်လောက်အောင် စုံစမ်းပြီး၍ ပါမောက္ခကြီး အထံသို့ ပြန်ရောက်သောအခါ မိမိမြင်ခဲ့ကြားခဲ့ရသမျှ အလုံးစုံကို အသံတော်၏ သာယာပုံ ပြတ်သားပုံ သန့်ရှင်းပုံပါမကျန် အမှန်အတိုင်း ပြန်ပြောပြီးလျှင် "ဂေါတမ ဗုဒ္ဓအရှင်သည် ဤဂုဏ်များထက်ပင် သာလွန် ပါသေး၏"ဟု ပြော၍ ဆုံးသောအခါ ဗြဟ္မာယုပါမောက္ခကြီးသည် ဘုရားရှိရာဘက်သို့ လက်အုပ်ချီပြီးလျှင်....

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"ဟု ၃-ကြိမ် ဥဒါန်းကျူးပါလေသည်။ ထို့နောက် ဖူးတွေ့ရလျှင် ကောင်းမှာဘဲ, တရားစကားဆွေးနွေး မေးမြန်းရလျှင် ကောင်းမှာဘဲဟု ပြောဆိုလေသည် ဤသို့လျှင် ဗုဒ္ဓမြတ်စွာသည် တရားရှိမှုကြည်ညိုနိုင်ကြသည့် အထက်တန်း ပညာရှိများ၏ စိတ်နှလုံးကို ယူကျုံးနိုင်လောက်အောင် သီလစသော တရားတော်ဂုဏ် ပြည့်စုံတော်မူပါသည်။ (၇)

---

(၇) မဇ္ဈိမပဏ္ဏာသ-ဗြဟ္မာယုသုတ်။

**ယောကျ်ားမြတ် အာဇာနည်**

ဗုဒ္ဓမြတ်စွာသည် ၄-မျိုး ၄-စား လူ အ များ ၏ အကြည်ညိုခံရ လောက် အောင် ကြက် သ ရေ ကို ဆောင်တော်မူရာ၌ ကြည်ညိုဘွယ် ကောင်းရုံသာမက အားရဘွယ်လည်း ကောင်းလှပါပေသည်။ ရှင်ဒေဝဒတ် ၏ ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်တုံးဖြင့် လှိမ့်ချ၍ ဗုဒ္ဓ ရှင်တော်မြတ်ကို သတ်ဖြတ်ဘို့ ကြံစည်ရာ၌ ကျလာ သော ကျောက်တုံးကို အခြားကျောက်တုံးကခံနေသ ဖြင့် ထိုကျောက်တုံးမှကွာ၍ ကျလာသောကျောက်လှုပ် ကလေးသည် ဘုရားရှင်၏ခြေတော်ဖျားကို ခတ်မိသော ကြောင့် အလွန်ပြင်းပြသော ဒဏ်ကိုခံတော်မူရပါသည်၊ ထိုသို့ ပြင်းပြသောဒဏ်ကို ခံတော်မူ၍ မဒ္ဒကုစ္ဆိဥယျာဉ် ၌ သီတင်းသုံးတော်မူစဉ်အခါ သန်းခေါင် အချိန်ဝယ် နတ်အများရောက်လာ၍ ဘုရားရှင်ကို ဖူးမြင်ကြလေရာ မခံသာသော အမူအရာ နွမ်းနယ်သော လက္ခဏာကို မတွေ့ကြရဘဲ ညောင်စောင်းပေါ်တွင် ရွှေရုပ်တုတော် ကို တင်ထားသကဲ့သို့ ရွှင်ပျသော မျက်နှာတော်ကို ဖူးမြင်ကြရလေသော်....

"အာဇာနေယော ဝတ ဘော သမဏော ဂေါတမော = ရဟန်း ဂေါတမသည် တကဲ့ အာဇာနည် ယောကျ်ားပါတကား၊ အာဇာနည် ယောကျ်ားဖြစ်သောကြောင့်သာ ဤမျှလောက် ပြင်းပြသော ဝေဒနာကို ဣန္ဒြေမပျက် ခံနိုင်ပါ

ပေသည်”။ ဤသို့ စသည်ဖြင့် အသီးအသီး ခြီးကျူးကြရပါသည်။ (၇)

**အရဟံဂုဏ်တော်** သတ္တဝါတို့၏ စိတ်အစဉ်သည် စိတ်ကောင်း နှလုံးကောင်း ဖြစ်ပေါ်နေခိုက်၌သာ အထိုက်အလိုက် ကြည်လင်သည်ဟု ဆိုရပါသော်လည်း ပင်ကိုယ်သဘောအားဖြင့်ကား ရာဂ, ဒေါသ, မောဟစသော ကိလေသာ အနောက်အကျုတွေ ခတ်ခံပါနေသောကြောင့် ကြည်ကြည်လင်လင် မရှိကြပါ၊ ဗုဒ္ဓမြတ်စွာ၏ စိတ်တော် အစဉ်၌ကား ထိုကိလေသာအနောက်အကျုတွေ ကင်းစင်၍နေပါသည်၊ ထိုသို့ ကင်းစင်ရာဝယ် အခြားရဟန္တာ အရှင်မြတ်တို့၌ ကိလေသာကုန်ခန်း၍ ရဟန္တာဖြစ်စေကာမူ နဂိုရ်ကပါလာသော ကိလေသာ၏ အထုံဝါသနာ သတ္တိကလေးများ ကျန်ရစ်သေး၏၊ ဘုရားရှင်၌ကား ထိုသတ္တိကလေးမျှ မကျန်ရစ်တော့ဘဲ အလုံးစုံ ကင်းစင်သွားပါသည်၊ ထိုမျှလောက် ကိလေသာ ကင်းစင်ခြင်းကို အကြောင်းပြု၍ “အရဟံဂုဏ်တော်နှင့် ပြည့်စုံတော်မူသောမြတ်စွာဘုရား”ဟု ထင်ရှားတော်မူပါသည်။ (၉)

**သမ္မာသမ္ဗုဒ္ဓဂုဏ်တော်** ကြည်လင်သော မှန်အပြင်ဝယ် အရိပ်ကောင်းကောင်း ထင်နိုင်သကဲ့သို့, ကြည်လင်သောစိတ်အစဉ်ဝယ် အသိ

---

(၇) ဒေဝတာသံယုတ်-သကလိကသုတ်။
(၉) အရဟံဂုဏ်တော်အဖွင့် အဋ္ဌကထာများ။

ဉာဏ်လည်း ကြည်လင်စွာ ထင်ပေါ်၍နေရကား ကြံသမျှ စည်သမျှ အကြံအစည်အားလုံးသည် ရှင်းလင်း မှန်ကန်စွာ ပေါ်ထင်၍ လာကြရပါသည်၊ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ အထူးကြည်လင်သော စိတ်တော်အစဉ်ဝယ် အလွန် သန့်စင်သော သီလတော်, သမာဓိတော်နှင့် သဗ္ဗညုတဉာဏ် ပညာတော်သည် အကြောင်းအားလျော်စွာ ထင်ပေါ်၍ လာနိုင်ပါသည်၊ ထိုသဗ္ဗညုတဉာဏ်ပညာတော်ဖြင့် သိရန် အားလုံးကို သိမ်းကျုံးကုန်စင် ကိုယ်တော်တိုင်သိမြင်တော်မူနိုင်ခြင်းကို အကြောင်းပြု၍ "သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား"ဟု ထင်ရှားတော်မူပါသည်။ (၁၀)

**သဗ္ဗညုတဉာဏ်တော်၏ အစွမ်းသုံးပါး**

အလုံးစုံကို အကုန်အစင် သိမြင်တော် မူသောကြောင့် ဗုဒ္ဓမြတ်စွာ၏ ဉာဏ်တော်ကို သဗ္ဗညုတဉာဏ်တော်ဟု ခေါ်ရပါသည်၊ ထိုဉာဏ်တော်၌ အစွမ်း ၃-ပါးသည် ထူးခြားစွာပါရှိ၏၊ (၁)သိရန်မှန်သမျှကို မကျန်ရအောင် အကုန်အစင် သိမြင်တော်မူနိုင်သောအစွမ်း, (၂) သိအပ်ပြီးသော တရားတိုင်း၌ "ဤသို့လည်းဟော၍ ဖြစ်၏, ဤနည်းလည်း ဟော၍ဖြစ်၏"ဟု ဟောထိုက်သောအပြားကို ခွဲခြား၍ သိတော်မူနိုင်သောအစွမ်း, (၃) တရားနာမည့် ဝေနေယျတို့၏ အလိုဆန္ဒကို သိတော်မူသောအစွမ်း, ဤသို့

(၁၀) သမ္မာသမ္ဗုဒ္ဓအဖွင့်အဋ္ဌကထာများ။

2

အစွမ်း ၃-ပါးနှင့် ပြည့်စုံသော ဉာဏ်တော်ကြီးကြောင့် တရားဟောပြ၍ ဆုံးမထိုက်သော သတ္တဝါကို မြင်တော်မူလျှင် ထိုသူ၏သဒ္ဓါတရား အနုအရင့်, ဉာဏ်ပညာအနုအရင့်, ရာဂ, ဒေါသ, မောဟ-စသော ကိလေသာမှုန်မှုန်တို့၏ အနည်းအများကို နှိုင်းချင့်တော်မူကာ သင့်တော်သော တရားဒေသနာကိုသာ ဆင်ပြင်၍ ဟောပြတော်မူပါသည်၊ ထိုသို့ဟောပြတော်မူသောကြောင့်ပင် တချို့မှာ ဗုဒ္ဓဘာသာကို သက်ဝင်ကြည်ညိုကြ၍ တချို့ကား ရဟန်းပြုကြ,တချို့ကား သောတာပန် စသည်ဖြစ်၍ ထိုက်တန်သောအကျိုးထူးကို ရကြပေသည်။ (၁၁)

**အဆင့်ဆင့် ဆည်းပူးခဲ့ရပုံ** ဗုဒ္ဓမြတ်စွာသည် ဤမျှလောက် ကြီးမားသောဉာဏ်တော်ကို ကဘာဝတည်းအားထုတ်ပြုကျင့်ရုံမျှဖြင့် ရနိုင်သည်မဟုတ်ပါ၊ မိမိလိုအပ်သော အရာဝတ္ထုကို မလိုရာဘက်သို့ မသွားရအောင် ဆည်းရ တားရ သကဲ့သို့ အကြောင်းဖြစ်သော ဒါန, သီလ စသော ပါရမီတော်ကို ပြုစဉ်အခါ၌ ဂုဏ်ပကာသနနှင့် စည်းစိမ်တောင့်တမှုဘက်သို့ မသွားစေဘဲ ပညာဘက်သို့သာ သွားအောင် ဆည်းရ၏၊ မိမိလိုရာဘက်သို့ ရောက်လာသောအရာဝတ္ထုကို နဂိုရ်ရှိပြီးဝတ္ထုနှင့် ပူးရ ပေါင်းရ သကဲ့သို့ ပညာဘက်သို့ ရောက်လာသော ဒါန, သီလ စသည်ကိုလည်း နဂိုရ်ရှိပြီး ပညာနှင့် ပူးပေါင်းရ၏၊

---

(၁၁) အဋ္ဌသာလိနီအဋ္ဌကထာနှင့် မူလဋီကာ။

ဤကဲ့သို့ ဆည်းခဲ့ရ ပူးခဲ့ရ ဆည်းပူးခဲ့ရသော ဘဝတွေမှာ ကမ္ဘာကမ္ဘာ ရေတွက်၍မရလောက်အောင် မြားမြောင် လှစွာ အသင်္ချေအသင်္ချေပင် ကြာခဲ့ပါသည်၊ ဤနည်းအားဖြင့် ဒါနပါရမီတပါးရလျှင် ဉာဏ်ပညာကြီးမားဘို့, သီလပါရမီတပါးရလျှင် ဉာဏ်ပညာကြီးမားဘို့, နေက္ခမ္မပါရမီတပါးရလျှင် ဉာဏ်ပညာ ကြီးမားဘို့ဟု ပါရမီဆယ်ပါးလုံး၏ အကျိုးရမှာ ဉာဏ်ပညာဘို့ချည်းသာ ဖြစ်ခဲ့ပါသည်၊ ဉာဏ်ပညာကြီးမားမှုကို လိုလားတော်မူခြင်းမှာလည်း သတ္တဝါတို့အား အမှန်တရားကို ဟောပြဘို့ရန် ကရုဏာအရင်းခံလျက်ရှိသောကြောင့် နောက်ဆုံးဘဝ၌ ကရုဏာတော် အကြီးကျယ်ဆုံးနှင့် ဉာဏ်ပညာတော် အကြီးမားဆုံးဖြစ်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တဆူ ဖြစ်တော်မူရပါသည်။ (၁၂)

**အာဝေဏိက ဂုဏ်တော်တချို့**

အခြား အခြားသော ပညာရှိသူတော်ကောင်းများ၌ မရထိုက်ဘဲ ဘုရားရှင်၌သာ ရထိုက်သော ဂုဏ်တော်တချို့ကို "အာဝေဏိကဂုဏ်တော်"ဟု ခေါ်ပါသည်၊ ထိုဂုဏ်တော်များကို "တဆဲ့ရှစ်ပါး" ဟု သတ်မှတ်ထားကြပါသည်၊ ထိုတဆဲ့ရှစ်ပါးတွင်ကောင်းသောအလုပ်, သတ္တဝါတို့အား ကောင်းကျိုးများမည့် အလုပ်တို့၌ ပြုလုပ်လိုသောဆန္ဒတော်၏ မယုတ်လျော့ဘဲ အမြဲအားဖြင့် ပြင်းပြလျက်ရှိခြင်း, ဝီရိယတော်, တရား

---

(၁၂) ထိုထိုပါဠိတော်နှင့်အဋ္ဌကထာများ။

ဒေသနာတော်၊ သမာဓိတော်၊ ပညာတော်၏ ယုတ်လျော့မသွားဘဲ အမြဲအားဖြင့် တိုးတက်လျက်ရှိခြင်းသည် ဘုရားရှင်၌သာ ဖြစ်နိုင်သော အာဝေနိကဂုဏ်တော်များ ဖြစ်ကြပါသည်၊ [အခြားပညာရှိတို့မှာ အသက်ကြီးလာလျှင် ဝီရိယလျော့ခြင်း တရားဒေသနာလျော့ခြင်း သမာဓိလျော့ခြင်း ပညာထုံထိုင်းလာခြင်းအားဖြင့် လျော့မှုရှိတတ်ကြပါသည်။]

ထို့ပြင်-ဘုရားရှင်၏ ကိုယ်မှု နှုတ်မှု စိတ်မှု ဟူသမျှ၌ ပျော်သည့်အတွက် ပြုခြင်း, မဆင်မခြင်အလျင်တဆော ပြုခြင်း, ဉာဏ်မပါဘဲ ပြုခြင်း, ပျာယီပျာယာဖြစ်ခြင်း, အကျိုးမရှိအချည်းနှီးဖြစ်သောပြုခြင်း, မသိသောအားဖြင့် လျစ်လျူရှုထားခြင်းဟူ၍ တခုတလေမျှ မရှိပါ၊ ကိုယ်မှု နှုတ်မှု စိတ်မှု ဟူသမျှ၌ ဉာဏ်ဖြင့် ဆင်ခြင်ကာ သမာဓိ ကြီးမားစွာဖြင့် အကျိုးရှိသော အလုပ်ကိုသာ ပြုလုပ်တော်မူပါသည်၊ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် ခြေလှမ်းတော်မူသော အခါ၌ပင် အမြဲအားဖြင့် လကျ်ာခြေတော်ကိုသာ ရှေးဦးစွာ ကြွလှမ်းတော်မူပါသည်၊ ကြွလှမ်းပြီးလျှင် ပဌမခြေတော်၏မနီးလွန်း မဝေးလွန်းသော အရပ်၌ ထိုခြေတော်ကို မြေ၌အညီ ထိအောင်ချတော်မူပါသည်၊ ကြွလှမ်းတော်မူပုံမှာ မြန်လည်းမမြန်ပါ နှေးလည်းမနှေးပါ၊ ဆင်မင်း၏ခြေလှမ်းပုံကဲ့သို့ ညင်ညင် သာသာ ရှိသည့်ပြင် ကေသရရာဇာ ခြင်္သေ့မင်း၏ တင့်တယ်ခြင်းကဲ့သို့ အလွန်တင့်တယ်ပါသည်။ (၁၃,၁၄)

(၁၃) ဝိဘင်းမူလဋီကာ။
(၁၄) မဇ္ဈိမပံ-သေလသုတ်အဋ္ဌကထာ။

**ခန္တီတရား ကြီးမားတော်မူခြင်း**

ဗုဒ္ဓမြတ်စွာသည် ကိုယ်တော်အား ဉာဏ်တော်အား အခြွေအရံအား တို့ဖြင့် အလွန်ကြီးမားသော အင်အား ရှိပါသော်လည်း မည်သည့် အခါမျှ ထိုအားတို့ကို အားကိုးတော်မမူဘဲ သည်းခံခြင်းအားကိုသာအမြဲအားကိုးတော်မူပါသည်၊ ကောသမ္ဗီမြို့ ဥတေနမင်း၏မိဖုရား ၃-ယောက်တွင် တယောက်အပါအဝင်ဖြစ်သော မာဂဏ္ဍီမိဖုရားသည် ဗုဒ္ဓမြတ်စွာအပေါ်၌ ရန်ငြိုး ထားခဲ့သောကြောင့် ကောသမ္ဗီမြို့သို့ ဘုရားရှင် ရောက်တော်မူလာသောအခါ ဆွမ်းခံဝင်တော်မူလာသော ဘုရားရှင်အား နောက်ကလိုက်၍ ဆဲကြဲဘို့ရန် မိစ္ဆာအယူ ရှိသူ လူဆိုးများကိုစေခိုင်းလေသည်၊ ထိုလူဆိုးတို့သည် ဘုရားရှင်၏နောက်သို့လိုက်၍ အမျိုးမျိုး ဆဲကြဲလေသော်....အရှင်အာနန္ဒာသည်အခြားမြို့သို့ကြွဘို့ရန်လျှောက်လေသည်။ ထိုအခါ-အာနန္ဒာ သွားရာအရပ်သို့ လိုက်၍ဆဲကြဲလျှင် ဘယ်မှာ သွားစရာရှိတော့မည်နည်း၊ စစ်မြေပြင်သို့ ဝင်သောဆင်ပြောင်ကြီးသည် ပစ်သမျှမြားဒဏ်ကိုအနာခံ၍ ရှေ့သို့သာ တိုးတက်သကဲ့သို့ ငါဘုရားလည်း ပြောဆိုဆဲရေးသမျှဒဏ်ကို သည်းခံတော်မူကာ သွားမြဲလမ်းကိုသာ ကြွတော်မူမည်-ဟု မိန့်တော်မူပါသည်။ (၁၅)

**မေတ္တာတရား ကြီးမားတော်မူခြင်း**

လူတယောက်အပေါ်၌ဖြစ်စေ အများအပေါ်၌ဖြစ်စေ ဒေါသမာန်မာနစသော အပူတရားတွေ ဖြစ်

---

(၁၅) ဓမ္မပဒပါဠိတော်အဋ္ဌကထာ။

နေလျှင် ထိုသူ့စိတ်ဓာတ်ဝယ် စိုစိုဖတ်ဖတ် စေးကပ်ခြင်းမရှိဘဲ ခြောက်ကပ်ကပ် ဖြစ်နေတော့၏၊ မေတ္တာတရားကား မိခင်က သားကလေးအပေါ်၌ ထားသောတရားတမျိုးဖြစ်ရကား ဒေါသမာနစသောအပူဓာတ်ကို ပယ်ရှား၍ သူတပါးအပေါ်၌ စိုစိုဖတ်ဖတ်စေးကပ်လျက်ရှိ၏၊ တွေ့ရမြင်ရသောအခါ ကြည်လင်ရွှင်ပျ၍သူတပါး၏အကျိုးကို သည်ပိုးရွက်ဆောင်လိုသော သူတပါးကို ချမ်းသာစေလိုသော သဘောတရားဖြစ်၏။

ဗုဒ္ဓမြတ်စွာသည် ဘုရားဖြစ်ဘို့ရန် ကြံတော်မူစဉ်တုန်းကပင် "ဗုဒ္ဓေါ ဗောဓေယျံ-ငါကိုယ်တိုင်သိသောအခါ သတ္တဝါ အများကိုလည်း သိစေမည်" ဟု မိဋ္ဌာန်တော်မူခဲ့သည့်အားလျော်စွာ ဗုဒ္ဓဖြစ်တော်မူသည်မှစ၍ သတ္တဝါအများကို တရားသိစေတော် မူလိုသော ဆန္ဒတော်နှင့် ဒုက္ခမှ လွတ်မြောက်၍ ချမ်းသာ သုခသို့ ရောက်စေတော်မူလိုသော မေတ္တာတော်သည် လွန်စွာကြီးမားတော် မူပေသည်၊ ထို့ကြောင့် တရားဟောပြဆုံးမထိုက်သော ဝေနေယျသတ္တဝါအများကို နံနက်စောစောတကြိမ်, နေ့တကြိမ်အားဖြင့် တနေ့လျှင် ၂-ကြိမ်မျှ ဉာဏ်တော်ဖြန့်၍ ကြည့်ရှုတော်မူပါသည်၊ ထိုသို့ကြည့်၍ မြင်တော်မူသောအခါ ဆုံးမထိုက်သော သတ္တဝါသည် အလွန်ဝေးကွာသောအရပ်၌ တည်နေခိုက်ဖြစ်လျှင် ထိုအရပ်သို့ ကြွတော်မူ၍ တရားဟောပြ ဆုံးမတော်မူလေ့ရှိပါသည်။ (၁၆)

---

(၁၆) ထိုထိုအဋ္ဌကထာများ။

**တိတ္ထိတို့အား လိုက်လျောတော်မူပုံ**

ဗုဒ္ဓမြတ်စွာ၏ မေတ္တာတော်သည် အဃူဝါဒအားဖြင့် ဆန့်ကျင်ဘက် ဖြစ်နေကြသော တိတ္ထိပရိဗိုဇ်တို့ အပေါ်၌သော်မှလည်း ပျံ့နှံ့တော်မူ၏၊ ထို့ကြောင့် တိတ္ထိပရိဗိုဇ်တို့၏ ကျောင်းတိုက်သို့ တခါတခါကြွတော်မူ၍တိတ္ထိတို့သည်လည်း ဘုရားရှင်ကြွလာခြင်းကို လွန်စွာ လိုလားကြ၏၊ အခါတပါး၌ ဘုရားရှင်သည် သာဝတ္ထိမြို့သို့ ဆွမ်းခံဝင်ဘို့ရန် ကြိုတင်၍ ကြွတော်မူကာ ပေါဋ္ဌပါဒ ပရိဗိုဇ်၏ ကျောင်းတိုက်အနီးသို့ ရောက်တော်မူပါသည်၊ ထိုအချိန်၌ ထိုဆရာကြီး၏ တပည့်ကြီးငယ်တို့သည် မင်းစိုးရာဇာအကြောင်း စစ်သည်ဗိုလ်ပါအကြောင်း ဒါးမြသူပုန်အကြောင်းမှစ၍ စကားမျိုးစုံကို သူတမျိုး ငါတဖုံ ပြောသံ ဆိုသံတို့ဖြင့် ဆူညံ၍ နေပါသည်၊ ထို့ကြောင့် ဆရာပရိဗိုဇ်သည် မိမိတပည့်တို့အား "အရှင်ဂေါတမ ကြွလာသည်, တိတ်တိတ်နေကြပါ၊ အရှင်ဂေါတမသည် တိတ်ဆိတ်ခြင်းကို လိုလားပါသည်၊ တိတ်ဆိတ်သောနေရာကိုမြင်လျှင် ငါတို့အထံသို့ ဝင်ချင်ဝင်လာပါလိမ့်မည်" ဟု ပြောလေသည်၊ ဘုရားရှင်လည်း ဝင်တော်မူကာ ဆရာကြီးမေးသမျှကို ဖြေဆိုတော်မူပါသည်၊ဤသို့လိုက်လိုက်လျောလျောရှိတော်မူသောကြောင့် ဘုရားရှင်ကို တိတ္ထိပရိဗိုဇ်အများလည်း လေးစားကြည်ညိုကာ တချို့မှာ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်သို့ ဝင်ရောက်လာကြပါသည်။ (၁၇)

---

(၁၇) သီလက္ခန်-ပေါဋ္ဌပါဒသုတ်စသည်။

**ကရုဏာတရား ကြီးမားတော်မူခြင်း**

သတ္တဝါအများ၏ ချမ်းသာခြင်းကို လိုလားသော မေတ္တာဓာတ်၏ အမြဲ ကိန်းဝပ်တော်မူရာ ဗုဒ္ဓမြတ်စွာ၌ ဆင်းရဲဒုက္ခသို့ ရောက်နေရသော သတ္တဝါကို မြင်တော်မူသောအခါ ထိုဒုက္ခမှ ကယ်တင်လိုသော မဟာကရုဏာတော်သည် အလိုလိုဖြစ်ပေါ်၍ လာပါသည်။

အခါတပါး၌ အရှင်အာနန္ဒာနှင့် အတူ ကျောင်းစဉ် လှည့်လည် တော်မူရာ ဝမ်းပျက်ရောဂါကြောင့် မိမိ၏ ကျင်ကြီးကျင်ငယ်ကိုမျှ မသုတ်သင်နိုင်အောင် ပေနေသော ရဟန်းတပါးကို မြင်တော်မူရ၏၊ ထိုရဟန်းသည် ပင်ကိုယ်က သူတပါးကိစ္စကို ရွက်ဆောင်ဘော်မရသောကြောင့် သူ့ကိစ္စကြုံသောအခါ ပြုစုမည့်သူမရှိဘဲဖြစ်နေ၏၊ ဘုရားရှင်သည် ထိုရဟန်းကိုမြင်တော်မူသောအခါ အရှင်အာနန္ဒာကို ရေခပ်ခိုင်းတော်မူကာ ကိုယ်တော်တိုင် ရေလောင်းပေးတော်မူပြီးလျှင် သန့်စင်ပြီးသော ထိုရဟန်းကို ဦးခေါင်းဘက်၌ ဗုဒ္ဓမြတ်စွာက ကိုင်တော်မူ၍ ခြေရင်းဘက်၌ အရှင်အာနန္ဒာကို ကိုင်စေတော်မူကာ ညောင်စောင်းပေါ်သို့ သာသာယာယာ တင်ပေးတော်မူပါသည်၊ ထို့နောက် ထိုရဟန်းကို ပြုစုဘော်မရသော ရဟန်းတို့အား ''သင်တို့မှာ ပြုစုမည့် မိဘများ ရှိကြသည် မဟုတ်၊အချင်းချင်းမှ မပြုစုလျှင် ဘယ်သူလာ၍ ပြုစုမည်လဲ၊ ထို့ကြောင့် ဆရာဥပဇ္ဈာယ်တပည့်တပန်း ရဟန်းသံဃာအချင်းချင်း ပြုစု

ကြရမည်၊ မပြုစုလျှင် မကောင်းမှု ဒုက္ကဋ်အာပတ် ’ဟု ပညတ်တော်မူကာ, ပြုစုရ၍ လွယ်သော ဂိလာန, ပြုစုရ၍ မလွယ်သော ဂိလာနအကြောင်းကိုပါ စုပေါင်း၍ မိန့်တော်မူပါသည်။ (၁၈)

**စည်းစိမ်ရှင်ကိုလည်း သနားတော်မူခြင်း**

ဗုဒ္ဓမြတ်စွာ၏ ကြီးမားလှသော မဟာကရုဏာတော်သည် ဆင်းရဲနေသူကို မြင်ရသော အခါ၌သာ ဖြစ်တော်မူသည် မဟုတ်သေး၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနှင့် စည်းစိမ်ချမ်းသာ ခံစားနေသူကို မြင်ရသော အခါ၌လည်း ဖြစ်တော်မူသေး၏၊ ထိုစည်းစိမ်ရှင်သည် ယခုဘဝ၌ ချမ်းသာနေသော်လည်း ပေါ့ပေါ့ဆဆ နေမှုကြောင့် နောက်နောက်ဘဝ အဆက်ဆက်၌ ဆင်းရဲဒုက္ခရောက်ရမည့် အရေးကို မြင်တော်မူရကား တပျော်တပါးနှင့် လမ်းအမှားကြီးကို သွားနေသူ အသွင် မြင်တော်မူကာ လွန်စွာကရုဏာဖြစ်တော်မူပါသည်၊ ထိုစည်းစိမ်ရှင်သည် ယခုဘဝ၌ပင် နေ့စဉ် နေ့စဉ် တရွေ့တရွေ့နှင့် မရဏာဘက်သို့ ဇရာက ပို့ဆောင်နေသည်ကို မမြင်ရှာခြင်း, တကယ့် အိုဘေး နာဘေး သေဘေးကြုံလာလျှင် မှီခိုစရာ အားထားစရာ ပုန်းကွယ်စရာ မရှိခြင်း, မိမိစည်းစိမ်ကို မိမိအပိုင်ဟု ထင်နေသော်လည်း သေဘေးကြုံသောအခါ တပြားတချပ်မျှ ယူ၍ မသွားနိုင်ရှာခြင်း, မသေမီအတွင်း ကာလကလေး၌ တဏှာစေခိုင်းသမျှ ရှာဘွေနေရသဖြင့် တဏှာ၏ ကျွန်ဖြစ်နေရရှာခြင်း စသည်ကို တွေးတောတော်

(၁၈) ဝိနည်းမဟာဝါ စီဝရက္ခန္ဓကပါဠိတော်။

မူကာ မဟာကရုဏာ ကြီးမားစွာ ဖြစ်တော် မူပါသည်။ (၁၉)

**အလုပ်များတော်မူပုံ** ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့ အပေါ်၌ သနားကျင်နာ ကရုဏာတော်ကြီးမား လှသောကြောင့် သတ္တဝါတို့အကျိုးငှါ အမြဲအားဖြင့် အလုပ်များတော်မူပါသည်၊ အရုဏ် မတက်မီ နံနက်စောစော၌ မဟာကရုဏာသမာပတ်တော်ကို ဝင်စား၍ တရားဟောပြ ဆုံးမထိုက်သော သတ္တဝါများကို ကြည့်တော်မူရ၏၊ ထိုသို့ကြည့်၍ မြင်တော်မူလျှင် အချိန်အားလျော်စွာ ဆွမ်းခံကြွတော်မူရင်းလည်း ဟောပြောညွှန်ပြတော်မူ၏။

အခါတပါး၌ ဆွမ်းခံကြွတော်မူစဉ် မြွေကို ရိုက်ပုတ်နေကြသော ကလေးများကို မြင်တော်မူ၍ "မိမိ၏ ချမ်းသာကို သတ္တဝါတိုင်း လိုချင်ကြ၏၊ ထို့ကြောင့် မိမိ ချမ်းသာရေးအတွက် သူတပါးကို မညှဉ်းဆဲကြနှင့်၊ သူတပါးကို ညှဉ်းဆဲသူဟာ နောက်ဘဝ၌ ချမ်းသာကို မရနိုင်" ဟု ကလေးများနှင့် ထိုက်တန်သော ဩဝါဒကို ပေးတော်မူပါသည်၊ ဆွမ်းခံပြန်တော်မူလာသောအခါ ခြေဆေးခုံတော်၌ ထိုင်တော်မူ၍ ခြေဆေးတော်မူရင်းလည်း ရဟန်းများအား မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေကြဘို့နှင့်, လူ့ဘဝစသည်တို့၏ ရခဲပုံကိုလည်း ဟောတော်မူ၏၊ ထို့နောက် ရဟန်းတို့အား ကမ္မဋ္ဌာန်း ပေးတော်မူပြီးလျှင် ခေတ္တမျှ တပါးတည်း ကိန်းအောင်း

---

(၁၉) ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

တော်မူ၏၊ ခေတ္တမျှ ကိန်းအောင်းပြီးသောအခါ ညနေချမ်း၌ တရားဟောပြဆုံးမသင့်သောသတ္တဝါတို့ကိုကြည့်ရှုတော်မူ၍ ရောက်လာသော ပရိသတ်အား တရားဟောတော်မူ၏၊ တရားနာသူတို့ပြန်သွား၍ ရေသုံးသပ်တော်မူပြီးလျှင် ခေတ္တမျှနားနေရာတွင် နေဝင်ချိန်ရောက်၍ အထံတော်သို့ ရောက်လာသော ရဟန်းတော်တို့အား ကမ္မဋ္ဌာန်းပေးရ, ပုစ္ဆာဖြေရ, တရားဟောတော်မူရခြင်းအားဖြင့် ညဉ့်ဦးယာမ်ကာလကို ကုန်စေတော်မူရ၏၊ ထို့နောက် ရောက်လာသော နတ်ဗြဟ္မာတို့အား တရားဟောရ, ပုစ္ဆာဖြေရခြင်းအားဖြင့် သန်းခေါင်ယာမ်ကာလကို ကုန်လွန်စေတော်မူရ၏။

မိုးသောက်ယာမ် ကာလကို ၃-ပိုင်းပိုင်း၍ ပဌမအပိုင်း၌ စင်္ကြံကြွတော်မူ၏၊ အလယ်ပိုင်း၌ ခေတ္တမျှကျိန်းစက်တော်မူ၏၊ တတိယအပိုင်း၌ ခတ်စောစောထတော်မူပြီးလျှင် ထိုနေ့အဘို့ဝယ် ပေါ့ပြောပြသ ဆုံးမထိုက်သော သတ္တဝါတို့ကို ကြည့်တော်မူပြန်၏၊ ဤနည်းအားဖြင့် သတ္တဝါအများ၏ စီးပွါးချမ်းသာကို ကိုယ်တော်တပါး၏ တာဝန်ကဲ့သို့ နေ့စဉ်နေ့စဉ် ဆောင်တော်မူနိုင်သည်မှာ ကိုယ်ကာယတော်ကလည်း အာဇာနည်ယောကျ်ားပီသအောင်ကျန်းမာတော်မူလှခြင်း သတ္တဝါတို့အပေါ်၌ ထားတော်မူအပ်သော မေတ္တာကရုဏာတော်ကလည်း ကျယ်ပြန့်တော်မူလှခြင်း ဉာဏ်တော်ကလည်း ကြီးမားတော်မူလှခြင်းကြောင့်သာ ဖြစ်နိုင်ပါပေသည်။ (၂၀)

(၂၀) သီလက္ခန်အဋ္ဌကထာစသည်။

**ပရိနိဗ္ဗာန် စံသည့်တိုင်အောင် ကြိုးစားတော်မူခြင်း**

ဗုဒ္ဓမြတ်စွာ၏ ထိုကဲ့သို့နေ့မနား ညဥ့်မနား ကြိုးစားတော်မူသည်မှာ နှစ်လအနည်းငယ်သာ မဟုတ်ပါ၊ ၄၅-ဝါ ကာလပတ်လုံး ပရိနိဗ္ဗာန် စံတော်မူခါနီးအချိန် တိုင်အောင်ပင် ဖြစ်ပါသည်၊ ဗုဒ္ဓမြတ်စွာသည် ဝေသာလီမြို့၌ သီတင်းသုံးတော်မူစဉ် "နောင် ၃-လ ကြာလျှင် ပရိနိဗ္ဗာန်စံတော်မူမည်"ဟု ကြိုတင်၍ အသိပေးတော်မူ၏၊ ထိုပရိနိဗ္ဗာန် စံတော်မူမည့်နေ့၏ ညဥ့်၌ သုဘဒ္ဒမည်သောပရိဗိုဇ်၏ အကျွတ်တရားရမည့် အရေးကို မြင်တော်မူ၍ ဝမ်းသွေးသွန်သော ရောဂါ ဖြစ်နေပါလျက်ပင် ၃-ဂါဝုတ်ဝေးသော ပါဝါမြို့မှ ကုသိနာရုံမြို့သို့ ကြွတော်မူ၍ သုဘဒ္ဒပရိဗိုဇ်ကို အကျွတ်တရား ရစေတော်မူပါသည်။

ထို့နောက် အရုဏ်တက်ခါနီးအချိန်ရောက်သောအခါ အနီးအပါးတွင် ရောက်နေသော သံဃာတော်တို့အား ဘုရား တရား သံဃာ အကျင့်သိက္ခာ၌ ယုံမှားသံသယ ရှိကြလျှင် မေးမြန်းဘို့ရန် တိုက်တွန်းတော်မူ၏၊ ထိုအခါ ယုံမှားသံသယမရှိကြသောကြောင့် အားလုံးတိတ်ဆိတ်စွာဖြင့် နောက်ဆုံးအမိန့်တော်သံကို နားစိုက်၍နေကြစဉ် "ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ=ရုပ်နာမ်သင်္ခါရတို့သည် ပျက်ခြင်းသဘော ရှိကြ၏၊ မမေ့မလျော့သောသတိဖြင့် သီလသမာဓိပညာ ၃-ဖြာသော သိက္ခာကို ပြီးစီးစေရစ်ကြ"ဟု နောက်ဆုံးဩဝါဒကို မိန့်တော်မူပါသည်။ ဤသို့လျှင်ဗုဒ္ဓမြတ်စွာသည် နောက်ဆုံး

အချိန်ကျအောင် ကိုယ်တော်၏ပင်ပန်းမှုကို လျစ်လျူ ထား၍ သတ္တဝါအများ၏ စီးပွါးအလို့ငှါသာ မနေမနား ကြိုးစားတော်မူပါသည်။ (၂၁)

**ပြန်၍အာရုံယူပါ** ဗုဒ္ဓမြတ်စွာ၏ အကြောင်းအရာကို ပြ၍ မကုန်နိုင်ပါ၊ ဤမျှလောက် အကျဉ်းမျှပြခဲ့သော အကြောင်းအရာကို ပြန်၍အာရုံယူသောအခါ ဘုရားရှင်၏ ပုံသဏ္ဌာန်တော်သည် တစုံတယောက်၏အကျိုးကိုဆောင်တော်မူနေပုံ ဟောပြောနေပုံနှင့်အတူ ထင်လာတော်မူစရာရှိပါသည်၊ ထိုသို့ ထင်လာသောအခါ ရွှေအဆင်းကဲ့သို့ ဝါဝင်းသပ္ပါယ်သော ကိုယ်တော်, အာဇာနည်ယောကျ်ားပီသ၍ တောင့်တင်းခိုင်မာလှစွာသောကိုယ်တော်, ကြီးမားသောဉာဏ်ပညာတော်ဝယ် ခြယ်လှယ်၍နေသော မေတ္တာတော် ကရုဏာတော်နှင့်အတူ ချိုသာတော်မူလှသော အသံတော်ဖြင့် တရားဓမ္မ ဟောပြတော်မူနေပုံ, အအားနေတော်မူချိန်မရှိ ပရိနိဗ္ဗာန်စံတော်မူသည့်တိုင်အောင် လူနတ်အများ၏ အစီးအပွါးကို ဆောင်တော်မူနေပုံကို အာရုံပြုကာ ဤသာသနာတော်၏ အရင်းအစဖြစ်သော ဗုဒ္ဓ၏ ဗုဒ္ဓအစစ်အမှန် ဖြစ်ကြောင်းကို ကောင်းကောင်းကြီး ယုံကြည်သော သဒ္ဓါစစ် သဒ္ဓါမှန် ကေန်ဖြစ်ပေါ်လာပါလိမ့်မည်၊ ထိုသို့သဒ္ဓါစစ် သဒ္ဓါမှန် ကေန်ရရှိသူ အဘယ်လူ အဘယ် နတ် အဘယ် ဗြဟ္မာ အဘယ် သတ္တဝါသည်

---

(၂၁) မဟာပရိနိဗ္ဗာနသုတ်။

အဘယ်မှာလျှင် ဗုဒ္ဓမြတ်စွာကို မကိုးကွယ် မဆည်းကပ်ဘဲ နေနိုင်ပါတော့အံ့နည်း၊ အသက်ကို အပ်နှင်း၍ အရင်းဆုံးတပည့်အဖြစ်ဖြင့် ယုံကြည်လေးမြတ် ဆည်းကပ်မြတ်နိုး ကိုးကွယ်မည်သာ ဖြစ်ပါသတည်း။.... သာဓု သာဓု – သာဓု။

## ၃။ ဓမ္မသုဓမ္မတာ

## (တရားတော်၏ ကောင်းမွန်ခြင်း)

**ဓမ္မ၏ သရုပ်သဘော** အောက်သို့ ကျ မသွားအောင် ဆောင် ထားနိုင်သောသဘောကို "ဓမ္မ"ဟူ၍ ဆိုရ၏၊ မည်သည့်ပုဂ္ဂိုလ် ဟောပြော ညွှန်ပြသည်ဖြစ်စေ ဓမ္မအစစ်အမှန်ဖြစ်လျှင် ထိုဓမ္မ အတိုင်း နေထိုင်သူအား အောက်တန်းသို့ ကျ မသွား အောင် ဆောင်ထားနိုင်သော သတ္တိရှိရမြဲ ဖြစ်ပါသည်၊ ဗုဒ္ဓမြတ်စွာ၏ ဓမ္မရတနာများသည် နည်းနည်းပါးပါး လိုက်နာသူကို နည်းနည်းပါးပါး အောက်ကျမသွား အောင်, များများစားစားလိုက်နာသူကို များများ စားစား အောက်ကျမသွားအောင် ဆောင်ထားနိုင် ပါသည်၊ ထို့ကြောင့် လောကကြီးပွါးရေးကို လိုလား၍ "အသေဝနာ စ ဗာလာနံ" စသော မင်္ဂလာတရားကို လိုက်နာသူသည် လောက၌ အောက်ကျ နောက်ကျ လူ စားမျိုးမဖြစ်ရအောင် တရားတော်က ဆောင်ထား သဖြင့် အဆင့်အတန်းမြင့်သော လူတန်းစားအဖြစ်သို့ ရောက်နိုင်ပါသည်၊အပါယ်ဆင်းရဲကိုကြောက်၍ အထက် တန်းတရား လိုက်စားကျင့်ကြံသော ပုဂ္ဂိုလ်သည် ထို တရား၏ ဆောင်ထားမှုကြောင့် အပါယ်ဆင်းရဲသို့ ကျ မသွားဘဲ အထက်တန်းဘဝဖြင့် နိဗ္ဗာန်သို့တိုင်အောင် ရောက်နိုင်ပါသည်၊ ထို့ကြောင့် သတ္တဝါတို့ကို အောက် ကျ နောက်ကျမဖြစ်ရအောင် အပါယ်၄-ပါး ကျမသွား

အောင် ဆောင်ထားနိုင်သော ဓမ္မကိုသာ ဓမ္မအစစ် ဓမ္မအမှန်ဟု မှတ်ယူရပါသည်။ (၂၂)

**ဓမ္မအကျိုးကို ကြည့်နည်း**

"ဓမ္မသည် လိုက်နာ ကျင့်ကြံသူအား ဆင်းရဲဒုက္ခသို့မရောက်ရအောင်ဆောင် ထားနိုင်၏" ဟု ဆိုရာ၌ ယခုချက်ခြင်း လက်ငင်းအကျိုးကို ကြည့်ရှုမှုဖြင့် သဘာဝအစစ်အမှန် ကျအောင် ဆောင်ထားနိုင်ပုံကို မသိနိုင်ပါ၊ ကွက်ကျော် အကြည့်မျိုးဖြင့် အရှည်ကို မြော်ကိုး၍ ကြည့်နိုင်မှသာ သဘာဝအစစ်အမှန်ကျအောင် သိနိုင်ပါသည်၊ ဥပမာ – မမာနေသော ကလေးသည် သူစားချင်သော အစာကို မိခင်က မပေးလျှင် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်မည်မှာ အမှန်ပင် ဖြစ်သော်လည်း ထိုဆင်းရဲမှုကြောင့် မိခင်၏ မပေးခြင်းကို မတရား (အဓမ္မ)ဟု မဆိုရပါ၊ ထိုမပေး ခြင်းသည် လမ်းမှန်ကျသော ဓမ္မဟုသာ ဆိုရသကဲ့သို့, ထို့အတူ ဗုဒ္ဓမြတ်စွာ၏ 'အသေဝနာ စ ဗာလာနံ' စသော တချို့တရားဓမ္မများသည် လူမိုက်နှင့်ပေါင်းမှ လောက အကျိုး ရမည့်သူတို့က မကျေနပ်ဘွယ် ဖြစ်ပါသော် လည်း စင်စစ်အားဖြင့် လူမိုက်နှင့်ပေါင်းမိက ခဏမျှ သာ ချမ်းသာခွင့် ပေးကောင်း ပေးနိုင်မည် ဖြစ်စေကာ မူ အရှည်ကျလျှင် ကေန်မုချ ဒုက္ခကိုသာ ပေးနိုင်မည် ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ ဩဝါဒ ဖြစ်သော တရားတော်ကို လိုက်နာရာ၌ တခဏကလေး ကိုရင်း တဘာဝကလေးကိုရင်း မကြည့်ရဘဲ, နောင်

---

(၂၂) ခာရေတီတိ ဓမ္မောအဖွင့် အဋ္ဌကထာများ။

ဆင်းရဲမည့်အရေး အပါယ်ဘေးတို့ကိုပါ ကြည့်နိုင်မှ တရားဓမ္မ၏ အောက်မကျအောင် ဆောင်ထားနိုင်ပုံကို ကောင်းကောင်းသိနိုင်ပါသည်။ (၂၃)

**တရားတော် ၃-မျိုး** ဗုဒ္ဓ မြတ်စွာ၏ ဓမ္မရတနာသည် ဝိနည်း သုတ္တန် အဘိဓမ္မာအား ဖြင့် ၃-မျိုး ၃-စားရှိ၏၊ ဝိနည်းတရားတော်သည်ရဟန်း သံဃာတော်များအတွက် မပြုမကျင့် ရှောင်ကြဉ်ရမည့် အချက်များကိုပြထားသော, ပြုကျင့်လျှင် မည်သည့် အပြစ် သင့်ရောက်စေရမည်ဟု အမိန့်အာဏာတော် ဖြစ်သောကြောင့် "အာဏာဒေသနာတော်"ဟု ခေါ် ရ၏၊ သုတ္တန်ဒေသနာတော်သည် ရဟန်း ရှင်လူ တိုင်းသူ ပြည်သားတို့၏ ပြောဆိုရိုးစကားဖြင့် နားလည်အောင် ဟောတော်မူအပ်သော ဒေသနာတော် ဖြစ်သော ကြောင့် "ဝေါဟာရဒေသနာတော်"ဟု ခေါ်ရ၏၊ အဘိဓမ္မာဒေသနာတော်ကား အများပြောရိုး စကား လုံးဖြင့် သုံးနှုန်းခေါ်ဝေါ်မှုမပြုဘဲ သူ့ သဘာဝအတိုင်း "ဖဿ ဝေဒနာ ပထဝီ အာပေါ"စသည်ဖြင့် အစစ်အမှန် အနက်သဘောကိုသာ ဟောပြတော်မူအပ်သော ဒေသ- နာတော်ဖြစ်သောကြောင့် "ပရမတ္ထဒေသနာတော်" ဟူ၍ ခေါ်ဆိုရပေသည်။ (၂၄)

---

(၂၃) ထိုထို တရားတော်များ။
(၂၄) အဋ္ဌကထာကြီးများ၏ နိဒါန်း။ ။

**ဝိနည်းတရား၏ ထူးခြားချက်**

ဝိနည်း တရားတော်သည် ရဟန်း သံဃာတော်များ၏ ကိုယ်မှု နှုတ်မှု အနေအထိုင် အပြောအဆို ယဉ်ကျေးအောင် ဆုံးမတော်မူသောကြောင့် ထိုဝိနည်း တရား၏ ဆုံးမထားသည့်အတိုင်း ရဟန်းသံဃာတော် များသည် ယဉ်ကျေးစွာ နေထိုင် ပြောဆိုကြရ၏၊ ထိုသို့ ယဉ်ကျေးစွာ နေထိုင်ပြောဆိုတတ်အောင်လည်း ဆရာ သမားအဆက်ဆက်က လက်တွေ့သင်ပြရ၏၊ ထိုသို့သင် ပြသည့်အတိုင်း နေထိုင်ကြသော ရဟန်းသာမဏေများ ကို ပစ္စည်း ၄-ပါးထောက်ပံ့ကြသောဒါယကာ ဒါယိကာမ တို့က ကျေကျေနပ်နပ် ထောက်ပံ့ကြ၏၊ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် သိက္ခာပုဒ်ဥပဒေတရပ်ကို အမိန့်ချမှတ် တော်မူလိုသောအခါ "မကြည်ညိုသေးသူများ၏ ကြည် ညိုစရာဖြစ်ဘို့အကျိုးငှါ၊ ကြည်ညိုပြီးသူများ၏ သဒ္ဓါ တရားတိုးပွါးဘို့အကျိုးငှါ ဤသိက္ခာပုဒ်ကို ပညတ် တော်မူမည်" ဟု မိန့်တော်မူ၏၊ ဤသို့ မကြည်ညိုသေး သူတို့ကို ကြည်ညိုစေနိုင်ခြင်း၊ ကြည်ညိုပြီးသူတို့ကို အကြည်ညိုတိုးစေခြင်းသည် ဝိနည်းတော်ဓမ္မ၏ကောင်း မွန်မှန်ကန်ခြင်းပင် ဖြစ်ပါသည်။ (၂၅)

**ဝိနည်းသည် သာသနာတော်၏အသက်**

ဝိနည်းတရားတော်ကို သာ- သနာတော်၏ အသက်ဟု အသိအမှတ် ပြုကြပါသည်၊ ရဟန်းဖြစ်မှု ရှင်သာမဏေဖြစ်မှုကို ဝိနည်း ထုံးတမ်း

---

(၂၅) ဝိနည်းပါဠိတော်။

အတိုင်းသာ ပြုရ၏၊ ရဟန်းဖြစ်ပြီး ရှင်သာမဏေဖြစ်ပြီးသောအခါ၌လည်း ဝိနည်းတော်အတိုင်းသာ ဝတ်စားနေထိုင်ရ၏၊ ထိုသို့နေထိုင်သူကို လူဝတ်ကြောင်တို့က ကျေနပ်ကြ-ကြည်ညိုကြသောကြောင့် စားဝတ်နေမှုကို ထောက်ပံ့ကြ၏၊ ထိုသို့ထောက်ပံ့သူ ရှိသောကြောင့်သာ ဤသာသနာတော်ကြီး တာရှည်စွာ တည်တံ့နိုင်ပေသည်၊ ထို့ကြောင့် သာသနာတော်တည်ရှိဘို့အကြောင်းမှာ ဝိနည်းအတိုင်းကျင့်ကြံနေထိုင်ကြခြင်းပင်ဖြစ်သောကြောင့် ဝိနည်းတရားတော်ကို "သာသနာတော်၏အသက်"ဟု အသိအမှတ်ပြုတော်မူကြပါသည်။

အကယ်၍ ဝိနည်းမရှိလျှင်, သို့မဟုတ် ဝိနည်းတော်အတိုင်း မဆောင်ရွက်လျှင် ရဟန်းအစစ် ရှင်သာမဏေအစစ် မဖြစ်နိုင်၊ ဝိနည်းအတိုင်း မကျင့်သူကို လူဝတ်ကြောင်တို့ မကြည်ညိုနိုင်၊ လူဝတ်ကြောင်တို့ မကြည်ညိုလျှင် ပစ္စည်း ၄-ပါးအထောက်အပံ့မရသဖြင့် သာသနာ့ဝန် ဆောင်နိုင်သူ မရှိတော့ရကား သာသနာတော်အသက်ထွက်တော့မည်သာ ဖြစ်တော့၏၊ သာသနာအသက်မရှိလျှင် အဝတ်ဝါကို ဝတ်ဆင်နေသူတွေ ရှိစေကာမူ သာသနာ တည်ရှိသည်ဟု မဆိုနိုင်တော့ပါ၊ ထို့ကြောင့် သိက္ခာပုဒ် ဥပဒေတရပ်ကို ပညတ်တော်မူလိုသောအခါ "သူတော်ကောင်း တရား၏ တည်တံ့ဘို့ရာ သိက္ခာပုဒ် ပညတ်တော်မူမည်"ဟု မိန့်တော်မူပါသည်၊ ဤသို့ မိန့်တော်မူသည့် အတိုင်း သာသနာတော်၏ တည်တံ့ကြောင်း ဖြစ်ခြင်းသည် ဝိနည်း

တော် ဓမ္မ၏ ကောင်းမွန် မှန်ကန်ခြင်းပင် ဖြစ်ပါသည်။ (၂၆)

**သုတ္တန်တရားတော်** ဗုဒ္ဓမြတ်စွာသည် သုတ္တန်တရားတော်များကို ဟောတော်မူခါနီး၌ ထိုတရားတော်ကို နာယူမည့်ပုဂ္ဂိုလ်၏ အလိုဆန္ဒသဘောကျကိုလည်း ကြည့်တော်မူ၏၊ သဒ္ဓါနှင့် ပညာ, ဝီရိယနှင့် သမာဓိတို့တွင် အဘယ်တရားက လိုနေ၍ အဘယ်တရားက ပိုနေပါလိမ့်မည်နည်းဟု ကြည့်တော်မူ၏၊ ထိုသူ၏ ပညာမျက်စိ၌ ရာဂ ဒေါသ မောဟစသောကိလေသာမှုန့်တို့တွင် အဘယ်မှုန့်က ထူနေ၍ အဘယ်မှုန့်က ပါးနေပါလိမ့်မည်နည်းဟု ကြည့်တော်မူ၏၊ ထိုသို့ကြည့်နိုင်သော ဉာဏ်တော်ကို ဗုဒ္ဓမြတ်စွာသာ ရနိုင်ပါသည်၊ ပစ္စေကဗုဒ္ဓါ အဂ္ဂသာဝကစသောရဟန္တာအရှင်မြတ်တို့ မရနိုင်ကြပါ၊ ထိုသို့ဉာဏ်တော်ဖြင့် ကြည့်တော်မူပြီးမှ အလွန်ကျွမ်းကျင်သော သမားတော်သည် သင့်လျော်သော ဆေးကို ပေးသကဲ့သို့ ဗုဒ္ဓမြတ်စွာသည် ကိုယ်တော်တိုင် သိတော်မူအပ်ပြီးသော တရားအမျိုးမျိုးမှ သင့်တော်သောတရားတမျိုး သင့်တော်သောကျင့်နည်းတမျိုးကို ဟောပြတော်မူပါသည်၊ သမားတော်သည် ရောဂါပျောက်နိုင်လောက်သော လူနာအားသာ ဆေးပေးသဖြင့် ထိုဆေးစားသူမှာ မုချရောဂါပျောက်ရသကဲ့သို့ ဘုရားရှင်သည် ထိုတရားဖြင့် အကျိုးရလောက်သူကိုသာဟောပြတော်မူသောကြောင့် တရား

---

(၂၆) ဝိနည်း ပါဠိတော် အဋ္ဌကထာ။

တော်ကို သီးခြားနာရသူမှန်လျှင် ကောန်မုချ တမျိုးမျိုး
သော ကောင်းကျိုးကို ရရှိနိုင်ပါသည်၊ ဤသို့ မြော်မှန်း
သည့်ကောင်းကျိုးကို ရစေနိုင်ခြင်းသည် သုတ္တန်ဓမ္မ၏
ကောင်းမွန်မှန်ကန်ခြင်းပင် ဖြစ်ပါသည်။ (၂၇)

**သုတ္တန်၏ အရသာ** ဝိနည်းဒေသနာတော်သည်ရင်း
အဘိဓမ္မာ ဒေသနာတော်သည်
ရင်း ထိုကဲ့သို့ တရားထူးကို ရစေနိုင်သောသဘောမရှိ
ကြပါ၊ သုတ္တန်ဒေသနာတော်သာလျှင် တရားနာပုဂ္ဂိုလ်
၏ အလိုလိုက်၍ နှစ်ခြိုက်လောက်အောင် ဟောပြတော်
မူအပ်သောကြောင့် တရားထူးကို ရစေနိုင်ပါသည်၊
သုတ္တန်ဒေသနာတော်သည် အနက်အဓိပ္ပါယ် နားလည်
အောင် ပြောပြနိုင်သူက ဟောပြသောအခါ၌ ဖြစ်စေ
အသံကောင်းသော တရားဟောပုဂ္ဂိုလ်က ပါဠိတော်
သက်သက်ကို ရွတ်ဆိုနေသောအခါ၌ဖြစ်စေ နားထောင်
နေရရုံမျှဖြင့် သောက ပရိဒေဝ (ဝမ်းနည်းမှု ငိုကြွေးမှု)
စသော စိတ်အနှောက်အယှက်တွေကင်းစင်၍ ကြည်လင်
အေးမြနေစေနိုင်ပါသည်၊ထိုတရားတော်အတိုင်းကျင့်ကြံ
နေထိုင်သော အခါ၌လည်း လောဘ, ဒေါသ မာန်မာန
တို့နည်းပါး၍ နည်းပါး၍ သဒ္ဓါ ပညာ သမာဓိ ဝီရိယတို့
ကြီးမား၍ ကြီးမား၍ လာကာ လွန်စွာအရသာရှိပါ
သည်၊ ကျင့်၍တရားပေါက်သောအခါ၌ကား တသံ-
သရာလုံးက ပါလာသော တရားဆိုးတွေ အကုန်ကင်း၍
သန့်ရှင်း ကြည်လင်စွာ မကြုံစဘူး ထူးသော အရသာကို

---

(၂၇) အဋ္ဌကထာများ။

ခံစားကြရပါသည်၊ ထို့ကြောင့် သုတ္တန်တရားတော်သည် အစကောင်း အလယ်ကောင်း အဆုံးကောင်း အားဖြင့် အားလုံးကောင်းသော တရားတော်ကောင်းကြီးဖြစ်ခြင်းသည် သုတ္တန်တရားတော်၏ ကောင်းမွန်မှန်ကန်ခြင်းပင်ဖြစ်ပါသည်။ (၂၈)

**ကာလာမသုတ်တော်** ကာလာမသုတ်ဟု ထင်ရှားသော သုတ္တန် တရားတော်သည် သာသနာတော်၏ သန့်ရှင်းတိုးပွါးရေးကိုင်း, တိုင်းပြည်၏ စည်ပင်သာယာရေးကိုင်း အားကြိုးမာန်တက်ဆောင်ရွက်လိုကြသော ဆရာဒကာတို့အတွက် အားပေးသော,သို့မဟုတ် သတိပေးသော တရားတော်ဖြစ်၍ ခေတ်အားလျော်စွာ လေးစား ထိုက်လှပါပေသည်။....

အိုကာလာမအမျိုးသားတို့....

၁။ ကလေးဘဝမှစ၍ ကြားနာမှတ်သားခဲ့ရခြင်းဖြင့်လည်း "ဟုတ်တယ် မှန်တယ်" ဟု အစွဲအမြဲ မယူကြနှင့်။

၂။ မိဘ ဘိုးဘွား စသည်တို့မှ ဆင်းသက်၍ (ပရမ္ပရ=အဆက်ဆက်) မှတ်ယူ လုပ်ကိုင်ရိုးဖြစ်၍လည်း အမြဲအစွဲ မှတ်ယူမထားကြနှင့်။

၃။ "ဣတိ ကိရ = ဒီဟာက ဒီလိုတဲ့"ဟု အခြားတယောက်က ပြောလိုက်ရုံမျှဖြင့်လည်း အမြဲမှတ်ယူမထားကြနှင့်။

---

(၂၈) အဋ္ဌကထာ အဖွင့်များ။

၄။ "ဒီအယူအဆသာ ငါတို့သင်ထားသောကျမ်းစာနှင့်ညီတယ်"ဟု မိမိတို့ကျမ်းစာနှင့် ညီနေရုံမျှဖြင့်လည်း အတည်တကျ မှတ်ယူမထားကြနှင့်။

၅။ မိမိဘာသာကြံစည်ထားသော အရာကိုလည်း "ဟုတ်လှပြီ မှန်လှပြီ"ဟု အမြဲအစွဲ ယူမထားကြနှင့်။

၆။ အခြားနေရာ (အခြားနိုင်ငံ)တို့၌ သူတပါးတို့လုပ်နည်းကိုင်နည်းကို သဘောကျ၍လည်း ဤနေရာ (ဤနိုင်ငံ)၌ သင့်တော်လှပြီဟု အမြဲအစွဲ ယူမထားကြနှင့်။

၇။ တစုံတခု ပြုဘို့ရာ အကြောင်း အထောက်အထားကို စဉ်းစားရာဝယ် အကြောင်း အထောက်ကောင်းရ၍ သဘောကျသဖြင့်လည်း အမြဲအစွဲယူမထားကြနှင့်။

၈။ "သူပြောသော အယူဝါဒသည် ငါတို့စဉ်းစားကျနပ်ထားသော အယူနှင့် ညီမျှပေသည်"ဟု အယူဝါဒချင်းတူရုံမျှဖြင့်လည်း အမြဲအစွဲ မယူကြနှင့်။

၉။ "ဤရသေ့ ရဟန်းကား ယုံကြည်ထိုက်သော အထက်တန်း ပုဂ္ဂိုလ်တည်း, ဒီလိုပုဂ္ဂိုလ်၏ စကားကို လေးလေးစားစား မှတ်သားထိုက်သည်"ဟုလည်း စွဲစွဲမြဲမြဲမှတ်ယူမထားကြနှင့်။

၁၀။ "ဤရသေ့ ရဟန်းကား ငါတို့ကိုးကွယ် ထားသော ဆရာဖြစ်၏၊ ငါ့ဆရာ့စကားကို ငါမှတ်သားသင့်သည်"ဟုလည်း စွဲစွဲမြဲမြဲ မှတ်ယူမထားကြနှင့်။

ကာလာမအမျိုးသားတို့.... "ဤအကျင့်တွေသည် ကောင်းလည်းမကောင်း, အပြစ်လည်းမကင်း, ပညာရှိ ကဲ့ရဲ့စရာလည်းဖြစ်၏၊ ထိုအကျင့်အကြံ အလုပ်အကိုင်ကို ပြုလုပ်လိုက်လျှင် စီးပွါးမဲ့ဘို့ ဒုက္ခရောက်ဘို့ဖြစ်၏" ဟု ကိုယ်တိုင် နားလည်လာသည့်အခါ ထိုအကျင့် ထိုအပြု အမူများကို စွန့်လိုက်ကြ၊ "စီးပွါးတိုးတက်၍ သုခရဘို့ အကျင့်အကြံများ" ဟု ကိုယ်တိုင်နားလည် ထားသော အကျင့်အကြံများကိုသာ လိုက်နာပြုကျင့်ကြ၊...ဤသို့ ဟောတော်မူပြီးလျှင် ဒုစရိုက်သုစရိုက်များကို ခွဲခြား၍ မေတ္တာကရုဏာစသော တရားများကို ဟောတော်မူ လေသည်။ (၂၉)

**အဘိဓမ္မာ တရားတော်**

"ဓမ္မ" ဟူသော အမည်သည် သုတ္တန် အဘိဓမ္မာ ၂-မျိုးလုံးနှင့် ဆိုင်သော အမည်ဖြစ်၏၊ ထို့ကြောင့် သုတ္တန် မဟုတ်သော တရားတမျိုးကို "အဘိ" ဟု အထူးပြု၍ "အဘိဓမ္မ" ဟု ခေါ်ရသည်။ သုတ္တန်၌ ခန္ဓာ ၅-ပါး အကြောင်းကို အကျဉ်းမျှသာ ဟောတော်မူ၏၊ အဘိ-ဓမ္မာ၌ ခန္ဓာ ၅-ပါးကို နည်း ၃-မျိုးဖြင့်ချဲ့ထွင်၍ အကျယ် ဟောတော်မူ၏၊ ဤသို့တရားချင်းတူလျှင် သုတ္တန်ထက် ထူးကဲကျယ်ဝန်းရကား "အဘိ-သုတ္တန်ထက် သာလွန် ထူးကဲသော+ဓမ္မ တရားတော်" ဟု အမည်ထူးပြုကာ အဘိဓမ္မာဟုခေါ်ဆိုရပေသည်။ ဤအဘိဓမ္မာ၌ သုတ္တန် ကဲ့သို့ ပုဂ္ဂိုလ်သတ္တဝါ ယောကျ်ားမိန်းမစသော အရပ်

(၂၉) အင်္ဂုတ္တိုရ်-တိကနိပါတ်။

အသုံးအနှုန်းများကို မသုံးတော့ဘဲ "ဖဿ,ဝေဒနာ" စသော ပရမတ္ထအဓိပ္ပာယ်များကို သုံးနှုန်း၍ ဟောတော်မူသောကြောင့် သုတ္တန်တရားကဲ့သို့ လူအများ၏စိတ်ကို မဆွဲဆောင်နိုင်ပါ၊ ပုဂ္ဂိုလ်သတ္တဝါ သူငါမရှိ၊ ရုပ်နှင့်နာမ်သာ လောကဌ်အထင်အရှား အစစ်အမှန်ရှိကြောင်းကို ညွှန်ပြသော တရားတော်သာဖြစ်ပါသည်၊ ဤသို့ရုပ်နှင့် နာမ်သာအစစ်အမှန်ရှိကြောင်းကို ညွှန်ပြနိုင်ခြင်းသည် အဘိဓမ္မာ၏မှန်ကန်ခြင်းပင် ဖြစ်ပါသည်။ (၁၀)

**အဘိဓမ္မာ၏ အရသာ**

အဘိဓမ္မာသည် သတ္တဝါ အများ၏ စိတ်ကို သုတ္တန်လောက် မဆွဲဆောင်နိုင်သော်လည်း အဘိဓမ္မာ အကြောင်းကို ကောင်းကောင်းသိသော ပညာရှိသူတော်ကောင်းတို့မှာ အရသာရှိလှပါပေသည်၊ "သက်ရှိသတ္တဝါ သက်မဲ့အရာဝတ္ထုဟူသမျှ၌ ပုဂ္ဂိုလ်သတ္တဝါဟူ၍ အစစ်အမှန်မရှိ၊ ရုပ်နှင့်နာမ်သာရှိ၏" ဟုရင်း, ထိုရုပ်နှင့် နာမ်သာ သွားမှုလာမှုစသောကိစ္စစုကို ပြီးစီးအောင် ပြုနိုင်ကြ၏ဟုရင်း ကောင်းကောင်းကြီး သိကြရသော အခါ အရသာရှိလှပါပေသည်၊ ထိုရုပ်နာမ် တို့တွင် ဤသဘောသည် ဖဿ, ဤသဘောကား ပထဝီ, ဤသို့ စသည်ဖြင့် နာမည် တပ်၍ ဟောပြမှုမှာ ဘုရားဉာဏ်တော်၏ အရာတော်သာ ဖြစ်ပါသည်၊ ဘုရားရှင်သာ ပွင့်တော်မူ၍ မလာပါလျှင် ထိုတရား တို့၏ သဘောကို စုံစုံလင်လင် သိမြင်နိုင်ဘို့ကို မဆိုထားဘိ နာမည်တပ်

---

(၁၀) အဋ္ဌကထာအဖွင့်။

ဘို့ပင် ခဲယဉ်းလှပါသည်၊ ထိုသဘောတရားတို့ဖြစ်ရာ၌ "မည်သည့် တရားပြီးမှ မည်သည့်တရား ဖြစ်နိုင်၏" စသော ဝိထိအစဉ်ကိုရင်း, ထိုတရားတမျိုး ဖြစ်ပေါ်လာဘို့ရန် "မည်၍မည်မျှသောတရားတို့က မည်သို့သော သတ္တိဖြင့် ဝိုင်းဝန်း၍ ကျေးဇူးပြုကြရ၏" စသော ပဋ္ဌာန်း ပစ္စည်းများကိုရင်း သိရသောအခါ ဗုဒ္ဓမြတ်စွာ၏ ဉာဏ်တော်ကို အံ့ခြီး၍ မကုန်နိုင်အောင် ကြည်ညိုလာသော ကြောင့် ထိုဗုဒ္ဓ၏ တပည့်သာဝကအဖြစ်ဖြင့် စံနစ်ကျကျ နေထိုင်ရသည်ကို အလွန်ဂုဏ်ယူလိုသော အရသာဖြစ်ပေါ်၍လာနိုင်ပါသည်၊ ဤသို့သော အရသာကို ခံစားရခြင်းသည် အဘိဓမ္မာ၏ ကောင်းမွန် မှန်ကန်ခြင်းပင် ဖြစ်ပါသည်။ (၃၁)

**ပြန်၍ အာရုံယူပါ** ဗုဒ္ဓမြတ်စွာ၏ ဝိနည်း တရားတော်များသည် သာသနာတော်အတွက် အသက်ပင်ဖြစ်သောကြောင့် ဝိနည်း တရားတော်အတိုင်း သံဃာတော်များဘက်က နေထိုင်နိုင်မှသာ သာသနာတော် အသက်ရှည်နိုင်ပါမည်၊ ဝိနည်းတော်အတိုင်း မနေထိုင်သူ ပေါ်များလာလျှင် လူ့ဝတ်ကြောင်များ၌ မထောက်ပံ့ဘဲနေရုံမျှဖြင့် ကိစ္စပြီးသော်လည်း ပေါ့ပေါ့ဆဆ နေထိုင်ကြသော သံဃာတော်များမှာ မိမိတို့အတွက် သာသနာအသက် ထွက်ရမည်ဖြစ်သောကြောင့် သံသရာအဆက်ဆက် ဒုက္ခတွင်းသို့ နက်စွာကျရောက်စရာ ရှိနေပါသည်၊ သုတ္တန်တရားတော်များ

---

(၃၁) ပရိဝါပါဠိတော်စသည်။

သည် လူအများ၏စိတ်ကို ဆွဲဆောင်နိုင်သောကြောင့် သုတ္တန်တရားတော်တွင် လေးနက်သော ပဋိစ္စသမုပ္ပါဒ် သတိပဋ္ဌာန် ဓမ္မစကြာ အနတ္တလက္ခဏာသုတ် တရားတော်များကို ပိုင်နိုင်စွာ လေ့လာကြဘို့ အရေးကြီးလှပါသည်၊ အဘိဓမ္မာတရားတော်မှာ မြန်မာနိုင်ငံဝယ် ရှေးဆရာတော်ကြီးများ၏ ကျေးဇူးကြောင့် တရားတော်၏နက်နဲမှု ခက်ခဲမှုအရသာကို ကောင်းစွာခံယူနိုင်ကြပါသည်၊ မိမိတို့ခံယူနိုင်သကဲ့သို့ အထက်တန်းတရားကို လိုက်စားလိုကြသော ပြည်တွင်း ပြည်ပ လူဝတ်ကြောင်များလည်း ခံယူနိုင်လောက်အောင် ကြိုးစားနိုင်ပါလျှင် အဘိဓမ္မာတရားတော်၏ အရသာကိုလူများစုလည်း သိနိုင်ခွင့်ရှိပါလိမ့်မည်။

ဤသို့ တရားတော်၏ အကြောင်းကို ကောင်းကောင်းသိသူ တရားတော်ကို နာရကျင့်ရ၍ သောကပရိဒေဝ ဒုက္ခ ဒေါမနဿတို့ငြိမ်းအေးခွင့်ရသူ အဘယ်လူ အဘယ်နတ် အဘယ်ဗြဟ္မာ အဘယ် သတ္တဝါသည် အဘယ်မှာလျှင် တရားတော်ကို မဆည်းကပ်မကိုးကွယ်ဘဲ နေနိုင်ပါတော့အံ့နည်း၊ စွမ်းနိုင်သမျှ ကျင့်ခြင်းအားဖြင့်ရင်း တရားတော်၏ တည်တံ့ထွန်းကားပြန့်ပွါးဘို့ရန် ထောက်ပံ့ခြင်းအားဖြင့်ရင်း ယုံကြည်လေးမြတ် အသက်အပ်၍ ဆည်းကပ် မြတ်နိုး ကိုးကွယ် မည်သာ ဖြစ်ပါသတည်း။ သာဓု-သာဓု-သာဓု။

## ၄။ သံဃသုပ္ပဋိပတ္တိ

## (သံဃာတော်၏ ကောင်းစွာကျင့်ခြင်း)

**သံဃဟူသည်** ဗုဒ္ဓမြတ်စွာ၏ စကားတော်ဖြစ်သော ဝိနည်းဥပဒေကိုလိုက်နာရသောတပည့်သာဝက အစုအဝေးကို "သံဃာ"ဟု ခေါ်ဆိုရ၏၊ ထိုသံဃာတော်သည် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်ပြီးသော အရိယာသံဃာတော်, အရိယာအဖြစ်သို့ မရောက်သေးသော ပုထုဇဉ်သံဃာတော်,ဟု ၂-မျိုးကွဲပြား၏၊ အရိယာသံဃာတော်သည် ကောင်းသောအကျင့်ကို ကျင့်ခြင်းဟူသော ဂုဏ်ကိုအမြဲရနေ၏၊ ပုထုဇဉ် သံဃာတော်ကား တမင်္ဂလာ ကြိုးစား၍ ကောင်းသောအကျင့်ကို ကျင့်နိုင်သူသာထိုသုပ္ပဋိပတ္တိဂုဏ်ကို ရနိုင်ပါသည်။ (၃၂)

**ရှေးဦး သံဃာတော်များ** ဗုဒ္ဓမြတ်စွာပွင့်တော်မူလာပြီးနောက် လေးဆဲ့ငါးရက်လောက် ကြာသောအခါ ဗာရာဏသီမြို့ မိဂဒါဝုန်တောဌ် ပဉ္စဝဂ္ဂီ ၅-ပါးဟူသော အရိယာသံဃာတော် အဖွဲ့အစည်းသည်ပေါ်လာ၏၊ ထိုသံဃာတော်များ၏ စားဝတ်နေမှု ကိစ္စစဉ် ဘာမျှတာဝန်မကြီးကြ၊ အားလုံးဆွမ်းခံကြ၍ လောင်းလှူလိုသော အိမ်တိုင်းမှ တအိမ်

(၃၂) သံဃာ့ဂုဏ်တော်ဖွင့်။

တလုပ်စာ ရအပ်သော ဆွမ်းဖြင့် မျှတတော်မူကြ၏၊ အဝတ်အနေမှာလည်း သင့်တော် လုံလောက် ရုံသာဖြစ်၏၊ ထို့နောက်အဆက်ဆက်ဖြစ်ပေါ်လာသော သံဃာတော်များလည်း ရှေးနောင်တော်များ၏ ထုံးစံအတိုင်း သာကျင့်သုံးနေထိုင်တော်မူကြ၏၊ ဤနေထိုင်နည်းတွင် နောက်နှောင်အခါ ကျောင်းဆောက် လှူဒါန်းလိုသော ဒွါယကာဒါယိကာမများ ပေါ်လာသောကြောင့်သံဃာအများ သိတင်းသုံးရာဌာနဥ္ဓ ကြီးမားသော ကျောင်းများလည်း ပေါ်ပေါက် လာခဲ့ကြ၏၊ အစားအဝတ်မှာ အလွန် မကြီးကျယ်လှပါ။ (၃၃)

**တာဝန်ပေါ့သော သာသနာ** လောကီလူတို့ဥ္ဓ တာဝန်ကြီးနေသည်မှာ စားဝတ်နေမှုကိစ္စပင်ဖြစ်၏၊ ဗုဒ္ဓမြတ်စွာ သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်များ၏စားဝတ်နေမှုကိစ္စကား အလွန်တာဝန်ပေါ့လှပေသည်၊ လူတို့က နေ့စဉ်စားရေးကို ပေးလှူနေရသည်မှာ တအိမ်လျှင် တလုပ်စာမျှသာဖြစ်၍ ထိုတလုပ်စာကိုသော်မှ သဒ္ဓါရှိသူသာ ပေးလိုမှ ပေးခွင့် ရှိရကား အလှူ့ရှင် တို့မှာလည်း တာဝန် မကြီးလှပါချေ၊ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်၏ တည်ရှိနေပုံမှာ လွန်စွာတာဝန်ပေါ့၍ ထိုသာသနာတော်မှ ရအပ်သော အကျိုးအမြတ်ကား ယူတတ်ပါလျှင် အဖိုးမဖြတ်နိုင်အောင် မြားမြောင်လှပါပေသည်။ (၃၄)

---

(၃၃,၃၄) ထိုထိုပါဠိတော်များ။

**ဒါယကာလည်း မမွဲနိုင်**

ဗုဒ္ဓမြတ်စွာသည်စားရေးအတွက် အခက်ကြုံနေ ကြသော ဒုဗ္ဘိက္ခကာလဝယ် နာဠန္ဒာမြို့၌ ရဟန်းတော် များစွာနှင့်အတူ ဒေသစာရီ လှည့်လည်တော် မူရင်း ရောက်တော်မူလေသည်၊ ထိုအခါ နိဂဏ္ဌ ဆရာကြီး၏ တပည့်ဖြစ်သော ဂါမဏိသည်(သူ့ ဆရာကြီး၏တိုက်တွန်းချက်အရ) ဗုဒ္ဓမြတ်စွာ၏ အထံတော်သို့လာ၍ "အရှင်ဘုရားသည် သတ္တဝါအများကိုသနားသည်ဟု ဆိုပါလျက် ယခုလို ဒုဗ္ဘိက္ခအခါဝယ် ရဟန်းအများနှင့်အတူလာ၍ ဆင်းရဲသူများအထံဆွမ်းခံ စားနေသည်မှာ လူတွေ သေကြေပျက်စီးအောင် ဖျက်ဆီးရာမရောက်ပါလော"ဟု အပြစ်တင်လေသည်၊ ထိုအခါ ဗုဒ္ဓမြတ်စွာသည် ထွက်သက်လေ၏ ပြန်၍မဝင်မီ အချိန် လောက်၌ ကိုးဆယ့် တကမ္ဘာအတွင်းဝယ် မိမိတို့ ချက်ပြီးအစာကို ပေး၍ မွဲနေသူရှိ,မရှိကို ဆင်ခြင် တော်မူရာ တယောက်တလေမျှ မရှိကြောင်းကို မြင်တော် မူသောကြောင့်....

"အို ဂါမဏိ....မိမိတို့စားဘို့ ချက်ပြီးသား ထမင်းကိုပေးလှူ၍ မွဲသွားသူဟု ကိုးဆယ့်တကမ္ဘာ အတွင်း၌မရှိခဲ့ဘူးချေ၊ ကြီးပွါးချမ်းသာ နေသူတွေမှာ ဒါနကြောင့်, သစ္စာကြောင့်, သီလကြောင့်သာ ဖြစ်ကြပေသည်၊ စင်စစ်အားဖြင့် မွဲ၍နေသူတို့မှာ ရန်သူမျိုးငါးပါး ဖျက်ဆီး ခံရသူ, ကံမကောင်းသဖြင့် မြုပ်နှံထားသော ပစ္စည်းများ နေရာရွေ့ သွားခြင်း ခံရသူ, မိမိ မကျွမ်းကျင်သော အလုပ်အကိုင်ကို လုပ်ကိုင်မိသူ,

အနိစ္စသဘောနှင့် ကြုံတွေ့ရသူ ဤရှစ်မျိုးသာ ရှိနိုင်သည်”ဟု မိန့်တော်မူပါသည်။ (၃၅)

**အကောင်းဆုံး ဒါနမှု**

ဗုဒ္ဓမြတ်စွာသည် မိမိတို့စားဘို့အတွက် ချက် ထားသော အစာကို လှူမှု ကြောင့် (စားဦး စားဖျားကို လှူမှု ကြောင့်) မမွဲနိုင်ဟုသာ မိန့်တော်မူ၏၊ မိမိမှာ အပိုမရှိဘဲ ကြွေးယူ၍ လှူခြင်း, ဂုဏ်ပကာသနကို မြှော်၍ ရှိသမျှ အရင်းကလေးပါကုန်အောင် လှူခြင်း စသည် များကိုကား မမွဲနိုင်ဟု မိန့်တော်မမူပါ၊ ထို့ကြောင့် နောက်ဘဝအတွက်လည်း ဒါနအကျိုးကိုအပြည့်အစုံခံစားနိုင်, ဤဘဝ၌လည်း မွဲ၍မသွားနိုင်, သာသနာတော်၏ တာဝန်ကို ထမ်းရာဝယ် အရေးအကြီးဆုံး ဖြစ်သော အာဟာရကိုနေ့စဉ်ထောက်ပံ့မှုလည်းဖြစ်နိုင်သော မြန်မာနိုင်ငံ၏ ရှေးရိုးစဉ်လာ နံနက်အခါ၌ ဆွမ်းတော် လောင်းမှုသည် ရှေးရှေးအခါဝယ် ဏ္ဍေသိက္ခာဖြင့် စီတန်း၍ဝင်လာကြသော သံဃာတော်များကို နံနက်စောစော ဖူးမြင်ကြရသောကြောင့် ရပ်ရွာ၏ ကြက်သရေ မင်္ဂလာကို ဆောင်နိုင်သော အကောင်းဆုံး ဒါနမှုကြီး ဖြစ်ပါပေသည်။ (၃၆)

**ကောင်းစွာ ကျင့်ခဲ့ကြခြင်း**

“သုပ္ပဋိပတ္တိ-ကောင်းစွာ ကျင့်ခြင်း”ဟူသည် ဝိနည်းတော်၌ လာသော သိက္ခာသီလကို မကျိုးမပေါက်ရအောင် ကျင့်

---

(၃၅) သင္ဂြာယတန ဂါမဏိဝဂ္ဂသံယုတ်။
(၃၆) မြန်မာ့ ထုံးစံဟောင်း။

ခြင်း, သမထကမ္မဋ္ဌာန်း တမျိုးမျိုးကို အားထုတ်သော အားဖြင့် သမာဓိ (စိတ်တည်ကြည်မှု) ရအောင်ကြိုးစား ခြင်း, ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်သောအားဖြင့် ရုပ်နာမ်ခန္ဓာအပေါ်၌ အသိမှန်ပညာတိုးပွါးအောင်ကြိုး စားခြင်း, ဤ ၃-မျိုးကို ကျင့်နေခြင်း ကြံစည်နေခြင်း ကြိုးစားခြင်း အားထုတ်ခြင်းပင် ဖြစ်၏၊ ဗုဒ္ဓမြတ်စွာ၏ ဝါတော် ၂၀-အတွင်း၌ ရဟန်းသံဃာတော်အားလုံးပင် ဤကဲ့သို့ ကျင့်နေကြသောကြောင့် ဗုဒ္ဓမြတ်စွာသည် လွန်စွာ အားရတော်မူ၏၊ ဝါတော် ၂၀-ကျော်သော အခါ၌ကား ကောင်းစွာမကျင့်သူ အနည်းငယ်ပေါ်လာ သောကြောင့် "မည်သည့် အမှုကို မပြုမကျင့်ရ, ပြုကျင့် လျှင် မည်သည့်အာပတ်" ဟု နာမည်တပ်၍ သိက္ခာပုဒ် ကြီးတွေ ပညတ်တော်မူရလေသည်။ (၃၇)

**ပရိယတ်သင်ယူ ပို့ချမှု** ဗုဒ္ဓမြတ်စွာ ပွင့်တော်မူလာ၍ တရား ဟောတော်မူသောအခါ တရားတော် အတိုင်းကျင့်ကြံနေထိုင်ရသော အလုပ် သာမက ထိုတရားတော်ကို နာယူရခြင်း, မှတ်သားရ ခြင်း, မမေ့အောင် ဆောင်ထားရခြင်း, တဆင့်ဟော ပြသော အားဖြင့် ပို့ချရခြင်း အလုပ်များသည် မလွဲ မရှောင်သာဖြစ်ပေါ်လာ၏၊ ထိုအလုပ် ဖြစ်ပေါ်လာရာ ၌ ကျင့်ခြင်းအလုပ်ကို ပဋိပတ်ဟုရင်း, သင်ယူမှတ်သား၍ ဆောင်ထားခြင်း ပို့ချခြင်း အလုပ်ကို ပရိယတ်ဟုရင်း ခွဲခြား၍ ခေါ်ဝေါ်ရသည်၊ ထိုပရိယတ် အလုပ်ကို စိတ်

---

(၃၇) ပါရာဇိကကဏ်အဋ္ဌကထာ စသည်။

ကောင်း မစေတနာကောင်းဖြင့်ပြုလုပ်နေလျှင် လောဘ ဒေါသ မာန်မာနနှင့် ဣဿာမစ္ဆရိယစသော အကုသိုလ်တရား အဖြစ် နည်းပါး၍ ကုသိုလ် တရား အဖြစ် များသောကြောင့် ကောင်းစွာကျင့်ခြင်းအလုပ်ဟုပင်ခေါ်ရပေသည်။ (၃၈)

**ပရိယတ် ကျယ်ပြန့်လာခြင်း** ဗုဒ္ဓမြတ်စွာ၏လက်ထက်တော်အခါ၌ ပါဠိတော်နှင့် ဘုရားရှင် ကိုယ်တော်တိုင် အဓိပ္ပါယ်နားလည်အောင်ဖွင့်ပြသော အဖွင့်အနည်းငယ်ကိုသာ သင်ယူမှတ်သားရပါသော်လည်း ဘုရားရှင်ပရိနိဗ္ဗာန် စံတော်မူပြီး၍ ပဌမသံဂါယနာတင်စဉ်ကပင် အဋ္ဌကထာအစဉ် ပေါ်လာပြီးဖြစ်သောကြောင့် အဋ္ဌကထာကိုသင်ယူမှတ်သားရခြင်း, နောင်အခါ၌ အဋ္ဌကထာ၏ အဓိပ္ပါယ်ကို ဖွင့်ပြသော ဋီကာ ဂဏ္ဌိ အစရှိသည်တို့ပါ တဆင့်တဆင့် ပေါ်လာပြန်ရာ ထိုကျမ်းစာတို့ကိုပါ သင်ယူရခြင်းကြောင့် ယခုအခါ၌ ပရိယတ်သင်ယူပို့ချရသောကိစ္စသည် အလွန်ကျယ်ဝန်း၍ လာရလေသည်၊ ထိုအားလုံးကို တပါးတည်းက သိမ်းကျုံးပိုင်နိုင်မှုမှာ မဖြစ်နိုင်အောင် လက်လျှော့ရသောကိစ္စကဲ့သို့ ဖြစ်လာပါသည်၊ ထို့ကြောင့် နောင်အနာဂတ် ကာလဝယ် အခြေခံ ပရိယတ်ကိုသာ အများစုကသင်ယူကြ၍ အထက်ပိဋကတ်ပရိယတ် ဖြစ်သော ပါဠိတော် အဋ္ဌကထာ ဋီကာ စသည်တို့ကိုကား

---

(၃၈) သမ္မပ္ပဓာနဝိဘင်္ဂဋ္ဌကထာ။

ဝါသနာပါရာဝယ် ကောင်းစွာ နိုင်နင်းဘို့ရန်သာ ကြိုးစားသင့်ပေတော့သည်။ (၃၉)

**ပရိယတ်လည်း အကျင့်ဘက်ပါသင့်**

ပရိယတ်၌ စိတ်ဝင်စားမှု များနေသောအခါ အကျင့်ပဋိပတ်၌ အမှတ်တမဲ့ထား၍ ပေါ့လျော့သွားတတ်ပါသည်၊ ဗုဒ္ဓမြတ်စွာ၏အလိုမှာ ပရိယတ်ကို မဆောင်နိုင်သူ၏ အတင်းအကြပ် ဆောင်ယူ ရခြင်းကို လိုလားတော်မမူပါ၊ သီလသိက္ခာကိုသာ မကျင့်လျှင် မနေရအောင် အတင်းအကြပ် ပညတ်တော်မူပါသည်၊ ထို့ကြောင့် ပရိယတ်ကို သင်ယူကြ ပို့ချကြ ဟောပြကြရာ၌ လောဘ,ဒေါသစသော ကိလေသာ များလည်း သင်ယူရင်း ပို့ချရင်း ဟောပြရင်း နည်း၍နည်း၍သွားအောင် သဒ္ဓါ,ပညာ,သမာဓိ,ဝီရိယလည်း ကြီး၍ကြီး၍ လာအောင် အနာဂတ်ကာလ၌ မှုရင်းစိတ်ထားကိုပါ ပြောင်းလဲပေးနိုင်မှသာ ဗုဒ္ဓမြတ်စွာ၏ အလိုတော်ကျသော ပရိယတ်သင်နည်း ဖြစ်နိုင်စရာရှိပါသည်၊ ထိုသို့ လမ်းပြောင်း၍ မပေးနိုင်လျှင်ကား ဘုရားရှင်၏ အလိုတော်နှင့် ဆန့်ကျင်ဘက်ဖြစ်ကာ အကုသိုလ်ကို မတားနိုင်ဘဲ လှော်ရင်းနစ်နေသော သာသနာတော်ကြီး ဖြစ်နေပါလိမ့်မည်။ (၄၀)

**ပရိယတ်သည် သာသနာ့အမြစ်**

ပရိယတ်တို့တွင် ဝိနည်းပိဋကတ် ပရိယတ်သည် သာသနာတော်ဝင်လာသူတို့၏ ရှင်ပြုပုံရဟန်းပြုပုံနှင့်

(၃၉) လက်တွေ့မြော်မှန်းခြင်း။
(၄၀) မူလပဏ္ဏာသ-အလဂဒ္ဒူပမသုတ်။

နေပုံထိုင်နည်း အသီးအသီးကို ပြသောကြောင့် သာသနာတော် တရပ်လုံး၏ ရေသောက်မြစ်ကဲ့သို့ ဖြစ်၏၊ သုတ္တန်ပိဋကတ် အဘိဓမ္မာပိဋကတ် ပရိယတ်များသည် ကျင့်နည်းကြံနည်း တရားအားထုတ်နည်းတို့ကို ပြထားသောကြောင့် ပဋိပတ်သာသနာတော်၏ ရေသောက်မြစ်ကဲ့သို့ဖြစ်၏၊ နွားလားဥသဘတရာတထောင်ရှိသော်လည်း အမျိုးဆက်နိုင်မည့် နွားမတကောင် မပါလျှင် နွားမျိုးမဆက်နိုင်သကဲ့သို့၎င်း, စိန်ရွှေရတနာအိုးကြီးကို မြှုပ်ထားပြီးလျှင် ထိုအိုးကြီးကို ညွှန်ပြဘို့ရာ ကျောက်တိုင်အက္ခရာမရှိလျှင် ထိုရွှေအိုးကို မည်သူမျှ ထုတ်ဖော်သုံးစွဲမှုကို မပြုနိုင်သကဲ့သို့၎င်း ထိုအတူ ဝိနည်း သုတ္တန် အဘိဓမ္မာဟူသော ပရိယတ်သာသနာတော်သာမရှိလျှင် ရဟန်းသံဃာ အဆက်လည်းမရှိ ကျင့်စဉ်ပဋိပတ်လည်း ကွယ်ပျောက်ရမည်သာဖြစ်သောကြောင့် ပိဋကတ်ကျမ်းစာကို သင်ယူပို့ချမှုဟူသော ပရိယတ်သာသနာတော်သည် သာသနာတော်တရပ်လုံး၏ အခြေအမြစ်ဖြစ်ပါသည်။ (၄၁)

**အရှင်ဥပါလိနှင့် ဝိနည်းပရိယတ်**

အရှင်ဥပါလိသည် ရဟန်းဖြစ်ပြီးသောအခါ တောကျောင်း၌တရားအားထုတ်ခြင်းအလုပ်ဖြင့်သာ နေလိုသောကြောင့် ဘုရားရှင်ထံ တောကျောင်းနေလိုပါကြောင်း လျှောက်လေသည်၊ ထိုအခါ တောကျောင်းနေလျှင် သူ့အကျိုးသက်သက်ကိုသာ ဆောင်နိုင်၍

---

(၄၁) ကင်္ခာဝိတရဏီအဋ္ဌကထာ။

ဘုရားရှင်၏ အနီးအပါး၌နေ၍လျှင် ဝိနည်းကိုသင်ယူပို့ချလျက် သံဃာတော်အများ၏အကျိုးကိုပါ ဆောင်နိုင်မည်ကို မြော်မြင်တော်မူ၍ တောကျောင်း နေခွင့်ပေးတော်မမူဘဲ ဘုရားရှင်ကိုယ်တော်တိုင် ဝိနည်းပိဋကတ်ပရိယတ်ကို သင်ပေးတော် မူပါသည်၊ ဤနေရာဝယ် ပရိယတ်သင်မှုကို ဘုရားရှင်ကိုယ်တော်တိုင် ကြောင့်ကြစိုက်တော်မူကြောင်း သတိပြုသင့်ကြပါသည်၊ အရှင်ဥပါလိသည် နောင်အခါ၌ရဟန္တာဖြစ်၍ ဝိနည်းပိဋကတ်ပရိယတ်၌လည်း တဘက်ကမ်းရောက် တတ်မြောက်တော်မူကာ ဝိနည်းအရာဝယ် ဧတဒဂ်ရသော ပုဂ္ဂိုလ်အဖြစ်ဖြင့် ပဌမသံဂါယနာတင်သောအခါ ဝိနည်းပရိယတ်တာဝန်ကို ကောင်းစွာ ဆောင်တော်မူပါသည်။ (၄၂)

**အရှင်အာနန္ဒာနှင့် ပရိယတ်**

အရှင်အာနန္ဒာသည်ကား ဗုဒ္ဓမြတ်စွာ ဟောတော်မူအပ်သော တရားတော်အားလုံးကိုပင် ဗုဒ္ဓအထံတော်နှင့် အရှင်သာရိပုတ္တရာစသော ရဟန်းတော်များ၏အထံတော်မှ မပျောက်ပျက်အောင် ဆောင်ရွက် ထားရသော တာဝန်ကြောင့် ဘုရားရှိတော်မူစဉ် သောတာပန်အဖြစ်ဖြင့်သာ နေရ၍ ရဟန္တာဖြစ်ဘို့ ကြိုးစားခွင့်မရအောင် ရှိရပေသည်၊ သို့သော် ပဌမသံဂါယနာ တင်သောအခါ ရဟန္တာဖြစ်၍ သုတ္တန်ပိဋကတ်နှင့် အဘိဓမ္မာပိဋကတ်ကို တာဝန်ယူကာ သံဂါယနာတင်နိုင်ခဲ့ပါသည်၊ ဤသို့လျှင် ပရိယတ်တရားတော်များကို ဘုရားလက်

---

(၄၂) အင်္ဂုတ္တိုရ် ဧတဒဂ္ဂဝဂ် အဋ္ဌကထာ။

ထက်တော်မှစ၍ ရဟန္တာအဆက်ဆက် တို့သည်ရှင်း သာသနာ့ဝန်ဆောင် ထိပ်ခေါင်တင် ဆရာတော်အရှင် မြတ်တို့သည်ရှင်း အားကြိုးမာန်တက် ဆောင်ရွက်တော် မူလာခဲ့ကြခြင်းသည် ပရိယတ်သည်သာ သာသနာ တော်၏ အခြေအမြစ်ဖြစ်၍ ပရိယတ်ကွယ်ပျောက်လျှင် သာသနာတော် တရပ်လုံး ဆုံးရှုံးရမည့် အချက်ကို လေးနက်စွာ မြော်မြင်တော် မူကြခြင်းကြောင့် ဖြစ် ပါသည်။ (၄၃)

**သူပုန်ဘေးနှင့် သာသနာတော်အရေး**

သီဟိုဠ်ကျွန်းဝယ် စဏ္ဍာလ-တိဿ သူပုန်ဘေးကြီးဖြစ်ရာ အခါ၌ လူအများတို့ လုပ် ကိုင် စားသောက်ခြင်းငှါ မဖြစ်နိုင်သောကြောင့်ရှင်း မိုးခေါင်ရေရှား ဖြစ်နေသောကြောင့်ရှင်း ရဟန်း တော်များအတွက် အခက်အခဲ ကြုံတွေ့ရလေသော် ရဟန်းတော်အများပင် ဇမ္ဗူဒီပမဇ္ဈိမဒေသသို့ ပြောင်း ရွှေ့ကြရလေသည်၊ ခြောက်ကျိပ်မျှသော ရဟန်းတော် တို့ကား ကမ်းနားသို့ ရောက်ပြီးမှ တဘက်ကမ်းကူးမည့် ဖောင်ကြီးပေါ်သို့ မတက်ကြဘဲ ထိုင်တော်မှတ်သော သီဟိုဠ်ကျွန်း၌ပင် နေရစ်ကြလေသည်၊ ထိုသို့ နေရစ်၍ လူအများထံမှ ရသမျှသော သစ်အူ သစ်မြစ် သစ်ရွက် ကို စားသောက်ကာ (စာအုပ်ပေစာ မရှိသေးသော ထိုအခါဝယ်) နှုတ်တက်ရထားသော ပိဋကတ်တရား တော်များကို ရွတ်အံ၍ နေကြရှာလေသည်၊ တချို့

(၄၃) ပါရာဇိကဏ္ဍကထာ စသည်။

နေ့မျှားဥ္စကား သစ်အုသစ်ဖုမျှ မရကြသောကြောင့် လမ်းလျှောက်၍ စာမပြန်နိုင်လျှင် ထိုင်၍ စာပြန်ကြရ၏၊ ထိုင်၍မျှ စာမပြန်နိုင်လျှင် သဲတွေစု၍ သဲပုံပေါ်၌ ဦးခေါင်းတင်ကာ ကျမ်းစာများကို စိတ်ဖြင့်သာ ရွတ်အံတော်မူနိုင်ကြလေသည်။ (၄၄)

**ပြန်၍ အာရုံယူပါ** သာသနာတော်၏ မကွယ်ပအောင် တည်တံ့ဘို့အရေး၌ စာပေပရိယတ်ကို သင်ယူပို့ချခြင်းသည် အရေးကြီး၏၊ ရှေးရှေးဆရာတော် သံဃာတော်များသည် သာသနာတော်၏ အခြေခံဖြစ်သော ပရိယတ်တရားတော်ကြီး မကွယ်အောင် ကောင်းစွာလည်းကျင့် အဆင့်ဆင့်လည်း ဆောင်ရွက်ခဲ့ပေသည်၊ ဤအကြောင်းကို ကောင်းကောင်းသိသူ အဘယ်လူ အဘယ်နတ် အဘယ်ဗြဟ္မာ အဘယ်သတ္တဝါသည် အဘယ်မှာလျှင် စာပေသင်၍ ပို့ချနေကာ ကောင်းစွာလည်း ကျင့်နေသော သံဃာတော်ကို မကိုးကွယ်ဘဲ နေနိုင်ပါအံ့နည်း၊ အသက်ကို အပ်နှင်း၍ အရင်းဆုံး တပည့်အဖြစ်ဖြင့်ဒင်း သာသနာတော်တည်တံ့ရေးကို အားပေးသော ဒါယကာ ဒါယိကာမအဖြစ်ဖြင့်ဒင်း သာသနာအတွင်းသို့ ကိုယ်တိုင်ဝင်ရောက်၍ သာသနာ့ဝန်ထမ်းအဖြစ်ဖြင့်ဒင်း ယုံကြည်လေးမြတ် ဆည်းကပ်မြတ်နိုး ကိုးကွယ်မည်သာ ဖြစ်ပါသတည်း။ သာဓု-သာဓု-သာဓု။

---

(၄၄) ကေင်္ဂုတ္တရ-ပမာဒါဒိဝဂ္ဂဋ္ဌကထာ။

## ၅။ သာသနာ့သမ္ပဒါသွေး

**သွေးကို ဥပစာတင်ခြင်း**

ဤပြခဲ့သည့်အတိုင်း ဗုဒ္ဓ၏ စစ်မှန်ခြင်း, ဓမ္မ၏ ကောင်းမွန်ခြင်း, သံဃာတော်၏ ကောင်းစွာ ကျင့်ခြင်းအားဖြင့် တည်ထားအပ်သော သာသနာတော်သည် ကမ္ဘာပေါ်ဝယ် ကျေနပ်ဘွယ် အကောင်းဆုံး ဖြစ်သည်အားလျော်စွာ သာသနာ့ဝန်ထမ်း ရဟန်းတော်များသည် ဝမ်းပန်းတသာ ဂုဏ်ယူကာဖြင့် ထိုသာသနာတော်၏ အသွေး ကိုယ်တိုင်နွေးအောင် အမြဲ နွေးသင့်ကြပါသည်၊ ချဲ့ပါဦးမည်—လူတို့၏ အကြောတို့၌ လျှောက်သွားနေသော သွေးသည် တနေရာ၌ အေး၍ ခဲသွားလျှင် အနာရောဂါဖြစ်၏၊ သေခါနီးလျှင် ခြေလက်အစွန်အဖျားတို့၌ အေးစက်စက်ဖြစ်လာ၏၊ သေသောအခါ၌ကား တကိုယ်လုံး၌ရှိသော သွေးများအေး၍ သွားကြလေတော့၏၊ထိုသို့သွေးအေးခြင်း၌ အကြောင်းရင်းကား တကိုယ်လုံး၌ ပျံ့နှံ့လျက်ရှိသော "ဥသ္မာ" ခေါ် ကမ္မဇဓာတ်ငွေ့၏ ကုန်ဆုံးခြင်းပင် ဖြစ်လေသည်၊ ထို့ကြောင့် တကိုယ်လုံးအတွက် သွေးမအေးဘို့ အရေးကြီးသကဲ့သို့ ဗုဒ္ဓမြတ်စွာသာသနာတော်သွေးသည်ရင်း, သာသနာတော်ကို အသက်အပ်၍ လေးမြတ်ကြည်ညိုကြသော တိုင်းသူပြည်သား၏ တိုင်းသွေး ပြည်သွေးသည်ရင်း, မိမိ၏ ကိုယ်ရေးကိုယ်တာ သံသရာအတွက် သွေးသည်ရင်း အမြဲတစေ အေးမနေအောင် နွေးထိုက်ကြပါပေသည်။

**အမြင့်တက်၍ ကြည့်ပါ**

သဟာမ္ဗတိဗြဟ္မာ၏ ဗုဒ္ဓမြတ်စွာအား လျှောက်ထားသော စကား၌ "မျက်စိကောင်းသော ယောကျ်ားသည် ကျောက်တောင်ပေါ်သို့ တက်၍ အောက်သို့ ငုံ့ကြည့်သော အကြည့်မျိုးကဲ့သို့ အလုံးစုံကို အကုန်မြင်လောက်အောင် ဉာဏ်စက္ခုကောင်း၍ ကိုယ်တော်တိုင်က သောကကင်းဝေး စိတ်အေးတော်မူသော ဘုရားရှင်သည် အထက်တန်းပညာ မြင့်စွာသော ပြာသာဒ်သို့ တက်၍ သောကလှိုက်ဆူ အပူမစဲ ဝမ်းနည်းနေကြသော သတ္တဝါအများကို ရှုစားတော်မူပါ" ဟူသော စကားတရပ် ပါရှိပါသည်၊ ထိုစကားအလိုက် တိုင်းပြည်သာသနာတော်၏ အခြေအနေကို ကြည့်ရာ၌လည်း မိမိတို့ကြည့်နေကျ, မြင်နေကျဖြစ်သော မိရိုးဖလာအကြည့်မျိုးဖြင့် ကြည့်၍ အကျိုးအပြစ် မစိစစ်နိုင်ပါ၊ အခြားနိုင်ငံများမှ ရရှိသော ဒေသန္တရဗဟုဿုတ, ကျမ်းစာပိဋကတ်မှ ရရှိသော သာသနာတော် အစစ်အမှန်ဗဟုဿုတများကို အခြေခံလျက် ပညာဉာဏ်ပြာသာဒ်ပေါ်သို့ တက်၍ ကြည့်မှ ပတ်ဝန်းကျင် အခြေအနေကို အသေအချာ သိမြင်နိုင်ပါသည်။

**အပြိုင်ကြိုးစားနေသော ခေတ်သစ်**

ယခုခေတ်သည် မည်သည့်တိုင်းပြည်မျှ မိရိုးဖလာဖြင့် ကျေနပ်ကြသော ခေတ်မဟုတ်ပါ၊ အသစ်အဆန်းဖြစ်သော နည်းသစ်လမ်းသစ်ကို စမ်းသပ်ရှာဖွေ၍ ရသမျှ နည်းသစ်ကို

ကမ္ဘာသို့ ဖြန့်ကာ ထိုနည်းလမ်းအလိုက် ထိုက်သလို ကိုယ့်နည်းနှင့်ကိုယ် ကြိုးစားနေကြသော ခေတ်ဖြစ်ပါသည်၊ ထိုသို့ ကြိုးစားရာ၌ ဒေါသမာန်မာနသဘော အားဖြင့် မဟုတ်ဘဲ လူမျိုးသတ္တိကို ပြသောအားဖြင့် အပြိုင်အဆိုင် ကြိုးစားနေကြရပါသည်၊ နိုင်ငံချင်းသာ အပြိုင်အဆိုင် ကြိုးစားနေကြသည် မဟုတ်ပါ၊ ကိုးကွယ်သော ဘာသာချင်းလည်း မသိမသာ ပြိုင်လျက်ပင် ကြိုးစားနေကြပါသည်၊ ဤခေတ်မျိုးတွင် မြန်မာနိုင်ငံငယ် ဗုဒ္ဓဘာသာ၏ ခေါင်းဆောင်ဖြစ်သော အရှင်တို့က အမှတ်တမဲ့ နေကြထိုင်ကြ၍ မိရိုးဖလာ ပညာသင်နည်းမျိုးဖြင့်သာ သင်နေကြမည်ဆိုပါလျှင် သာသနာတော်ကို တိုင်းသူပြည်သား လူအများစုက အားကိုးစရာဟု ယူဆကြလိမ့်မည် မဟုတ်ပါ၊ အကယ်၍ ဗုဒ္ဓမြတ်စွာ၏ အလိုတော်ကျသော မူလ နေထိုင်နည်းဖြင့် နေထိုင်ကာ ပိဋကတ်ပညာကို အမြန်တတ်မြောက်၍ လူတို့အထံ ရောက်အောင် စီစဉ်နိုင်ပါလျှင် ဤသာသနာတော်သည် မြန်မာ၏ အထွဋ်အဖြစ်ဖြင့် တည်တံ့ နိုင်ရုံသာမက၊ ကမ္ဘာ့သရဖူလည်း ဖြစ်နိုင်ပါသည်။

**မှန်ကန်၍ သတ္တိကောင်းသွေး**

ဗုဒ္ဓမြတ်စွာ၏ သာသနာတော်သည် ပြခဲ့သော ပြည့်စုံခြင်းမျိုးဖြင့် ပြည့်စုံသော သာသနာဖြစ်၍ မှန်ကန်ကြောင်းကို ယခုခေတ် ကမ္ဘာ့ပညာရှိ အပေါင်းတို့က တစ တစ လက်ခံ လာကြပါပြီ၊ ထိုသာသနာတော်၏ သွေးကောင်းပုံကား ယခုအစည်းအဝေးတွင်ပါဝင်သော

အရှင်များ ကိုယ်တိုင် စဉ်းစားမိကောင်း စဉ်းစားမိပါလိမ့်မည်၊ ဗုဒ္ဓဘာသာကို နှစ်နှစ်ကာကာ နားလည်၍ ယုံကြည်နေသူရှင်လူတယောက်သည် မည်သည့်နေရာ၌မဆို မည်သူ့ကိုမျှ ရှုံ့ကြောက်ခြင်းမရှိပါ၊ ထိုသို့ မရှုံ့ကြောက်ခြင်းကား မိမိ၏ ဘာသာတရားတော်အရ သူတပါးအပေါ်၌ မတရားမကြံခြင်း, သူတပါး၏ဖြစ်ထိုက်သော အကျိုးကို ရိုးရိုးသားသားလိုလားခြင်း, မိမိတို့ဝါဒက စစ်မှန်၍ သူတပါး၏ အယူဝါဒက အားရဘွယ်မဟုတ်ခြင်းတို့ကြောင့် စိတ်ရင်း ကိုယ်က ထိုသူတို့အပေါ်၌ အထင်မကြီးခြင်းကြောင့် ဖြစ်ပါသည်၊ ထို့ကြောင့် ရှေးရှေးဆရာတော် အကျော် အမော်များနှင့် ကင်းဝန်မင်းကြီး ယောအတွင်းဝန်စသော လူပညာရှိသတ္တိခဲများ, ဗန္ဓုလစစ်သူကြီးစသော စစ်ဗိုလ်ကြီးများသည် မည်သည့်နေရာ၌မဆို သတ္တိကို ပြနိုင်ခဲ့ကြပါသည်။

**သတ္တိနှင့် သုတ ညီမျှသင့်ခြင်း**

သတ္တိ ကောင်း သော် လည်း သတ္တိချည်းကား ကိစ္စမပြီးနိုင်သေးပါ၊ "သူတပါးတို့၏ ပြည်၌ မည်ကဲ့သို့ ပြုကြပြင်ကြ ကြိုးစားနေကြသည်"ဟု သိဘို့ရန် ဒေသန္တရဗဟုသုတရှိဘို့ အရေးကြီးသကဲ့သို့, သာသနာရေး ဘာသာရေး၌လည်း အခြားဘာသာဝင်တို့၏ ပြုကြပြင်ကြပုံ, ရောက်ရာတိုင်းပြည်၏ အကျိုးကိုပြုနိုင်အောင် လေ့လာကြ ကြိုးစားကြ တကယ်လည်း အကျိုးပြုနိုင်ကြပုံစသော ဘာသန္တရဗဟုသုတလည်းအရေးကြီးလှပါသည်၊ ထိုသို့ဗဟုသုတမရှိလျှင် မိရိုးဖလာအလုပ်မျှဖြင့် ကျေ

နှပ်၍ ထိုအလုပ်မျှကို အထင်ကြီးကာ မမြင်ဘူး၍ မူးကို မြစ်ထင်မှုကြောင့်ရှေးကလည်းမှားခဲ့ကြ၊ နောင်ခါလည်း မှားကြဦးမည်မှာ ဓမ္မတာပင်ဖြစ်၍ လောကသာသနာ နှစ်ဖြာလုံး၌ပင် သတ္တိနှင့် သုတ ညီမျှအောင် ကြိုးစား သင့်ကြပါသည်။

**တိုင်းပြည်အကျိုးနှင့် သာသနာအကျိုး**

သာသနာ့ဝန်ထမ်း ရဟန်းတော်များသည် မြန်မာနိုင်ငံဝယ် ရှေးရှေးခေတ်အားလျော်စွာ သာသနာ့တာဝန်ကို ထမ်းဆောင်ရင်းပင် တဖက်တလမ်းက တိုင်းပြည် သာယာအောင်လည်း ကြိုးပမ်းတော်မူခဲ့ကြပါသည်၊ ကျေးရွာကျောင်းများ၌ ဘုန်းတော်ကြီးများသည် အများအားဖြင့် ရပ်သူ ရွာသားတို့၏ လေးစားကြည်ညိုခြင်းကို ခံနိုင်လောက်အောင် သီလ သမာဓိရှိတော်မူကြသည့်ပြင် ကလေးသူငယ်များကို ခေတ်အားလျော်စွာ စာရေး စာဖတ် ဂဏန်းသင်္ချာ ကိုးကြောင်းလင်္ကာတို့ကို သင်ပြ၍ စာရိတ္တ ကောင်းအောင်လည်း ဆုံးမသွန်သင်တော်မူခဲ့ကြသောကြောင့် ကလေးသူငယ်အရွယ်မှစ၍ အိမ်ထောင်ကျသည့်လူကြီးဘဝတိုင်အောင် ကျောင်းထိုင် ဘုန်းတော်ကြီးများကို ဆရာမှတ်မှတ်သွား မှတ် မှတ်ဖြင့် လေးမြတ်ရိုသေကာ အသောက်အစား အကစားမှုကိုပင် မပြုဝံ့ဘဲ ရှောင်လွှဲကြပါသည်၊ ဤနည်းအားဖြင့် မြို့ကြီး ပြကြီး ဆရာတော်ကြီးများလည်း သာသနာတော်၏ ပရိယတ် ပဋိပတ် တာဝန်ကို ထမ်းဆောင်တော်မူကြရင်းပင် မင်းကြီး စိုးကြီး တိုင်

အောင် သွန်သင်ဆုံးမတော်မူကာ တိုင်းကျိုးပြည်ကျိုးကို တဖက်တလမ်း ထမ်းဆောင်တော်မူကြပါသည်။

**စရိတ်နည်းပါး၍ အကျိုးများလှခြင်း**

အိမ်ခြေ ငါးဆယ်-တရာ ရှိသော ကျေးရွာ ၌ ထို ကဲ့ သို့ သော ကျောင်းထိုင် ဘုန်းတော်ကြီး တပါးအတွက် ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်း ၄-ပါးသည် မည်သို့မျှ တာဝန် မကြီးခဲ့ကြပါ၊ ထိုဘုန်းတော်ကြီးတပါးကြောင့် ရွာသူ သားငယ်တို့၏ အလွယ်တကူပညာသင်ယူနိုင်ခြင်းနှင့် လိမ္မာခြင်း, လူရွယ်လူလတ်တို့၏စာရိတ္တကို ထိန်းသိမ်းပေးနိုင်ခြင်း, လူကြီးသူမတို့၏ မေတ္တာ ကရုဏာဖြင့် အချင်းချင်း ယိုင်းပင်း ကူညီလေ့အကျင့်ကို ရရှိခြင်း,များစွာသော ကျောင်းသားသူငယ်တို့တွင် သာသနာတော်၌ သဒ္ဓါ တရားဖြင့် သာသနာ့ဝန်ကိုထမ်းလျက် ဆရာကောင်းဖြစ်လိုသူများပေါ်ထွက်၍ သာသနာတော်ကို အသက်ဆက်နိုင်ခြင်း, သာသနာ့ဝန်ကို မထမ်းနိုင်၍ လူ့ဘောင်တွင် နေထိုင်ကြသူတို့က သာသနာတော်ကို ထောက်ပံ့သော ဒါယကာများဖြစ်လာကြခြင်းတို့မှာ မျက်မြင်ကိုယ်တွေ့ကြုံတွေ့ခဲ့ကြသော အကျိုးကျေးဇူးများဖြစ်ပါသည်။

**ယခုခေတ်နှင့် သာ၍သင့်လျော်ခြင်း**

ယခု ခေတ်သည် အလုပ်များ စွာ လုပ်နိုင် သူကို ကြည်ညို သောခေတ်, အားကိုးသော ခေတ်ဖြစ်၏၊ အလုပ်များစွာလုပ်နိုင်အောင်အားအင်ကို ပြုပြင် ဖြည့်တင်း ပေးသော ဆေးကောင်း ဝါးကောင်း

များလည်း ပေါ်ထွန်းလာသော ခေတ်ဖြစ်၏၊ ပြခဲ့သော ကျောင်းထိုင် ဘုန်းတော်ကြီးများ၏ ကျေးရွာအပေါ်၌ မေတ္တာ ကရုဏာ အသိပညာဖြင့် စောင့်ရှောက်ခဲ့သော ခေတ်သည် တဖန်ပြန်၍ ဝေဝေဆာဆာ ဖြစ်ပေါ်လာလျှင် တိုင်းပြည် သာသနာ ၂-ဖြာလုံး အကျိုးဘက်က တိုးတက်ရမည်သာ ဖြစ်၏၊ ဤအကြောင်းကို ကောင်းကောင်းမြင်သောဆရာတော်များသည် ကျေးရွာဒေသ၌ ကျောင်းထိုင်ဘုန်းကြီး မလုပ်လိုကြသောအရည်အချင်းလည်း အထိုက် အလျောက် ရှိကြသော တပည့်များကို တိုက်တိုက် တွန်းတွန်းဖြင့် ကျေးရွာဒေသသို့ ပို့လိုက်ကြရာ ယခုအခါ အချို့ ရပ်ရွာဝယ် ရွာသူသားငယ်တို့၏ အားထားရာဖြစ်၍ လူကြီးသူမတို့၏ ကြည်ညိုလေးစားမှုကို ခံယူကာ ပျော်မွေ့တော်မူကြပါသည်-တဲ့၊ထို့ကြောင့် တိုင်းသွေး ပြည်သွေး သာသနာသွေးကို မအေးစေလိုသော အစိုးရနှင့်တကွ ရဟန်းရှင်လူ ပြည်သူအများသည် အလွန်ကောင်း၍ ခပ်ဟောင်းဟောင်း ဖြစ်နေသော ထိုခေတ်ကို ဆန်းသစ်သော နည်းတို့ဖြင့် မွမ်းမံပေးနိုင်ပါမူ စရိတ် နည်းနည်းဖြင့် အကျိုးများများ ပြီးနိုင်သော သာသနာ့အလုပ်ကြီး ဖြစ်ပါလိမ့်သတည်း။

**မထူထောင်လျှင် အပြစ်များ** — တိုင်းသွေး ပြည်သွေး သာသနာသွေးကို ပူနွေး စေနိုင်သော ဤအလုပ်ကြီးကို ထမြောက်အောင်မြင်အောင် မထူထောင်နိုင်လျှင် သာသနာတော်အတွက် လောက သံသရာ နှစ်ဖြာလုံး အမြတ်မထွက်ရုံသာမက

အရှိုးဘက်သို့ တိုးတက် လာပါလိမ့်မည်၊ ရှင်းပြပါဦးမည်—ကျေးရွာ ဒေသတို့၌ သာသနာ့ တာဝန်ကို ထမ်းဆောင်မည့် ပုဂ္ဂိုလ်များ နည်းပါးရာမှ တစတစ ကွယ်ပျောက် သွားလျှင် ကျေးရွာ ကျောင်းများတွင် ကျောင်းစောင့် နိုင်ရုံသာ အရည်အချင်း ရှိသော ဘုန်းကြီးများ နေထိုင်ကြရပါလိမ့်မည်၊ ထိုဘုန်းတော်ကြီးများသည် သာသနာ့ အသရေ မိမိ အသရေကို မဆောင်နိုင်ရုံမက ရပ်ရွာ၏ တတ်သိ လိမ်မာရေးကို လုံးလုံးပေးနိုင်တော့မည်မဟုတ်ပါ၊ ဤကဲ့သို့ သာသနာသည် ဘုရားရှင်ကို အထင်သေးအောင် ပြုရာရောက်နေသောကြောင့် တည်တံ့ နေခြင်းထက် ကွယ်ပျောက်သွားခြင်းက အပြစ်သက်သာဘွယ်ရှိပါလေသည်။

**ထင်းကလားတုံး မဖြစ်အောင်**

သင်းချိုင်း၌ သူသေကောင်ကို မီးရှို့သောအခါ အသုံးပြုရသောထင်းတုံးကို "ထင်းကလားတုံး" ဟုခေါ်ကြ၏၊ တထွာသာသာလောက် ရှိသော ထိုထင်းကလားတုံးတိုကလေးသည် နဂိုရ်ကပင် တဖက်သောအစ၌ မီးလောင်ထားသောကြောင့် မည်းနက်၍နေ၏၊ သင်းချိုင်းအနီးအပါး၌ နောက်ဖေးသွားသော လူတယောက်သည် ထိုတုံးကလေး၏ တဖက်သောအစကို အသုံးပြုပြန်ရာ ထိုတဖက်အစ၌ မစင်ပေ၍ နေပြန်၏၊ ထိုတုံးကလေးသည် ရွာထည်း၌ ထင်းအဖြစ်ဖြင့်လည်း အသုံးမပြုနိုင်တော့၊ တောထည်း၌ နောက်ထပ် မစင်သုတ်ရန် ဒုတ်တံအဖြစ်ဖြင့်လည်း အသုံးမပြုနိုင်တော့သကဲ့သို့ အမိမြန်မာပြည်

၏ သားကောင်း တယောက် အနေ အားဖြင့် နိုင်ငံ၏ တာဝန်ကိုလည်းမထမ်းသော, ခမည်းတော်ဘုရားရှင်၏ သာသနာ့တာဝန်ဖြစ်သော ပရိယတ် ပဋိပတ် တာဝန် ကိုလည်း မဆောင်သော ပုဂ္ဂိုလ်တပါးကို ထင်းကလား တုံးပမာ သားနှင့်မယားနှင့်နေကာ ရွာ၌လည်း အသုံး မကျ, တရားဓမ္မနှင့်နေကာ တော၌လည်း အသုံးမကျ သောကြောင့် ရွာ-တော နှစ်ဌာန၌ အသုံးမကျဟု ပစ်ပယ်ကြပါလိမ့်မည်။

ပြုပြင်ကြပါစို့ ပြခဲ့သောအစီအစဉ်အတိုင်း သာသနာ ရေး ဘာသာရေးကို မပြုပြင်နိုင်ကြ လျှင် သာသနာ မကွယ်သော်လည်း လောက သံသရာ နှစ်ဖြာလုံး၌ အကျိုးပြုနိုင်သော သာသနာ မဖြစ်နိုင်ဘဲ, ဝိနည်းတော်နှင့်လည်းညီ, ခေတ်နှင့်လည်း ဆီလျော် သောနည်းဖြင့် ပြုပြင်နိုင်ကြလျှင် လောက သံသရာ နှစ်ဖြာလုံး အကျိုးပြုနိုင်ဘွယ်ရှိ၍ သာသနာတော်သည် မြန်မာပြည်၏ အထွဋ်သာမက, ကမ္ဘာ့သရဖူတိုင်အောင် တိုးတက် နိုင်သောလမ်း ရှိပါသောကြောင့် ပရိယတ် စာသင်နည်း၌ရင်း,ပဋိပတ်ကျင့်စဉ်နည်း၌ရင်း ဘုရားရှင် ဝိနည်းတော်ကိုသာ မူထား၍ လမ်းမမှားအောင် ပြုပြင် သွားဘို့ရန် ချိန်တန်ခါခွင့် အသင့်ကြုံကြိုက် နေရကား ယခုလို အခါကောင်းကို လက်မလွှတ် စေဘဲ စိတ်ဇွဲ သန်သန်ဖြင့် ပြုပြင်ဘို့ရန် စိတ်အား ထက်သန် စေလို ပါသည်။——သာဓု-သာဓု-သာဓု။

## ၆။ အနာဂတ်ပြုပြင်ရေး

**ပြုပြင်ဘို့ရန် ဝန်မလေးသင့်**

သာသနာတော်ကို မြှင့်တင် ဘို့ရန် ပြုပြင်ရသော ပဌမအချိန်မှာ တာဝန်ကြီးကြီး ထမ်းကြရမည် ဖြစ်ပါသော်လည်း ထိုတာဝန်ထမ်းမှုကြောင့် မိမိအကျိုး သာသနာတော်အကျိုးတိုင်းပြည်အကျိုးတို့ ပွါးတိုးလာမည်မှာ ကေန်ဖြစ်၍ စင်စစ်ထမ်းထိုက်လှပါသည်၊ ထိုသို့မထမ်းလျှင် အနာဂတ်ကာလ၌ မိမိတို့ကဲ့သို့ တာဝန်ထမ်းမည့်ရဟန်းတော်များ ထွက်ပေါ်လာဘို့ရန် လွယ်-မလွယ်ကိုင်၎်း, လောကသာသနာ ၂-ဖြာလုံး၌ စာရိတ္တပျက်ပြုန်းနေပုံမှာ မည်မျှလောက် တိုးပွါးနေ၍ မည်မျှလောက် ကြောက်ရွံ့ဘွယ် ကောင်းနေသည်ကိုင်၎်း, ဤအတိုင်း အကျိုးအပြစ် မြင်ပါလျက် ဥပေက္ခာ ပြု၍ လျစ်လျူရှုသွားကြလျှင် မိမိတို့မှာ တာဝန် ကျေ-မကျေ ပါရမီကုသိုလ် အရနည်း-မနည်းကိုင်၎်း စဉ်းစားတော် မူကြပြီးလျှင် အဆင်သင့် ရောက်နေသော ပြုပြင်ရေးခေတ်ဝယ် သာသနာတော် ပြုပြင်ဘို့ရန်လည်း ဝန်မလေးသင့်ဟု ယူဆပါသည်။

**စာတတ်ပုဂ္ဂိုလ်များ ထွန်းကားရေး**

ယခုခေတ် စာချ ပုဂ္ဂိုလ် များတွင် တကယ်ပင် ကြိုးစားသော ပုဂ္ဂိုလ်သည် အများအပြား ရှိပါသေး၏၊ တချို့မှာ ကျန်းမာရေးမပြည့်စုံပါဘဲ သဲသဲမဲမဲပို့ ချတော်မူကြ၏၊ စာသင်ပုဂ္ဂိုလ်များတွင်လည်း အထူးကြိုးစားသူတွေအများအပြားပင်ရှိပေ၏၊တချို့မှာ သေသေကျေ

ကျေကြိုးစားကြ၏၊ သို့ရာတွင် အများစု၏ကြိုးစားမှုမှာ စာမေးပွဲ သာလျှင် ပန်းတိုင် ဖြစ်နေ၏၊ စာမေးပွဲ ဟူသည်မှာ စာတတ်ခြင်း၏ အခြေခံသာဖြစ်၏၊ လောကီသာသနာ ၂-ဖြာလုံး၌ပင် စာမေးပွဲအောင်ရုံသက်သက်ဖြင့် "စာတတ်"မဖြစ်နိုင်ပါ၊ စာမေးပွဲ အောင်ပြီးနောက် ဆိုင်ရာကျမ်းစာ ဆိုင်ရာအလုပ်ကို လက်တွေ့လုပ်၍ **အ**သားကျမှသာ ဆိုင်ရာ အတတ်၌ အထိုက်အလိုက် ကျွမ်းကျင်သူ ဖြစ်နိုင်ပါသည်၊ ရှေးခေတ်၌ ကျမ်းပြုပညာရှိပုဂ္ဂိုလ်ထူးတို့သည် စာအောင်ပုဂ္ဂိုလ်များမဟုတ်ကြပါ၊ အချို့ ဟုတ်စေကာမူ လက်တွေ့ အလုပ်တွင် ကျွမ်းကျင်ပြီး ဖြစ်ကြပါသည်၊ ထို့ကြောင့် အနာဂတ်ကာလ၌ စာမေးပွဲများကိုလည်း အခြေခံရမှုကို ရှေးရှု၍ ခတ်မြန်မြန်ပြီးမြောက်အောင် ပြုပြင်သင့်ကြပါသည်။

**သမာဓိလည်း ရဘို့လိုခြင်း** ဗုဒ္ဓမြတ်စွာသည် များစွာသော နေရာတို့၌ "သမာဓိရှိမှ အစစ်အမှန်ကို သိနိုင်၏"ဟု ဟောတော်မူပါသည်၊ လက်တွေ့အားဖြင့်လည်း အထက်တန်းပညာလိုက်စားသူတိုင်းပင် မိမိသမာဓိကို မိမိဘာသာထူထောင်ဘို့ရာ ဆိတ်ငြိမ်သော နေရာကို ရှာဖွေ ကြရပါသည်၊ ထို့ကြောင့် ပိဋကတ်စာပေပညာကို လိုက်စားသော ရဟန်းတော်တို့အတွက် ငြိမ်သက်တိတ်ဆိတ်မှုသာမက သမာဓိ အားကောင်းဘို့ရာ ဘာဝနာ တမျိုးမျိုးကိုလည်း ဝါသနာအားလျော်စွာကြိုးစားသင့်ကြပါသည်၊ မြန်မာမင်းများလက်ထက်က ဆရာတော်များသည် နေ့အခါ၌ စာပေ

ပို့ချ၍ ညဥ့်အခါ၌ ဘာဝနာ ပွါးလေ့ ရှိတော်မူကြကြောင်းကို ကြားဘူးပြီးဖြစ်ကြပါလိမ့်မည်၊ တိုးတက်ရေးကို လိုလားသော ယခုခေတ်၌ သာမဏေဘဝမှစ၍ ဗုဒ္ဓါနုဿတိ မေတ္တာစသောရိုးရာဘာဝနာကို နှုတ်ရရွတ်ဆိုရုံဖြင့် မပြီးသေဘဲ ဘာဝနာအလုပ်သစ်တခုအဖြစ်ဖြင့် ကြိုးစားပေးမှသာ သမာဓိတိုးပွါးလာဘွယ်ရာရှိပါသည်။

**အနေအထိုင်စသည် ပြုပြင်သင့်ခြင်း**

အနာဂတ် ကာလဝယ် သာသနာ့ဝန်ထမ်း ရဟန်း သာမဏေများ၏ အနေအထိုင် အသွားအလာ အဝတ်အစား စိတ်နေသဘောထားပါ ယခုထက် အဆင့်အတန်း မြင့်လာအောင် ကြိုးစားသင့်ကြပါသည်၊ ကျေးရွာဒေသ၌ နေကြရသူ လူအများစုသည် စိတ်နေသဘောထား ရိုးသား ဖြူစင်ပါလျက် အနေအထိုင် အဝတ် အစား အသွား အလာ မတတ်ခြင်းကြောင့် မြို့ပြသို့ရောက်သောအခါ အထင်သေးခံကြရသကဲ့သို့ ရဟန်းသာမဏေများလည်း ထို့အတူပင် အထင်သေး ခံကြရပါသည်၊ ထိုအထင်သေး ခံရမှုသည် သာမန်ကိစ္စမဟုတ်ပါ၊ မိမိအတွက် အလုပ်ကိစ္စ တိုင်း၏ အနှောက်အယှက် ဖြစ်နိုင်၍ မိမိပါဝင်သော သာသနာတော်ကိုလည်း အထင်သေးခံရမည့်ပြင် မိမိကို ရှိခိုးဦးချသော နိုင်ငံသူ နိုင်ငံသားကိုပါ တိုင်းတပါးသားတို့၏ အထင်သေး အမြင်သေးကိုခံရတတ်ပါသည်၊ ထို့ကြောင့် သာသနာအရေးနှင့် တိုင်းပြည်အရေးကို အလေးပြုလိုပါလျှင် မိမိကိုယ်ရေးကိုပင် ပြုပြင်သင့်ကြပါသည်။

**တိုင်းပြည်ကို ငဲ့ပါ** ယခုခေတ်၌ တိုင်းပြည် အချင်းချင်း ဂုဏ်ပြိုင်နေကြရ ကြောင်းကို ရှေး၌ ပြခဲ့ပါပြီ၊ ဂုဏ်ပြိုင်ကြ သောကြောင့် ပင် တစုံတခု ပြိုင်ဆိုင်မှု၌ အနိုင်ရလာခဲ့သော အသင်း အပင်းအား (သို့မဟုတ် တစုံတယောက်အား) တခမ်း တနားဂုဏ်ပြုကြရပါသည်၊ ထိုသို့ဂုဏ်ပြုခြင်းကား အနာ ဂတ်ကာလ၌ ဤကဲ့သို့ ဂုဏ်ထူးဆောင်များ ထွန်းကား လာစေဘို့ရန် ဖြစ်ပါသည်။

ဗုဒ္ဓဘာသာကို လူများစု ကိုးကွယ်နေသောကြောင့် ဗုဒ္ဓဘာသာ နိုင်ငံ တနိုင်ငံဟု ကမ္ဘာကအသိအမှတ်အပြု ခံရသော ဤနိုင်ငံသို့ ဒေသန္တရ ဗဟုသုတဟုရင်း, ချစ် ကြည်ရေးဟုရင်း အမည်ခံ၍ ရောက်လာကြသော နိုင်ငံ ခြားသားတို့သည် စေတီများနှင့်အတူ သင်္ကန်းဝါကို ဆင်တူဝတ်ကြသော မိမိတို့ကိုမြင်သောအခါ အရာရာကို စုံစမ်းကြပါသည်၊ ထိုသို့ စုံစမ်းရာ၌ ဂုဏ်ပြုစရာအနေ အားဖြင့် မျက်နှာတင်းတင်း နှုတ်ရှင်းရှင်းဖြင့် ပြောပြ လိုကြပါသည်၊ ဂုဏ်သိက္ခာ ကင်းမဲ့သောအနေကို နိုင်ငံ ခြားသားတို့အား မပြလို မပြောလိုကြပါ၊ အခါတပါး၌ နိုင်ငံခြားမှ သမတတဦးကို ပွဲလမ်းများဖြင့် ညှို့ဝတ် ပြုနေစဉ် အဝတ်ဝါအရှင်များကို မြင်၍ မေးမြန်း သောအခါ အိမ်ရှင် လူကြီးတို့မှာ မပီတပီဖြင့် မကြည် မသာ ဖြေဆိုရပါသည်တဲ့၊ ထို့ကြောင့် အနာဂတ် ကာလ၌ တိုင်းပြည်ကို ငဲ့သောအားဖြင့် မိမိ၏ အနေ အထိုင် အသွားအလာ အပြောအဆို အမူအရာကို ဣန္ဒြေ

ရသည့်ထက်ရအောင် ပြုပြင်၍ မသွားသင့်သော နေရာများသို့ မသွားဘဲ ရှောင်ရှား သင့်ကြပါသည်။

**ဘာသာသာသနာကို ငဲ့ပါ**

သာမန် ရိုးရိုး နေသော အရှင်တို့သည် ''အခြား ဘာသာဝင်တို့ မည်ကဲ့သို့ ကြိုးစားနေသည်'' ဟု မသိမမြင်နိုင်ပါ၊ ဘာသန္တရကို စုံစမ်းသော ပုဂ္ဂိုလ်များက အခြားဘာသာဝင်တို့ ကြိုးစားပုံ၊ ထိုဘာသာရေးကို အကြောင်းပြု၍ နိုင်ငံရေးကိုပါ ကြိုးစားပုံကို တွေ့မြင်ရသောအခါ အစားအဝတ်နှင့် နေစရာတွေ့မျှတနေပါလျက် ဧကစက်နေကြသော ပုဂ္ဂိုလ်အများစုကို ကြည့်ရှုကာ အားမလိုအားမရ ဖြစ်နေကြပါသည်၊ မိမိတို့ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို အတုမဲ့ သာသနာဟု တကယ်ယုံကြည်ကြပါလျှင် သာမန်သီလသိက္ခာဖြည့်ရုံဖြင့် အားမရသင့်ပါ၊ အတုမဲ့ သာသနာဟု မယုံကြပါလျှင်လည်း စား ဝတ် နေ အတွက် ဝင်ရောက်နေသလို ဖြစ်ရကား ဘုရားပေးသော အဝတ်အစားကို ဝတ်စားနေခြင်းအားဖြင့် ယောကျ်ားမပီသနိုင်ပါ၊ ထို့ကြောင့် ဘာသာ သာသနာကို ငဲ့ညှာတတ်သူ မည်သူမဆို ဇွဲနွဲကြီးကြီးထား၍ စကားပြောနည်းပါးလျက် သာသနာ့အလုပ်ကိုသာ တွင်တွင်ကြီးလုပ်သင့်ကြပါသည်။

**ကိုယ့်ကိုယ်ကို ငဲ့ပါ**

''နတ္ထိ အတ္တသမံ ပေမံ''ဟု ဟောတော်မူသည့်အတိုင်း မည်သူမဆို မိမိကိုယ်ကို ငဲ့စရာ အကောင်းဆုံး ဖြစ်ပါ

သည်၊ ထို့ကြောင့် မိမိကိုယ်ကို ငဲ့ရပါမည်၊ ထိုသို့ ငဲ့ရာ၌ အရှည်မြော်နိုင်မှ ငဲ့ရာရောက်ပါမည်၊ တခဏကြည့် တဘဝကြည့်လောက်သာ ကြည့်ကာ စိတ်သွားတိုင်း ကိုယ်ပါ၍ လိုရာကို လုပ်နေခြင်းမှာ "ကိုယ့်ကိုယ်ကို ချစ်ရာမရောက်ဘဲ နှစ်ရာရောက်သည်"ဟု ရှေးလူကြီးတို့ ပြောကြပါသည်၊ ထို့ကြောင့် မိမိကိုယ်ကို နှစ်ရာမရောက်ဘဲ ချစ်ရာရောက်အောင် ခမည်းတော်ဘုရား၏ ဩဝါဒတော် အများတွင် သီလကို ဖြည့်ကျင့်မှု ဟူသော ပဌမဩဝါဒတော်ကို လိုက်နာဘို့ ကြိုးစားသင့်ပါသည်၊ ပဌမဩဝါဒတော်ကို လိုက်နာ၍ အသားကျသောအခါ သမာဓိဖြည့်မှု ပညာဖြည့်မှုဟူသော ဩဝါဒများကိုလည်း အဆင့်ဆင့် လိုက်နာလိုသော ဆန္ဒများ အလိုလိုဖြစ်လာပါလိမ့်မည်။

**မြန်မာ့စာရိတ္တကို ထိန်းနိုင်ခြင်း**

ယခုအခါ စာရိတ္တ ကျဆင်းခြင်းသည် မိမိတို့ သာသနာသာမက, ဘာသာတိုင်းမှာပင် ညည်းညူနေရသော ကိစ္စဖြစ်၏၊ ဘာသာတိုင်းသာ မကသေး, နိုင်ငံတိုင်းမှာပင် အမြော်အမြင် ကြီးမားသူတိုင်း ညည်းညူနေကြရပါသည်၊ ဤစာရိတ္တ ကျဆင်းမှုတခုကိုသာ မပြုပြင်နိုင်ပါလျှင် မည်သည့်အရာကြီးကို ပြုပြင်နိုင်စေကာမူ စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေနိုင်ကြမည် မဟုတ်ပါ၊ အကယ်၍ ချမ်းသာသည်ဟု ဆိုပါလျှင် ထိုချမ်းသာသည် သောကကင်းဝေး ငြိမ်းအေးချမ်းသာသော လူ့ချမ်းသာမျိုးမဟုတ်ဘဲ တိရစ္ဆာန်ချမ်းသာမျိုးသာ ဖြစ်ပါလိမ့်မည်၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် သာသနာဝင်

အရှင်မြတ်တို့သာ မိမိတို့စာရိတ္တကို ပဌမထိန်း၍ ကျေးရွာဘုန်းတော်ကြီးများက ကျေးရွာ၏စာရိတ္တကို ထိန်းပေးကြမည်ဆိုပါလျှင် မြန်မာနိုင်ငံအတွက် လူ့ချမ်းသာအစစ်ကို ရနိုင်ဘို့ရာ များစွာမြော်လင့်ချက်ရှိပါသည်။

**ကဿပမြတ်စွာ၏ နောက်ပိုင်းသာသနာ**

ကဿပမြတ်စွာဘုရား၏ သာသနာတော်သည် နောက်ပိုင်းသို့ ကျရောက်သောအခါ လူအများတို့ စာရိတ္တပျက်ပြားရာတွင် ရဟန်းသာမဏေများလည်း ပါဝင်နေကြလေသော်....သူတော်စဉ် ရဟန်းခုနစ်ပါးသည် သံဝေဂဖြစ်သောကြောင့် တောင်ထိပ်ပေါ်သို့ လှေကားဖြင့် တက်သွား၍ တောင်ထိပ်ရောက်သောအခါ လှေကားကိုဖြုတ်ချပြီးလျှင် သေသေကျေကျေ တရားအားထုတ်ကြပါလေသည်၊ ထိုရဟန်းတော်များတွင် ရဟန်းတော် ၂-ပါးသည် အနာဂါမ် ရဟန္တာဖြစ်ကြ၍ ကျန် ၅-ပါးမှာ ဤဘုရားလက်ထက်တော်၌ ကျွတ်တန်းဝင်ကြပါသည်၊ ထိုကဲ့သို့ အားမထုတ်ကြဘဲ စာရိတ္တပျက်ပြားနေကြသော ရဟန်းသာမဏေတို့ကားသေသည့်အခြားမဲ့၌ ငရဲကျ၍, ငရဲမှလွတ်သောအခါ ဤဘုရားရှင် လက်ထက်တော်ဝယ် ဂိဇ္ဈကုဋ်တောင်၌ ပြိတ္တာအများ ဖြစ်လာကြသည်ကို အရှင်မောဂ္ဂလ္လာန် တွေ့မြင်ရသည်ဟု ကျမ်းစာတို့၌ အဆိုရှိပါသည်၊ မိမိတို့လက်ထက်၌ ထိုမျှလောက်မပျက်စီးသေးသော စာရိတ္တကို ယခုနှယ်က ကြိုတင်၍ ပြင်ဆင်မသွားလျှင် ကဿပဘုရားရှင်၏ နောက်ပိုင်းသာသနာအသွင်ကို နောင်လာနောက်သားတို့ တွေ့မြင်ရစ်ကြရပါတော့မည်။

**မယုံလျှင်လည်း တမျိုးပြင်ပါ**

ကျမ်းစာတို့၌ တိုက်ရိုက်လာသော ထိုစကားကို မယုံကြည်ဘဲ "ငရဲမရှိ, ပြိတ္တာမရှိ" ဟု ယူဆပါလျှင် ဘုရားရှင်ကိုလည်း မယုံကြည်ပြီးဖြစ်နေတော့ရကား ဘုရားရှင်၏ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေအဖြစ်ဖြင့် မနေသင့်တော့ပါ၊ အကယ်၍နေလျှင် စားဝတ်နေရေးအတွက် သက်သက်ခိုဝင်ခြင်းသာ ဖြစ်သောကြောင့် အောက်တန်းယောကျ်ား ဘိန်းစားလောက်မျှ အရည်အသွေးမရှိတော့ပါ၊ ထို့ကြောင့် မယုံကြည်လျှင် သာသနာ့အဝတ်ဝါကို ချွတ်ခွါလိုက်ဘို့လမ်းနှင့်, ယုံကြည်လျှင် ငရဲပြိတ္တာဖြစ်စရာမဟုတ်သော ကောင်းမွန်စွာအကျင့်လမ်းသို့သာ ဖြောင့်ဖြောင့်တန်းတန်းလိုက်ဘွယ်ရှိပါတော့၏။

ငရဲဆိုသည်မှာ ပြောမယုံကြုံမှသိရသဖြင့် "ဒု-သ-န-သော" ဟု အော်ကြသော သူဌေးသားတို့မှာငရဲသို့ လက်တွေ့ရောက်မှ လူ့ဘဝကို တမ်းတရှာကြပါသည်၊ ဘုရားအလောင်းတော် တေမိမင်းသား ကလေးကားငရဲ၌ ခံခဲ့ရပုံကို မြင်နေသောကြောင့် ရှင်ဘုရင့်စည်းစိမ်ကိုပင် မလိုချင်တော့ဘဲ တောထဲသို့ ထွက်တော်မူပါသည်၊ ဤကဲ့သို့သော ဘုရားတရားတော်ကို ယုံကြည်ပါလျက် အပျက်ပျက် အယွင်းယွင်း မသန့်ရှင်းသော သိက္ခာဖြင့် နေထိုင်ခြင်းမှာ တိုင်းပြည် သာသနာနှင့် မိမိကိုပါ ချစ်ရာမရောက်ဘဲ နှစ်ရာသာ ရောက်နေပါသည်။

**လောကီရေးတွင် သာသနာရေးမဝင်**

သာသနာရေး၌ "မည်သည့်အမှုကို မပြုရ" စသော ပညတ်ချက်တွေ့ပါသောကြောင့်"သာသနာရေးသည် လောကီရေးတွင် ပါဝင်နှောက်ယှက်နေသည်" ဟု ယူဆဘွယ်ရှိပါ၏၊ ထိုယူဆချက်ကို အောက်ပါအကြောင်းအရာများဖြင့် ရှင်းလင်းသင့်ပါသည်၊ သာ-သနာ့အဆုံးအမကို (ဘုရားလက်ထက်တော်၌ပင်)လိုက်လိုသူ လိုက်နိုင်သူများသာ လိုက်နာခဲ့၍ မလိုက်နိုင်သူကို အတင်းအကြပ်လိုက်နာရမည်ဟု ပညတ်တော်မမူခဲ့ပါ၊ ရာဇဂြိုဟ်မြို့ဝယ် ဝေဠုဝန်တိုက်တော်၌ ဘုရားရှင်သီတင်းသုံးတော်မူလေ့ ရှိပါသည်၊ သောတာပန်ဖြစ်ပြီးသော ဗိမ္ဗိသာရမင်းလည်း အုပ်ချုပ်နေပါသည်၊ ထိုမင်းလက်ထက်မှာပင် "ဥပုသ်နေ့စသော နေ့ကြီးရက်ကြီးများ၌ သားငါးတို့ကိုမသတ်ရ"ဟု ကြွေးကြော်ရသောကြောင့် "အခြားရက်များဝယ် သားငါးတို့ကိုသတ်နေကြသည်" ဟု သိသာပါသည်၊ ထိုမင်းလက်ထက်၌ပင် တံကျင်လျှို၍ သတ်ရသောကိစ္စကို ကာဠဝလိယ (ကာကဝလ္လိယ) ဇာတ်၌တွေ့ရပါသည်၊ ဝေသာလီပြည်၌ သီဟစစ်သူကြီးကား သောတာပန်ဖြစ်ပြီးပါလျက် စစ်တပ်၏ သေနာ-ပတိဖြစ်နေပါသည်၊ ဤအချက်များကိုထောက်ထား၍ "ဘာသာရေး သာသနာရေးသည် လောကီရေး၌ အနှောက်အယှက်မပေး" ဟု သိစေလိုပါသည်။

**သာသနာကို အတွင်းကဖျက်**

ဗုဒ္ဓမြတ်စွာသည် အရှင်မဟာကဿပအား မိန့်တော်မူအပ်သော သာသ-နာကွယ်ကြောင်းတရားတို့တွင်"ရွှေ

ဆိုင်များ၌ ရွှေတုတန်းဆာတွေ ပေါ်လာလျှင် ရွှေအစစ် တန်းဆာသည် ရောင်း၍ မတွင်ကျယ်တော့ဘဲ သိမ်းဆည်းထားရာ၌ ကွယ်ပျောက်နေရသကဲ့သို့ သာသနာတော်၌ တရားအတု ရဟန်းအတုတွေ များလာလျှင် တရားအစစ် ရဟန်းအစစ်များ ကွယ်ပျောက်ရမည်” ဟု မိန့်တော်မူပါသည်။ [နိဒါနဝဂ္ဂ, ကဿပသံယုတ်၊] ဤမိန့်တော်မူချက်ကို ဦးထိပ်ရွက်ထား၍ စဉ်းစားကြပါလျှင် သာသနာတော်ကို အပြင်လူ အပြင်ဝါဒများက ဖျက်၍ မပျက်နိုင်၊ အတွင်းပုဂ္ဂိုလ်တို့ဖျက်မှ ကွယ်ပျောက်ပျက်စီးနိုင်ကြောင်း ထင်ရှားပါသည်၊ ထို့ကြောင့် ဗုဒ္ဓဘာသာကို အတွင်းကျကျ ကိုးကွယ်ကြသော ကျောင်းဒါယကာ ဒါယိကာမများ, ရှင်ရဟန်း ဒါယကာ ဒါယိကာမ မိဘများနှင့် ဆရာသမား ဆရာတော်အများတို့သည် ဖျက်လိုသော စိတ်မပါသော်လည်း ဖျက်ရာရောက်နေမည့် အမှုအရာများကို မြစ်တား၍ ကြံ့ကြံ့ခံနိုင်ကြမည်ဖြစ်ပါမူ ဤသာသနာတော်ကို မည်သူမျှ ဖျက်ဆီးနိုင်လိမ့်မည်မဟုတ်ပါ။

**တာဝန်ရှိသူများ** သာသနာတော်ကို သန့်ရှင်းအောင် ပြုပြင်ရာ၌ တာဝန်ရှိသော အတွင်းပုဂ္ဂိုလ်တို့မှာ (၁)မိမိကိုယ်တိုင်, (၂)မိဘ, (၃)မူလဆရာတော်,(၄)စာသင်တိုက်ဆရာတော်, (၅)ကိုးကွယ်သောလူဝတ်ကြောင်များ, (၆)အစိုးရ၊ ဤသို့ ၆-မျိုးရှိရာ မိမိကိုယ်တိုင် တာဝန်သိသိဖြင့် ပြုပြင်ပြီးဖြစ်သော ပုဂ္ဂိုလ်,သတိရ၍ ပြုပြင်လိုက်သော ပုဂ္ဂိုလ်တို့မှာ အများ

အပြားရှိပြီးဖြစ်ကြပါသည်၊ မိဘများသည် အနာဂတ်ကာလ၌ သဒ္ဓါတရားရှိသောသားကိုသာ သာသနာသို့ သွင်းသင့်ကြပါသည်၊ မူလဆရာသမားများသည် ပရိယတ်သင်လိုသူ သို့မဟုတ် ပဋိပတ်ကျင့်လိုသူမဟုတ်လျှင် သာသနာ၀င်ခွင့် မပြုသင့်ပါ၊ မြို့စာသင်တိုက်များသို့ လွှတ်သောအခါ မိမိတာ၀န်ခံဖြင့် စေလွှတ်ရပါလိမ့်မည်၊ စာသင်တိုက် ဆရာတော်များကား မိဘနှင့် မူလဆရာစသူတို့က ကိုယ်တိုင်လာ၍ အပ်နှံမှသာ လက်ခံသင့်ကြပါသည်၊ ကိုးကွယ်သော လူ၀တ်ကြောင်များသည် ဗုဒ္ဓ၀ိနည်းတော်ကို နည်းနည်းပါးပါး နားလည်သင့်ကြပါသည်၊ ဤသို့ ၂-၃-၄ ဆိုင်ရာတို့က စောင့်ရှောက်ပါလျက် ၀ိနည်းတော်အရ ကျေနပ်ဖွယ်မတွေ့ရလျှင် တွေ့မြင်သူတိုင်းက ဂရုမစိုက်ဘဲ နေလိုက်ရုံသာဖြစ်၍ အစိုးရတာ၀န်မှာ စည်းကမ်းလွန်လာသူများတွင် တာ၀န်ခံ မရှိသော အတုအယောင်များနှင့် ပါရာဇိကကျပြီးဟု ထင်ရှားသူများကိုဖယ်ရှား၍ တာ၀န်ခံရှိသူများကိုကား အမှတ်အသားဖြင့် ဆိုင်ရာတာ၀န်ရှိသူတို့ထံ သတိပေးဘို့ရန်သာ လိုလားအပ်ပါသည်။

**ပြုပြင်ရမည့် စည်းကမ်း**

ပြုပြင်ရမည့်စည်းကမ်းမှာ အသစ်အဆန်း မဟုတ်ပါ၊ ၀ိနည်းတော်မှာ ပါရှိသော သိက္ခာပုဒ်တော်များမှ ထုတ်နုတ်၍ ခေတ်အားလျော်စွာ စည်းကမ်းပြုလုပ်ထားသော ဓမ္မ၀ိနယ အမိန့်တော်ပြန်တမ်းအတိုင်းပင် ဖြစ်ပါသည်၊ ထိုအမိန့်တော်ပြန်တမ်းသည် သုဓမ္မာဆရာတော်များ သဘော

တူစီစဉ်၍ ရှင်ဘုရင်အမိန့်ဖြင့် တိုင်းပြည်သို့ ထုတ်ပြန်ထားသော ပြန်တမ်းဖြစ်၍ မြန်မာမင်းများလက်ထက်က အတည်ပြုပြီးဖြစ်ရကား ယခုတဖန် ထပ်မံအတည်ပြု၍ ထိုအမိန့်တော်ပြန်တမ်းကိုပင် "သာသနာတော်သန့်ရှင်းရေးစည်းကမ်း"ဟု ပြခေါ်နိုင်ပါသည်။

**ပြုပြင်ရမည့်ကာလ**

ယခုအစည်းအဝေး၌ သာသနာရေးကို ပြုပြင်ဘို့ မြော်မှန်းရာဝယ် 'ပရိယတ်ကိစ္စ ပဋိပတ်ကိစ္စ'ဟု ၂-ဌာနရှိရာ ပရိယတ် စာသင်နည်းကို တထပ်တည်းဖြစ်အောင် ပြုပြင်ဘို့ မလွယ်ကူပါ၊ အတော်အတန်လမ်းစဉ်တူအောင်ကား စာမေးပွဲအစီအစဉ်ကို ပြုပြင်လိုက်လျှင် ဖြစ်နိုင်စရာရှိ၍ ကာလလည်း ကြာဘို့မလိုပါ၊ ပဋိပတ်ကိစ္စဟူရာ၌ ဝိနည်းတော်နှင့်အညီ နေထိုင် ဝတ်စား သွားလာမှုမျိုးကိုသာ ဆိုလိုရကား ထိုကိစ္စကို နဂိုရ်ကလည်း ပြုပြင်ပြီးပုဂ္ဂိုလ်အများရှိ၍ ပြုပြင်ဘို့လိုသေးသူတို့အတွက်မှာ တာဝန်ရှိသော မိဘ-ဆရာစသော ပုဂ္ဂိုလ်တို့က လိုက်နာကြပါမူ နှစ်တပတ်လည်လျှင်ပင် အတော်အတန် ကြည့်သာရှုသာဖြစ်လာပါလိမ့်မည်။

**နိဂုံးချုပ်**

ဤသို့ ပြုပြင်လျှင် အကျိုးရမည်ဖြစ်ပါလျက် တာဝန်ရှိသူတို့က မပြုပြင်လိုကြလျှင်ကား ဤသာသနာတရပ်လုံး၏ သန့်ရှင်းမှုမှာမြော်လင့်စရာမရှိတော့ဘဲ ကိုယ့်ဝန် ကိုယ်ထမ်း၍ ကိုယ့်လမ်း

ကိုယ်သွားဘိုရန် ပြင်ကြရုံသာ ရှိပါတော့သည်၊ ထို့ကြောင့် ပြခဲ့ပြီးသော ညွှန်ပြချက်များကို မှုထား၍ ထို့ထက်ပင် ကောင်းသောအကြံဉာဏ်များဖြင့် သာသနာတော်တည်တံ့ရေး, သန့်ရှင်းရေး, တိုးတက်ရေးဟူသော အရေး ၃-ဖြာ ပြီးစီးလာအောင် ဆရာ ဒကာပူးပေါင်း၍ အကောင်းဆုံး ကြိုးစားသင့်ကြပါသည်။

ဗုဒ္ဓဿုဗုဒ္ဓတာ လောကေ, ဓမ္မဿ စ သုဓမ္မတာ၊
သံဃဿ သုပ္ပဋိပတ္တိ, သော သာသနသမ္ပဒါ။

လောကေ—သတ္တဝါတို့၏ တည်နေရာ ဤကမ္ဘာလောက၌၊ ဗုဒ္ဓဿုဗုဒ္ဓတာ-ဗုဒ္ဓမည်ရ, ပုဂ္ဂလ၏, ဗုဒ္ဓဖြစ်ဟန်, စစ်မှန်ခြင်းသည်၎င်း၊ ဓမ္မဿ – ဗုဒ္ဓဘုရား, ဟောမိန့်ထားသည့်, တရားများစွာ, ဒေသနာတော်၏၊ သုဓမ္မ-တာ စ—ကျင့်သူ တန်တန်,ကောင်းရာစံ၍,နိဗ္ဗာန်သို့တိုင်ပို့ ဆောင်နိုင်ခြင်းသည်၎င်း၊ သံဃဿ – ဗုဒ္ဓဓမ္မ, လိုက်နာကြသည့်, သာဝကခေါ်, သံဃာတော်၏၊ သုပ္ပဋိပတ္တိ-အမိန့်တော်ချက်, ဦးထိပ်ရွက်၍, နှစ်သက်ကြည်သာ, ကောင်းမွန်စွာ ကျင့်ခြင်းသည်၎င်း၊ သော – ဤသည့်ရတနာ, မြတ် ၃-ဖြာ၏, ကောင်းစွာကုံလုံ, ပြည့်စုံခြင်းသည်၊ သာသနသမ္ပဒါ—တခေတ်တခါ, ပေါ်ထွန်းလာသည့် သာသနာတော်, ပြည့်စုံခြင်းဟု ခေါ်ပါသတည်း၊ တေ သာသနံ – ပြည့်စုံလှစွာ,ပေါ်ထွန်းလာသည့်,မြန်မာတိုင်းပျော်, ဤသာသနာတော်ကြီးကို၊ ပဂ္ဂဏ္ဍာ-ယခုနောက်သား, အကျိုးများဘို့, စွမ်းအားရှိသလောက်,

အားကုန် မြှောက်၍, ပင့်ထောက်နိုင်ကြ ပါစေကုန် သတည်း။

သာဓု............သာဓု............သာဓု

သဘာပတိ ဩဝါဒကထာ ပြီး ပါပြီ။

တပို့တွဲလဆုတ် ၁၄ အင်္ဂါနေ့

၂၅၀၈ ၁၃၂၆

## သဗ္ဗညုတဉာဏ်တော်၏

## အစွမ်းတော် ၃-ပါး

၁။ သိရန်မှန်က မကျန်ရအောင် လုံးဝစုံလင်
အကုန်မြင် သဗ္ဗင်ဉာဏ်တော်အစွမ်းတည်း။

၂။ သိသည့်တရား များအပြား၌ ဟောထား
စဘွယ် နည်းသွယ်သွယ်ကို ခြယ်လှယ်စုံလင်
အကုန်မြင် သဗ္ဗင်ဉာဏ်တော်အစွမ်းတည်း။

၃။ ကျွတ်ထိုက်ကြပေ များဝေနေ၏ ဣန္ဒြေစရိုက်
သူ့အကြိုက်ကို နှိုက်ချွတ်စုံလင် အကုန်မြင်
သဗ္ဗင်ဉာဏ်တော်အစွမ်းတည်း။

၄။ သဗ္ဗင်ဉာဏ်အား စွမ်း ၃-ပါးကြောင့် အများ
ဝေနေ ကျွတ်လွတ်စေဘို့ မနေမနား သက်
တော်အားဖြင့် ကြိုးမားလေဘိ ရှစ်ဆယ်ရှိ၍
ပရိနိဗ္ဗာန် စံသည့်တိုင်အောင် သယ်ယူဆောင်
ဘုန်းခေါင် ငါတို့ဘုရားတည်း။

# ဂိုဏ်းပေါင်းစုံ
# သံဃာတော်များ၏
အစည်းအဝေး၌
# သဘာပတိဆရာတော်
# မိန့်တော်မူအပ်သော
# ဩဝါဒကထာ
( အကျဉ်း )

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဤအစည်းအဝေးကြီးသို့ ကြွရောက်တော် မူလာကြသော ဆရာတော်သံဃာတော်အပေါင်းတို့ဘုရား.... သာသနာတော်၏ သန့်ရှင်းတည်တံ့ ပြန့်ပွါးရေးကို ဆောင်ရွက်တော်မူကြရာ၌ ရှေးဦးစွာ သာသနာတော်၏ အရှင်သခင်ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာ၏ အကြောင်းအရာကို အနည်းငယ်မျှ မင်္ဂလာအနေအားဖြင့် လျှောက်ထား ပြောပြလိုပါသည်ဘုရား။

ဘုရားစစ် ဗုဒ္ဓဟူသော အမည်တော်သည်
ဘုရားမှန် ဉာဏ်တော်ကို အကြောင်းပြု၍
ဖြစ်ပေါ်လာသော အမည်တော်

ဖြစ်ပါသည်၊ ဗုဒ္ဓမြတ်စွာ၏ ဉာဏ်တော်သည် လွန်စွာ ကြီးကျယ်တော်မူပါသည်၊ မဟာသမုဒ္ဒရာ၏ နက်ရှိုင်းပုံကို မဟာသမုဒ္ဒရာ၏ အနက်ပမာဏလောက် ရှည်သော ကြိုးကိုချ၍ကြည့်မှ သိနိုင်ဘွယ်ရှိသကဲ့သို့ ဗုဒ္ဓမြတ်စွာ၏ ဉာဏ်တော် ကြီးကျယ်ပုံကိုလည်း အခြားတဆူသော ဗုဒ္ဓမြတ်စွာ၏ ဉာဏ်တော်သာ သိနိုင်စရာရှိပါသည်၊ ဗုဒ္ဓမြတ်စွာ၌ ဉာဏ်တော် ကြီးကျယ်သလောက် သီလတော်, သမာဓိတော်လည်း ကြီးကျယ်တော်မူပါသည်၊ သတ္တဝါများ၏အပေါ်၌ ထားအပ်သော မေတ္တာတော်, ကရုဏာတော်လည်း ကြီးကျယ်တော်မူပါသည်၊ စိတ်ကို နှောက်ကျူစေတတ်သော ကိလေသာခတ်တို့ အထုံဝါသနာနှင့်တကွ ကင်းပြတ်ကုန်ဆုံးပြီး ဖြစ်သောကြောင့် စိတ်တော်အစဉ်၏ ကြည်လင်တော်မူပုံမှာလည်း မည်သည့်ပုဂ္ဂိုလ်နှင့်မျှ တူတော်မမူပါ၊အခြားသော ဘုရားရှင်၏ စိတ်ကြည်လင်ပုံနှင့်သာ တူနိုင်ပါသည်၊ ဤသို့လျှင် ကိလေသာအနှောက်အကျူ ကင်းစင်၍ အမြဲကြည်လင်နေသော စိတ်တော်အစဉ်ဝယ် အတုမဲ့ သီလတော်, သမာဓိတော်တို့ဖြင့် ထုံအပ်သော ဉာဏ်တော်၏ ကြီးကျယ်မှုကြောင့် သိဘွယ်ဟူသမျှကို လုံးဝကုန်စင် သိမြင်တော်မူရကား ဗုဒ္ဓမြတ်စွာ၏ ဗုဒ္ဓအဖြစ် မှန်ကန်ကြောင်းကို ကောင်းကောင်းကြီး ဝန်ခံနိုင်ပါသည်။

တရားစစ်    ဗုဒ္ဓမြတ်စွာသည် ထီးနန်းစံတော်မူစဉ်
တရားမှန်    ကပင် ဂုဏ်ပကာသန လာဘ်လာဘ
စည်းစိမ်တို့မှာ ပိုလျှံနေပြီးဖြစ်၍ဘုရား

ဖြစ်တော်မူသောအခါ ထိုလောကီရေးရာတို့ကိုတောင့်တတော်မူလိမ့်မည်လားဟု လုံးဝ သံသယမရှိထိုက်အောင် သန့်ရှင်းတော်မူပေရကား တရားဟောတော် မူသောအခါ သတ္တဝါတို့ကို ကယ်တင်လိုသော ဆန္ဒတော်ဖြင့်သာ ဟောတော်မူပါသည်၊ ထို ဆန္ဒတော်အရ သဗ္ဗညုတဉာဏ်တော်ဖြင့် ဝေဘန်ပိုင်းခြား၍ ဟောတော်မူအပ်သမျှ တရားတော်သည် ကျင့်ကြံလိုက်နာ ဝေနေယျာတို့အား နည်းနည်းလိုက်နာလျှင် များများ အကျိုးကို ရစေ၍ များများလိုက်နာလျှင် ကြီးကျယ်သောအကျိုးကို ရစေနိုင်ပါသည်၊ ဗုဒ္ဓမြတ်စွာသည် ရာဂစရိုက်ရှိသူအား ရာဂကင်းဝေး စိတ်ချမ်းအေးအောင် အသုဘတရားများကို ဟောတော်မူ၏၊ ထိုဟောတော်မူသည့်အတိုင်း လိုက်နာသူသည် ရာဂအပူဝေး၍ စိတ်ချမ်းအေးခြင်းအကျိုးကို ရသည်မှာ တရားတော်၏ ကယ်တင်ခြင်းပင် ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာသည် ဒေါသစရိုက်ရှိသူအား ဒေါသကင်းဝေး စိတ်ချမ်းအေးအောင် မေတ္တာတရားကို ဟောတော်မူပါသည်၊ ထိုဟောတော်မူသည့်အတိုင်း လိုက်နာသူသည် ဒေါသအပူဝေး၍ စိတ်ချမ်းအေးခြင်းအကျိုးကို ရသည်မှာ တရားတော်၏ ကယ်တင်ခြင်းပင် ဖြစ်ပါသည်။ ဤနည်းအားဖြင့် ကုသိုလ်မမှဟူသမျှသည်

အကုသိုလ်ဓမ္မဟူသမျှကို ပယ်နိုင်ရကား အကုသိုလ်ဓမ္မကြောင့် ရောက်ရမည့် အပါယ်ဆင်းရဲ ဝဋ်ဆင်းရဲမှ ကင်းလွတ်ကြအောင် ကယ်တင်နိုင်ပါသည်၊ ဤသို့ ကုသိုလ်ဓမ္မ၏ အကုသိုလ်ဓမ္မကို ပယ်နိုင်ခြင်းသည် တရားတော်၏ မှန်ကန်ကောင်းမြတ်ခြင်းပင် ဖြစ်ရကား ဓမ္မ၏ ဓမ္မစစ်မှန်ကြောင်းကို ကောင်းကောင်းကြီး ဝန်ခံနိုင်ပါသတည်း။

**သံဃာတော်၏ ကောင်းမွန်စွာကျင့်ခြင်း** "သံဃာတော်" ဟူရာ၌ အရိယာဖြစ်ပြီးသော သူပုဂ္ဂိုလ် ပန္နတာဂုဏ်နှင့် ပြည့်စုံသော သံဃာတော်ကို ပဓာနအားဖြင့် ဆိုလိုပါသည်၊ ထို အရိယာဖြစ်ပြီးသော သံဃာတော်မှန်လျှင် ကောင်းမွန်စွာ ကျင့်ကြံတော်မူကြသည် ချည်းသာ ဖြစ်ပါသည်၊ သဒ္ဒါတရားရှိ၍ ဆရာသမားတို့၏ အဆုံးအမကို လိုက်နာ နေထိုင်ကြသော ပုထုဇဉ်သံဃာတော်များသည်လည်း သီလကို စင်ကြယ်အောင်ကျင့်ခြင်း သမာဓိဝိပဿနာ ဘာဝနာကို အားထုတ်ခြင်း ဘုရားဟောဖော် ပိဋကတ်တော်ကို ပို့ချခြင်း သင်ယူခြင်းအားဖြင့် ကောင်းမွန်စွာ ကျင့်ကြသည်သာဖြစ်ပါပေသည်။ ထိုကဲ့သို့ နေထိုင်ကြသော သံဃာတော်များသည် မနည်း မပါး အတော်များများ ရှိကြသော်လည်း မိမိတို့နေရာဝယ် သေသပ်စွာနေထိုင်ကြသောကြောင့် အမြင်နည်းပါး၍ မထင်မရှား ဖြစ်ကြရပေသည်။ နောင် အနာဂတ်ကာလ၌ ထိုကဲ့သို့ ကောင်းမွန်စွာကျင့်သော ရှင်ရဟန်းများ

တိုးပွါးထင်ရှားလာအောင် ယခုထက် ကြိုးစားသင့်ကြ ပါသည်။ ထိုသို့ ကြိုးစား၍ ထင်ရှားလာသောအခါ သံဃာအများ၏ သုပ္ပဋိပန္နတာဂုဏ်တော်ကြောင့် သာသနာတော်ကို လူအများက ယခုထက်ပို၍ လေးစားလာကြပါလိမ့်သတည်း။

**သာသနာတော် ၃-ရပ် သန့်ရှင်းပုံ** သာသနာတော် သန့်ရှင်းရေး သာသနာတော် တည်တံ့ရေး သာသနာတော် တိုးတက်ပြန့်ပွါးရေးဟု အရေး ၃-ဖြာကို မှူထား၍ ဤအစည်းအဝေးကြီး ဖြစ်မြောက်အောင် ကြိုးစားကြရာ၌ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမတော်ကို သာသနာဟု ခေါ်ရကြောင်း ပဌမစဉ်းစားပြီးလျှင် ထို သာသနာတော်သည် ပရိယတ္တိသာသနာ ပဋိပတ္တိ-သာသနာ ပဋိဝေဓသာသနာဟု ၃-ဖြာကွဲပြားကြောင်း ကိုလည်း အားလုံးသိတော်မူပြီးဖြစ်ပါသည်၊ ပရိယတ်ကို သင်ယူပို့ချရာ၌ မှန်ကန်သောအဆုံးအဖြတ်ကို ပြနိုင်ခြင်း သင်ယူနိုင်ခြင်းသည် ပရိယတ္တိသာသနာတော်၏ သန့်ရှင်းခြင်းပင်ဖြစ်ပါသည်၊ ပဋိပတ်ကို ကျင့်ရာ၌ သီလ သမာဓိ ပညာဟု သိက္ခာ ၃-ဖြာရှိရာ သီလကို လုံခြုံအောင် စောင့်ထိန်းခြင်း သမာဓိဘာဝနာကို ပွါးများရာ၌ တရားတော် ညွှန်ပြသည့်အတိုင်း ပွါးများခြင်း ဝိပဿနာ ဘာဝနာကို ပွါးများရာ၌လည်း တရားတော် အတိုင်း ပွါးများခြင်းသည် ပဋိပတ္တိသာသနာတော်၏ သန့်ရှင်းခြင်းပင် ဖြစ်ပါသည်၊ ပဋိဝေဓသာသနာတော်

ကား ပဋိပတ္တိသာသနာတော်၏ အကျိုးဖြစ်၍ ပဋိပတ် သန့်ရှင်းခြင်းသည်ပင် ပဋိဝေဓသာသနာတော်၏ သန့် ရှင်းခြင်း ဖြစ်ပါသည်။

**ဝန်ထမ်းလျှင် အရေး ၃-ပါးလုံး ပြီးနိုင်ခြင်း**

ရဟန်းတော်များသည် ပြခဲ့သော သာသနာတော်ကြီး လျော့ကျ၍ ကွယ်ပျောက်မသွားအောင် အား ကြိုးမာန်တက် ထမ်းဆောင်ရမည့် သာသနာ့ဝန်ထမ်းများဖြစ်ကြပေသည်၊ ရှေးရှေး ဆရာ တော် သံဃာတော်များသည် ဤကဲ့သို့ အားကြိုးမာန် တက် ထမ်းဆောင်တော်မူခဲ့ကြသောကြောင့် ယခုအခါ သာသနာတော်ကြီးကို အပြည့်အစုံ တွေ့မြင်နေကြရပါ သည်၊ ယခုအခါ၌လည်း ပရိယတ်ကျမ်းစာများကို ပို့ချသင်ယူကြခြင်းသည် ပရိယတ္တိသာသနာတော်ကို လျော့ကျမသွားအောင် ထမ်းထားခြင်းပင်ဖြစ်ပါသည်၊ ဝိနည်းတော်လာသည့်အတိုင်း ကောင်းမွန်စွာ နေထိုင် ခြင်းမှစ၍ သမထ ဝိပဿနာ ဘာဝနာ ၂-ရပ်ကို အား ထုတ်နေကြခြင်းသည် ပဋိပတ္တိသာသနာတော် လျော့ကျ မသွားအောင် ထမ်းထားခြင်းပင်ဖြစ်ပါသည်၊ ပဋိပတ္တိ တာဝန်ကို ထမ်းနေခြင်းသည်ပင် ပဋိဝေဓသာသနာ တော်ကြီး ကွယ်မသွားအောင် ထမ်းနေရာရောက်ပါ သည်၊ ဤပရိယတ် ပဋိပတ် တာဝန် ၂-ရပ်ကို အားကြိုး မာန်တက် ထမ်းဆောင်ခြင်းသည် သာသနာတော်၏ သန့်ရှင်းရေး တည်တံ့ရေး ပြန့်ပွါးတိုးတက်ရေးဟူသော အရေး ၃-ပါးလုံးကို ပြီးစီးစေနိုင်သောကြောင့် သာ

သန္တဝန်ထမ်း ရဟန်းသံဃာတော်အားလုံးပင် ထို အရေးသုံးဖြာ ပြီးစီးလာအောင် စိတ်တူကိုယ်မျှ ညီညွတ် စွာပူးပေါင်း၍ ထမ်းဆောင်နိုင်ဘို့ရာ သတိပေး တိုက် တွန်းအပ်ပါသည်။

ဆရာတော် ဦးသုန္ဒရ
သဘာပတိ ဆရာတော်ဘုရားကြီး

၁၃၂၆-ခု နတ်တော်လပြည့်ကျော် ၁၄-ရက်နေ့ နံနက်
၁၀-နာရီခွဲအချိန် သာသနာရေးဌာနတာဝန်ခံ
ဗိုလ်မှူးကြီးကျော်စိုး လျှောက်ထားချက်ကို ပြန်လည်
မိန့်ကြားတော်မူသော အဘိဓဇမဟာရဋ္ဌဂုရု ပခုက္ကူ
ဆရာတော်ဘုရားကြီး၏ သာသနာတော်သန့်ရှင်း
ပြန့်ပွါးရေးဆိုင်ရာ

# မိန့်ခွန်းလွှာ

❖❖❖❖❖❖❖❖

## သဘာပတိဆရာတော်ဘုရားကြီး၏ ဩဝါဒမိန့်ခွန်း

ယခု ဂိုဏ်းပေါင်းစုံ အစည်းအဝေးကြီး စတင်ပြီး တော့ သာသနာသန့်ရှင်းရေး စီမံဆောင်ရွက်ရန် ကြား သိရသည်က စပြီး မိမိတို့လဲဘဲ သာသနာတော်ကြီး အတွက် အားတက်ဝမ်းမြောက်မိတယ်၊ သာသနာ တော်ဆိုတာ မင်းနဲ့ယှဉ်တွဲပြီးတော့ သွားတယ်၊ ဒါမှ သာလျှင် သာသနာတော်ကြီး ကြီးပွါးရေးလဲ ဖြစ်နိုင် တယ်၊ သန့်ရှင်းရေးလဲ ဖြစ်နိုင်တယ်၊ တည်တံ့ရေးလဲ ဖြစ်နိုင်တယ်၊ မင်းက သာသနာတော်ကို ပစ်ထားမယ် ဆိုရင် သာသနာတော်ဟာ သန့်ရှင်းရေးလဲ မဖြစ်နိုင် ဘူး၊ တည်တံ့ရေးလဲ မဖြစ်နိုင်ဘူး၊ ဒီလိုဘဲ စိတ်က အောက်မေ့ပြီးတော့နေတုန်း စပ်မိစပ်ရာ မင်းပိုင်း စိုးပိုင်းလာလို့ရှိရင် သာသနာတော်ကို အစိုးရ ပစ်ထား လို့ မဖြစ်ဘူး၊ သာသနာတော်ဟာ ပဂ္ဂဟ, နိဂ္ဂဟ ၂-မျိုး ၂-စားရှိတယ်၊ နှိမ်တန်တဲ့ သူကို နှိမ်ရမယ်၊ ချီးမြှောက်

တန်တဲ့ သူကို ချီးမြှောက်ရမယ်၊ သည်လိုချီးမြှောက် ထောက်ပင့်မှ သာသနာတော်ကြီးဟာ ကြီးပွါးမှုရှိမယ်၊ ဒီလို ထိုက်သည့်အလျောက် အလုပ်လုပ်မှသာလျှင် သာသနာတော်မှာ သန့်ရှင်းမယ်၊ ဒီလို ပစ်ထားလို့ မဖြစ်ဘူးဆိုတာကို မိမိထံ ရောက်လာတဲ့ ဗိုလ်များ ဗိုလ်မှူးများ စသည်တို့ လာတဲ့အခါမှာ စပ်မိစပ်ရာ ဒီလို ပြောပြီးတော့နေပါတယ်၊ ပြောနေစဉ် ရှေးက တော်လှန်ရေးအစိုးရ တက်ခါစကလဲ သာသနာတော်ဟာ ဘာသံမှုလဲဘဲ မကြားတော့ ကိုယ်လဲ ဘာမှ အကြံဉာဏ် မထုတ်မိဘူး၊ ဒီလိုဘဲနေတယ်၊ ဒီလိုဘဲနေတော့ စပ်မိစပ်ရာ ဒီလိုပြောနေကြပြီး ဒီလိုဖြင့် သာသနာတော်ကို ဆဋ္ဌသံဂါယနာတင်က ဓမ္မဝိနယအမိန့်တော် ပြန်တမ်းထုတ်ထားတာရှိတယ်၊ ဘုန်းကြီးတို့ရေးထားတာဘဲ ဂိုဏ်းပေါင်းစုံပါတယ်၊ ကမ္ဘာအေးမှာ များများလဲဘဲ မဟုတ်ပါဘူး၊ ၁၃-ချက်လောက် ၁၄-ချက်လောက် သာသနာတော်မှာ အမြင်မတော်တဲ့ အမူအရာမျိုးကို ပပျောက်အောင် ရေးထားတယ်၊ အဲဒီလောက်ကိုဘဲ ယခုလက်ရှိ တော်လှန်ရေးအစိုးရက အတည်လုပ်ပြီးတော့ ဥပဒေအဖြစ် ရောက်အောင် ဆောင်ရွက်ပေးမည်ဆိုလျှင်ဖြင့် ကောင်းတာဘဲဆိုတာ ပဌမဦးဆုံး တော်လှန်ရေးအစိုးရ တက်ခါစက ဤအကြောင်းကို ဗိုလ်မှူးများနဲ့ ပြောဘူးတယ်၊ ပြောဘူးတဲ့အခါကျတော့ ဒါကို အစိုးရအစည်းအဝေးကို တင်ပြဘို့ရာ ဆရာတော်က ပေးပါလို့ တောင်းတယ်၊ အဲဒီ ဓမ္မဝိနယပြန်တမ်းကြီး ပေးလိုက်ဘူးပါတယ်၊ ပေးလိုက်ဘူးသော်လဲ ဘာသံမှမကြားဘူး၊ သည်အတိုင်း

သည့်အတိုင်းဘဲ၊ ဒီတော့ သာသနာတော်ကို သူတို့ ပစ်ထားတယ်၊ သာသနာတော်ကို ပစ်ထားရာတော့ ရောက်ပြီ၊ ဒီလိုပစ်ထားရင် တိုင်းပြည်လဲ မကောင်း သာသနာလဲ မကောင်း အစိုးရလဲဘဲ လိုက်လျောညီစွာ ဖြစ်မှာမဟုတ်ဘူးလို့ ဒီလို စိတ်ထဲမှာ အောက်မေ့နေတဲ့ အတောအတွင်းမှာ သာသနာသန့်ရှင်းရေးဆိုတဲ့ အစိုးရရဲ့ ကျေညာချက်ကို သိရှိတဲ့အခါမှာ အထူးဘဲ ဝမ်းမြောက်ပါတယ်။ အထူးဝမ်းမြောက်သည့်အတွက်နဲ့ နောင်ရေး ဘယ်လိုအလုပ် လုပ်ရမယ်ဆိုတာ ကြံစည်တဲ့ အခါကျတော့ ရှေးကလဲဘဲ အဲဒီ အစိုးရအဖွဲ့ကို တင်ပြခဲ့ဘူးပြီ၊ မိမိ မူကြမ်းကို တင်ခဲ့ဘူးပါတယ်၊ တင်ပြခဲ့ဘူးသော်လဲဘဲ ဤအခြေအနေကို မရောက်ဘဲဖြစ်နေပါတယ်၊ ယခုတော့ ငါလဲ အသက်ကြီးသွားပြီ၊ ၁၀-နှစ် ၁၂-နှစ်ရှိပြီ၊ ဒီအလုပ်ကို သာသနာတော် ကောင်းစားရေးကို လုပ်ချင်စိတ် ရှိနေတယ်၊ သေသွားလို့ရှိရင် အခုနေ တဦးတယောက်က စတင် ဒီလိုလုပ်ခဲ့သူ ရှားရှားရှိမှာဘဲ ဆိုပြီးတော့ ယခုအစိုးရဆီ အကြံဉာဏ်ပေးတဲ့မူကို ငါက ရှေးကလဲဘဲ ဆွဲဘူးတယ်၊ အခုလဲဘဲ ဆွဲပြီးတော့ အဲဒီအတိုင်းဘဲ ဖြစ်စေချင်တာနဲ့ ပေးလိုက်ပါတယ်၊ ပေးတော့ ကိုယ့်စိတ်ထဲက ပင်ကိုယ်ရင်းက ဒီလိုရယ်မဟုတ်ဘူး၊ အစိုးရကို အကြံဉာဏ် ပေးလိုက်လို့ရှိရင် ဒီအတိုင်းဘဲ အစိုးရက စီမံပေးလိမ့်မယ်လို့ စိတ်ထဲက ထင်မိပါတယ်။

ယခုအခြေအနေတော့ ဒါကို လက်ခံပြီးတော့ကာ အဖွဲ့ကဆုံးဖြတ်ပြီး အတည်လုပ်ပေးမှ သံဃာတော်များ

သဘောတူမှ ဒါ အတည်ဖြစ်မယ်၊ ယခုတော့ ဒီလို သိလာတယ်၊ သိလာလို့ အဲဒီမူဟာ တည်သွားလို့ ရှိရင် ဖြင့်ရင် သာသနာတော်ဟာ ကောင်းမယ်၊ ဘုန်းကြီးတို့ ငယ်ငယ်တုန်းက သာသနာတော်ဟာ အင်မတန် ဩဇာ ရှိပါတယ်၊ ဩဇာရှိတော့ကာ သံဃာတွေဟာ ရပ်ရွာမှာ ဝိုင်းပြီး အုပ်ချုပ်လို့ ရှိရင် ဒီဘုန်းကြီးတွေက ဩဇာ သိပ်ရှိတော့ ရပ်ရွာထဲမှာ အမှုအသေးအဖွဲ့ ဘာမှမရှိဘူး၊ ကိုယ်ငယ်ငယ်တုန်းကဆိုရင် ပခုက္ကူမှာ ထောင်မရှိပါ ဘူး၊ မြင်းခြံမှာ ထောင်မရှိပါဘူး၊ ထောင်မရှိတဲ့ အကြောင်းဟာ-ဘာကြောင့်လဲဆိုရင် ဒီဘုန်းကြီးတွေရဲ့ ဆုံးမဩဝါဒဟာ ရပ်ရွာထဲမှာ တော်ဇတ်လေးဘဲ နာခံ ကြတယ်၊ ဘုန်းကြီးကျောင်းထွက်တွေလဲ ဖြစ်နေတယ်။ သောက်စား မူးယစ်မှုတွေလဲ ရှိတဲ့လူ ရှိတယ်၊ ဘုန်းကြီး က ကျောင်းမှာနေပေတဲ့ ရွာမှာ သောက်စား မူးယစ်မှု အင်မတန်ကြောက်ရတယ်၊ အကယ်၍ မကြောက်တဲ့ လူ တွေဆို ဘုန်းကြီးက ခေါ်ရိုက်တယ်၊ တယောက် ၂- ယောက်ရှိရင်ဘဲ တရွာလုံး မသောက်ရဲဘူး၊ မသောက် ဝံ့တော့ သောက်စား မူးယစ်မှု မရှိတော့ ရာဇဝတ်မှု မရှိ ဘူး၊ရာဇ၀တ်မှု မရှိတော့ ထောင်မရှိဒါ၊ဒီလိုဘဲ စိတ်ထဲမှာ ယူဆတာဘဲ၊ နောက် အင်္ဂလိပ်အစိုးရ တက်လာတဲ့အခါ ကျတော့ ယစ်မျိုးဘက်ဌာနတခု ဖွင့်လိုက်တော့ကာ ဆိုင်တွေ ဘာတွေ ဘုံဆိုင်တွေ ဖြစ်လာတယ်၊ဘုံဆိုင်တွေ ဖြစ်လာသည်တိုင်အောင် သောက်တဲ့လူ စားတဲ့လူတွေက ပင်ကိုယ်အရှိန်နဲ့ မသောက်ဝံ့ဘူး၊ မသောက်ဝံ့တော့ သူတို့ဘုံဆိုင်တွေ ဘုန်းကြီးတို့ ငယ်ငယ်လောက်က

ချောင်ကြို ချောင်ကြားမှာ သွားတယ်ရတယ်၊ချောင်ကြို ချောင်ကြား ဘုံဆိုင်သွားတယ်ရခြင်း အကြောင်းက တော့ သောက်စားတဲ့လူက ဒီပြင်လူတွေ မြင်မှာကြောက် တယ်။ ဒီလူ သောက်တယ် ဒီလူ စားတယ်ဆိုတာ လက် ညှိုးထိုးမှာကြောက်တော့ မြင်မြင် ထင်ထင် မသွားဝံ့ဘူး၊ မသွားဝံ့တော့ကာ ဆိုင်တယ်တဲ့လူက ကွယ်ရာမှာ တယ် ပြီးတော့ သောက်တဲ့လူကလဲ ကွယ်ရာမှာသောက်တယ်၊ ဒီလိုကြောင့် အရှိန်ရှိလာတော့ နောက်တဖြည်းဖြည်း ဒီလုပ်ငန်း တွင်ကျယ်ပြီးတော့လာတော့ကာ ရာဇဝတ်မှု တွေ တိုးတိုးပြီးလာတယ်၊ တဖြည်းဖြည်း တိုးတိုးပြီး တော့ လာတော့ကာ ထောင်ဖြစ်လာတယ်၊ သည် လုပ်ငန်းက နဲနဲပါးပါးဘဲ၊ နောက်တော့ တဖြည်းဖြည်း ဒီလုပ်ငန်း ကြီးပွါးလာတော့ကာ ထောင်မှာ လူမဆန့် သလောက်ဘဲ ဖြစ်လာတယ်၊ ဒီတော့ ကိုယ့်တိုင်းပြည် မှာ အစိုးရများလဲဘဲ အသီးသီးအားဖြင့် ရာဇဝတ် ရဲ ဥပဒေနဲ့ အုပ်ချုပ်လို့လာတယ်၊ ဒါပေမဲ့လို့ ဘုန်းကြီး များ၏ ဩဇာက အစိုးရဝတ်တရားထဲမှာ ရာခိုင်နှုန်း အားဖြင့် ရာဇဝတ်မှု ၁၀၀-ဖြစ်မည့် ဥစ္စာကို ဘုန်းကြီး များအတွက်ကြောင့် ၅၀-လောက်သာ ဖြစ်တယ်လို့ ယူဆ တယ်။ ၅၀-လောက် ဘုန်းကြီးများက ဟောလို့ ပြောလို့ နားထောင်ပြီးတော့ မလုပ်ကြဘူး၊ ဘုန်းကြီးဆိုရင်ဖြင့် ဘယ်ဘုန်းကြီးဘဲဖြစ်ဖြစ် လူတယောက်ကို ခိုးဘို့ သတ်ဘို့ ခုတ်ဘို့ သေရည် သေရက်သောက်ဘို့ တိုက်တွန်းတဲ့ ဘုန်းကြီး ဘယ်မှ မရှိပါဘူး၊ ဒါ မတော်ဘူး မခိုးနဲ့ မတိုက်နဲ့ မသောက်နဲ့ မစားနဲ့၊ ဒီလို တိုက်တွန်းတဲ့

ဘုန်းကြီးဘဲ များပါတယ်။ များတော့ ဘုန်းကြီးနဲ့ အစိုးရလဲဘဲ ခရေစေ့တွင်းကျ လိုက်ကြည့်လိုက်တော့ ဘုန်းကြီးများက အစိုးရကို အကူအညီ ပေးနေတယ်၊ အကူအညီပေးတာကိုလဲဘဲ ဘုန်းကြီးအတွက် ရာဇဝတ်မှု နဲတယ်ဆိုပြီးတော့ အစိုးရများက အချိုလဲဘဲ အသိအမှတ်ပြုပါတယ်။ အချို့လဲဘဲ ဖာသိ ဖာသာ နေပါတယ်။ ယခု တော်လှန်ရေးအစိုးရလက်ထက် ရောက်လာတော့ ယခုလို အစည်းအဝေးလုပ်လို့ နှိမ်တန်တဲ့လူ နှိမ်၊ မြှောက်တန်တဲ့လူ မြှောက်ပင့်ထားလို့ရှိရင် သာသနာကောင်းစားရေး ဖြစ်လာမယ်၊ သာသနာကောင်းစားရေး ဖြစ်လာလို့ရှိရင် ဘုန်းကြီးလဲ အထိုက်အလိုက် သြဇာရှိလာမယ်၊ သြဇာရှိလို့ရှိရင် ရာဇဝတ်မှုလဲ လျော့ပါးလို့ လူတွေအပေါ်မှာ အုပ်ချုပ်လို့ ကောင်းလာမယ်။

သန့်ရှင်းမှု တည်တံ့မှု ဖြစ်လာလို့ရှိရင် သာသနာတော်မှာ သိပ်ပြီး ကျေးဇူးများမှာဘဲ၊ အဲဒီ ယခု အခြေအနေမှာ ဒို့ သာသနာတော်ဟာ ဘုန်းကြီးများကို လူများက နဲနဲပါးပါး အပြစ်ရှိတယ်လို့ ဆိုရင် ရှိတဲ့အပြစ်ထက် ပိုပြီး အများကြီးပြောတယ်၊ ဘုန်းကြီးလဲ ဒီလိုဘဲ၊ လူလဲ ဒီလိုဘဲ၊ အစိုးရ ပိုင်းကလဲ ဒီလိုရှိရမှာဘဲ၊ ဒါ အခြေအမြစ်ကို စဉ်းစားပြီး ကြည့်ရမည်ဆိုရင် ဒီလောက်ကျအောင် ပြောဘို့မလိုဘူးလို့ အောက်မေ့ပါတယ်။ ဘာကြောင့်တုန်း၊ ယခု လက်ရှိ ဘုန်းကြီးများ အခြေအနေဟာ ဘယ်လိုနေသလဲလို့ စဉ်းစားဘို့၊ ဘုန်းကြီးများ အခြေအနေက ဦးစီးခေါင်းဆောင် မရှိဘူး၊

အညာမရှိတဲ့ သစ်သီးလို လိမ့်ချင်ရာ လိမ့်နေတယ်၊ အညာမရှိတဲ့သစ်သီးမှာ တည်ရာမရသလိုဘဲ ဘုန်းကြီးများမှာ ပြောနိုင်တဲ့ ဘုန်းကြီး သြဇာရှိဘို့ အာဏာရှိဘို့ ပြောနိုင်တဲ့ ဘုန်းကြီးရယ်လို့ မရှိဘူး၊ တဃဝသာ ကိုယ့်ဟာကိုယ် နေကြသလိုဖြစ်နေတယ်၊ သည်တော့ကို နောက်နောက်က မင်းများ အစဉ်အဆက် အုပ်ချုပ်လာသလိုဘဲ၊ ကိုယ့်ဂိုဏ်းကို အသီးအသီး ဂိုဏ်းအုပ်နဲ့ ဂိုဏ်းချုပ်နဲ့ သုဓမ္မာနဲ့ စသည်ဖြင့် သည်လို အုပ်ချုပ်ပြီးသွားလို့ ရှိရင်ဖြင့်ရင် သူတို့ဟာသူတို့ ဆုံးမသွားလို့ ရှိရင် ဦးပဉ္စင်းလေးတွေ လိမ္မာယဉ်ကျေးမှု ရှိလာမှာဘဲ၊ ဒီဦးပဉ္စင်းလေးတွေ ယခု ဖြစ်ပေါ်နေတဲ့ ဥစ္စာ ဘောလုံးပွဲကြည့်တယ်၊ ပွဲကြည့်တယ် ဘာလုပ်တယ်ဆိုတာ ဒီအပြစ်ရှိတာဘဲ၊ ရှိပေတယ်လို့ အသေးစားလောက်ဘဲ၊ အဲဒီကိစ္စတွေကို မပြောဘဲနဲ့ ဆရာသမားတွေအပေါ်မှာ အာဏာရှိသွားမယ် သြဇာရှိသွားမယ်လို့ ဆိုရင်ဖြင့် ဦးပဉ္စင်းလေးတွေ နားထောင်လာမှာဘဲ၊ရှေးက ခပ်ကြီးကြီးက နားမထောင်ပေမယ်လို့ နောက်ပေါက် ကလေးတွေက နားထောင်လာမယ်၊ နားထောင် လာရမယ်။ ခုတော့ ဆရာတော်ကတော့ အဲဒီအတိုင်းလဲ နောက်ပေါက် ဦးပဉ္စင်းလေးတွေဆိုရင်ဖြင့် ဆုံးမပြီးတော့ လွှတ်ရတယ်၊ ဘယ်နဲ့လုပ်တုန်း၊ ရဟန်းခံမယ်ကြံရင် ငါ့ကို ဥပဇ္ဈာယ်ယူမယ်ကြံရင် ငါ့စကား နားထောင်ရမယ်၊ နားထောင်ဘို့ဆိုတာ မြတ်စွာဘုရား သာသနာတော်ကို မင်းအတွက်နှင့် အသရေမပျက်စေနဲ့ တိုက်တာဟာ မင့်အတွက်နှင့် အသရေမပျက်စေနဲ့ ဆရာသမားတွေလဲ

မင့်အတွက်နှင့် အသရေမပျက်စေနဲ့ ကိုယ့်ကိုလည်း အသရေ မပျက်စေနဲ့၊ ဤလေးချက် ဝန်ခံ၊ ဒီလိုမှသာ ငါကဥပဇ္ဈာယ်လုပ်မှာဆိုပြီးတော့ ဒီလို ဦးပဉ္စင်းငယ်လေးတွေကို ဆုံးမပြီး အမြဲတမ်းလာခဲ့ပါတယ်၊ ယခုလဲ နောက်ကို အဆက်ဆက် သာသနာဟာ အကြာကြီး နေရအုံးမှာဖြစ်လို့ ယခု အခြေအနေက စပြီးတော့ အကြီးတန်းကို အသာထားလို့ရှိရင် သူတို့ဟာ သူတို့ဆရာသမားအနေအထိုင်နဲ့ ယဉ်ကျေးမှုဖြစ်ချင်လဲဘဲ ဖြစ်လာဘို့အများကြီးရှိပါကယ်။ ဒီနောက်ပေါက်လေးတွေကျတော့ သြဇာရှိတဲ့ ဆရာသမားတွေက ဤအတိုင်းဆုံးမပြီးတော့သွားမယ်လို့ဆိုလို့ဆိုရင် ဦးပဉ္စင်းလေးတွေတဖြည်းဖြည်း ယဉ်ကျေးလာဘို့ရှိတယ်လို့ အောက်မေ့ပါတယ်။ ဒါကြောင့် ဤမူကြမ်းကို ဆွဲပြီးတော့ အစိုးရများဆီတင်ပြ အစိုးရများဆီကို အကြံပေး ဉာဏ်ပေးအဖြစ်နဲ့ တင်ပြလိုက်တယ်။ ဒါကို အောင်မြင်မှရယ်လို့မဟုတ်ပါဘူး။ သို့ပေမယ်လို့ အားလုံးသာသနာတော်တွင်းမှာ ဒီဟာနှင့်ပတ်သက်လို့ ကြည့်လိုက်တော့တောနယ်တလျှောက်ကတော့ ဒီလုပ်ငန်းကို ရှေးကလဲ လုပ်လာတာဖြစ်တော့ အင်မတန်မှ လိုလားကြပါတယ်။

အင်မတန် လိုလားပြီးတော့နေလို့ နီးစပ်ရာ မြင်းခြံဒိစတြိတ်တို့ ပခုက္ကူဒိစတြိတ်တို့က ထောက်ခံလာတယ်၊ ကုန်သလောက်ဖြစ်တယ်၊ နဲနဲပါးပါးဘဲ ကျန်ရင်ကျန်ပါတော့မယ်၊ ဒီ့ပြင် နယ်တွေကလဲ အသီးသီးထောက်ခံဘို့ များပါတယ်၊ အဲဒီမူအတိုင်း အစိုးရများကလဲဘဲ သဘောကျမယ်၊ ပြီးတော့ သံဃာတော်များ

ကလဲ အားလုံးသဘောကျ ထောက်ခံလို့ အတည် ဖြစ်သွားလို့ရှိရင်ဖြင့် သာသနာတော်မှာ အရင်က လောက် မကောင်းသော်လဲ သုံးပုံတပုံ တဝက်လောက် တော့ ကောင်းလာအုံးမှာဘဲဟု ရည်ရွယ်ချက်ရှိလို့ ဤလိုဘဲ သတိပေးနှိုးဆော်ချက် ဤအတိုင်း အလုပ် လုပ်ရပါတယ်။ သာသနာကျိုး နိုင်ငံကျိုးကိုသာ မြော် ကိုး၍ လုပ်ခြင်းဖြစ်ပါတယ်။

၁၃၂၆-ခု တော်သလင်းလဆန်း(၈)ရက်နေ့
မြို့လုံးကျွတ် သံဃာ့အစည်းအဝေးကြီးက
ထောက်ခံသော
ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်
အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး၏
ဗုဒ္ဓသာသနာတော်
သန့်ရှင်းပြန့်ပွါး တိုးတက်ရေးအတွက်

# အကြံပေးချက်

၁။ ယခု တော်လှန်ရေးအစိုးရ ပြုလုပ်လိုသော ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးသို့ တက်ရောက်ရန် သံဃာ့ကိုယ်စားလှယ်အဖြစ် အောက်ပါ ဆရာတော်များကို ရွေးချယ်ပင့်လျှောက်ရန်။

(က) အနည်းဆုံး စာသင်သား (၂၅)ပါးရှိသော စာချ ကျောင်းတိုက်မှစ၍ စာချ ကျောင်းတိုက် အသီးသီးတို့မှ စာသင်သားဦးရေ အလိုက် နာယကဆရာတော်များ။

(ခ) ကိုယ်တိုင်ကြွလာနိုင်မည့် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးများ။

(ဂ) နိုင်ငံတော် ဩဝါဒါစရိယနှင့် နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်များ။

(ဃ) ခရိုင်မြို့နှင့် မြို့နယ် အသီးသီးတို့မှ ဝိနယ-ဂရုက သိက္ခာကာမဖြစ်သော အခြားသင့်လျော်သော ဆရာတော်များ။

၂။ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးမှ တနိုင်ငံလုံးအတွက် အုပ်ချုပ်ရေး သံဃာ့အဖွဲ့အစည်းများ ဖွဲ့စည်းပုံကို အောက်ပါအတိုင်း သတ်မှတ်ပေးရန်၊

(က) မြို့နယ်တနယ်၌ ကျောင်းပေါင်း (၂၀)မှ (၃၀)အထိ ဂိုဏ်းထောက် တပါးကျ တင်မြှောက်ထားရှိရမည်။

(ခ) ဂိုဏ်းထောက်(၃)ပါးလျှင် ဂိုဏ်းအုပ်တပါးကျ တင်မြှောက်ထားရှိရမည်။

(ဂ) ဂိုဏ်းအုပ် (၃) ပါးဖြစ်စေ (၄) ပါးဖြစ်စေ ရှိသော်လည်း မြို့နယ်တနယ်မှာ ဂိုဏ်းချုပ်တပါးသာ တင်မြှောက်ထားရှိရမည်။

(ဃ) ခရိုင်မြို့တိုင်း၌ အပြင် သုဓမ္မာဆရာတော် (၄)ပါးစီ တင်မြှောက်ထားရှိရမည်။

(င) မန္တလေး မြို့နှင့် ရန်ကုန် မြို့များ၌လည်း ကျောင်းပေါင်း(၂၀) မှ (၃၀)အထိ ဂိုဏ်းထောက်တပါးကျ၊ ဂိုဏ်းထောက် (၃)ပါးလျှင် ဂိုဏ်းအုပ် တပါးကျစီ တင်မြှောက်ထားရှိရမည်။

(စ) မန္တလေးမြို့ လေးပြင် လေးဌာနနှင့် ရန်ကုန်မြို့ တော်လှန်ရေးအစိုးရ သတ်မှတ်ပိုင်းခြားသော ဌာနအသီးသီး၌ တဌာနလျှင် ဂိုဏ်းချုပ်တပါးကျစီ တင်မြှောက်ထားရှိရမည်။

(ဆ) မန္တလေးမြို့နှင့် ရန်ကုန်မြို့များ၌ အတွင်းသုဓမ္မာဆရာတော် (၇)ပါးစီ တင်မြှောက်ထားရှိရမည်။

(ဇ) မန္တလေး-ရန်ကုန် သုဓမ္မာအဖွဲ့(၂)ဖွဲ့အပေါ်အုပ်ချုပ်ရန် သုဓမ္မာချုပ် ဆရာတော်တပါးတင်မြှောက်ထားရှိရမည်။

၃။ အသီးသီး အုပ်ချုပ်ရေး ဆရာတော် များ၏ ဂုဏ်အင်္ဂါ အရည်အချင်း များကို အောက်ပါ အတိုင်း သတ်မှတ်ရန်။

**ဂိုဏ်းထောက်ပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါအရည်အချင်း**

(က) သိက္ခာတော် အနည်းဆုံး (၂၅)ဝါရှိသော မဟာထေရ်ဖြစ်ရမည်။

(ခ) အထူးသဖြင့် ဝိနည်းပိဋကတ်၌ ကျွမ်းကျင်လိမ္မာရမည်။

(ဂ) ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားခြင်းကိုခံထိုက်သော ပုဂ္ဂိုလ်ဖြစ်ရမည်။

(ဃ) သာသနာတော်သန့်ရှင်းကြီးပွါးစေလိုသောဆန္ဒရှိရမည်။

(င) ခမာ့ ဇာဂရိယစသော နာယကဂုဏ်များနှင့် ပြည့်စုံရမည်။

**ဂိုဏ်းအုပ်ပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါအရည်အချင်း**

(က) သိက္ခာတော် အနည်းဆုံး (၃၀) ဝါရှိသော မဟာထေရ်ဖြစ်ရမည်။

(ခ) အထူးသဖြင့် ဝိနည်းပိဋကတ်၌ ကျွမ်းကျင်လိမ္မာရမည်။

(ဂ) ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားခြင်းကိုခံထိုက်သော ပုဂ္ဂိုလ်ဖြစ်ရမည်။

(ဃ) သာသနာတော်သန့်ရှင်းကြီးပွါးစေလိုသော ဆန္ဒရှိရမည်။

(င) ခမာ့ ဇာဂရိယ စသော နာယကဂုဏ်များနှင့် ပြည်စုံရမည်။

**ဂိုဏ်းချုပ်ပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါအရည်အချင်း**

(က) သိက္ခာတော် အနည်းဆုံး (၃၅)ဝါ ရှိသော မဟာထေရ် ဖြစ်ရမည်။

(ခ) ပရိယတ္တိဆေကဝိသာရဒဂုဏ်နှင့် ပြည့်စုံရမည်။

(ဂ) ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားခြင်းကို ခံထိုက်သော ပုဂ္ဂိုလ်ဖြစ်ရမည်။

(ဃ) သာသနာတော်သန့်ရှင်းကြီးပွါးစေလိုသော ဆန္ဒရှိရမည်။

(င) ခမာ,ဇာဂရိယစသော နာယကဂုဏ်များနှင့် ပြည့်စုံရမည်။

**သုဓမ္မာပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါအရည်အချင်း**

(က) သိက္ခာတော် အနည်းဆုံး (၄၀)ဝါရှိသော မဟာထေရ်ဖြစ်ရမည်။

(ခ) ပရိယတ္တိဆောက ဝိသာရဒဂုဏ်နှင့် ပြည့်စုံရမည်။

(ဂ) ရဟန်းရှင်လူတို့၏ကြည်ညိုလေးစားခြင်းကို ခံထိုက်သော ပုဂ္ဂိုလ်ဖြစ်ရမည်။

(ဃ) သာသနာတော် သန့်ရှင်းကြီးပွါးစေလိုသော ဆန္ဒရှိရမည်။

(င) ခမာ, ဇာဂရိယစသော နာယကဂုဏ်များနှင့် ပြည့်စုံရမည်။

အထူး။ ။စာသင်ကျောင်းတိုက်ကို အုပ်ချုပ်နေသော စာချဆရာတော်များကိုလည်း ဂိုဏ်းထောက်, ဂိုဏ်းအုပ်, ဂိုဏ်းချုပ်တို့နှင့် အလားတူ အခွင့်အရေး အာဏာများကို ပေးရမည်။

ယခုတင်ပြသော စာသည် မူကြမ်း အကျဉ်းချုပ်မျှသာဖြစ်သည်၊ အသေးစိပ် ဆွေးနွေးရန် များစွာ

လိုသေးသည်။ ၎င်းမှုသည် ရှေးမင်းများ အဆက်ဆက် သာသနာတော်၌ အုပ်ချုပ်လာသောမှုဖြစ်သည်၊ ယခု ခေတ်၌ ပေါ်ရှိနေသော အဖွဲ့များသည် စည်းလုံး ညီညွတ်ဘို့ရာ အလွန်ခဲယဉ်းသည်။

သုဓမ္မာ, ရွှေကျင်, ဒွါရဂိုဏ်းများမှာလည်း ရှေးမင်း များ လက်ထက်မှစ၍ ကွဲလာသောဂိုဏ်းများဖြစ်သည်။ ကံကြီး ကံငယ်စသည်တို့မှာ တလုံးတစည်းတည်း ဖြစ်ဘို့ ရာ လွန်စွာခဲယဉ်းသည်။ သို့ဖြစ်၍ ရွှေကျင်ဂိုဏ်း, ဒွါရ ဂိုဏ်းတို့မှာ မိမိတို့ဂိုဏ်းအလိုက် စည်းမျဉ်းဆွဲ၍ အုပ်စီး နေဘို့သာ သင့်လျော်သည်။

သို့သော်လည်း ရွှေကျင်, ဒွါရဂိုဏ်း များသည် သာသနာတော်၌ အလွန်အရေးကြီးသော သာသနာ ကိစ္စများ ပေါ်ပေါက်လာလျှင် အကြံပေး ဉာဏ်ပေး အဖြစ်ဖြင့် ဂိုဏ်းပေါင်းစုံအစည်းအဝေးသို့ တက်ရောက် ရန် သင့်လျော်သည်။

**ဆရာတော်-ဦးသုန္ဒရ**

(အဘိဓဇ မဟာရဋ္ဌဂုရု)

မဟာဝိသုတာရာမတိုက်၊ပခုက္ကူမြို့။

သာသနာတော်သန့်ရှင်းပြန့်ပွါးရေး
သံဃာဂိုဏ်းပေါင်းစုံ အစည်းအဝေးပွဲကြီး
တွင်
အရုံသဘာပတိဖြစ်တော်မူသော
အဂ္ဂမဟာပဏ္ဍိတ မအူပင်ဆရာတော်ဘုရားကြီး၏

# ဩဝါဒမိန့်ခွန်း

၁၃၂၆-ခု၊ တပေါင်းလပြည့်နေ့
(၁၇-၃-၆၅)

ယေသံ သဗြဟ္မစာရီသု၊ ဂါရဝေါ ဥပလဗ္ဘတိ။
သန္တိကေ နိဗ္ဗာနဿေဝ၊ ဓမ္မရာဇဿ သာသနေ။

ယေသံ ဘိက္ခူနံ၊ ထေရ နဝ မဇ္ဈိမဟု ဗုဒ္ဓရှင်နှစ် သားတော်ချစ်တို့တွင် ဝင်းသစ်ဂုဏ်အင် ကြည်လင်စိတ်ထား အကြင် အသျှင်ကောင်း အသျှင်မြတ်တို့အား။ သဗြဟ္မစာရီသု၊ ထေရ်ကြီးတသွယ် ထေရ်ငယ်တရပ် ထေရ်လတ်မကျန် အတန်တန်သော သီတင်းသုံးဘော်တို့၌။ ဂါရဝေါ၊ ခြေသုတ်ပုဆိုး မြေစွယ်ကျိုးနှင့် ချိုကျိုးသည့်နွား ပမာလားသို့ သုံးပါးကမ္မ သုံးဒွါရဖြင့် နှိမ်ချဝပ်စင်း ရှိသေခြင်းကို။ ဥပလဗ္ဘတိ၊ ဘယာမဝင် သဒ္ဒါယှဉ်သဖြင့် အစဉ်မသွေ ရအပ်ပေ၏။ တေ ဘိက္ခူ၊

ကိုယ်ကျိုး သူကျိုး သာသနာတော်ကျိုးကို အားကြိုး မာန်တက် မပျက်ကွက်အောင် ဆောင်ရွက်ပါမည် စိတ်၌ ရည်၍ ယုံကြည်ကြွလာ ထေရ်များစွာ၌ သဂါရဝ သက္ကစ္စဖြင့် တုပ်ကွညွတ်ပြောင်း ထိုအသျှင်မြတ် အသျှင် ကောင်းတို့သည်။ ဓမ္မရာဇာ၊ လူလည်းတရပ် နတ် လည်းတဖြာ ဗြဟ္မာအများ အစားစားတို့ ညွတ်တွား ဝပ်စင်း တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရား၏။ သာသနေ၊ သာသနာ့သာသနာ သာထက်သာလျက် ဝဍ္ဎာဝဍ္ဎ မြူမခသည့် အံ့စရာ့ရှစ်ဖြာ သာသနာတော် မြတ်၌။ နိဗ္ဗာနသာ၊ စားဘေး ဝတ်ဘေး နေထိုင်ဘေးနှင့် လိုဘေးပိုဘေး ထိုထိုဘေးတို့ မြူမှေးမကပ် နိဗ္ဗာန်မြတ် ၏။ သန္တိကေဝ၊ လက်တကမ်းလောက် မှန်းတိုင်းပေါက် မည့် အထောက်မကွာ အနီးအပါး၌သာလျှင်။ ဟောန္တိ၊ သဂါရဝ သက္ကစ္စကြောင့် မုချမသွေ ဖြစ်ကြရပေကုန်၏။

အထက်ပါ ဂါထာ၏ အနက်အဓိပ္ပါယ်အသွယ်သွယ် တို့ကို စင်ကြယ်သန့်ရှင်း နှလုံးသွင်းတော်မူကြပြီးဖြစ် သော အသျှင်မြတ် အသျှင်ကောင်းတို့ဘုရား——အသျှင် မြတ် အသျှင်ကောင်းတို့သည် အောက်ပါ အကြောင်း အရာ အဖြာဖြာတို့ကို သတိပဋ္ဌာန် သမ္ပဇဉ်ဖြင့် ဆင်ခြင် သုံးသပ်တော်မူကြပါကုန်။

တပည့်တော်များ၏ ကျေးဇူးတော်အရှင် ဂုဏ်အင် များပြား ဘဘုရားသည် သနားညှာတာ ကရုဏာဖြင့် သာကီနွယ်ဝင် ထိုထိုအသျှင်တည်းဟူသော သား

ကောင်းသားမြွတ်တို့ကို မထောင့်မအား ရင်တော်မှ ဖွားပြီးလျှင် လျှောင်း သွား ရပ် ထိုင် အဆိုင်ဆိုင်တို့၌ မြိုင်မြိုင်ကြီး ဝတ်ဆင်ဘွယ်ရာ ကုဋ္ဌေ ကိုးထောင်ကျော်သည့် သိက္ခာပုဒ်တော်တည်းဟူသော အဆင်တန်းဆာ ရတနာတို့အပြင် အာမိသရသနှင့်တကွ အတ္တရသ ဓမ္မရသ ဝိမုတ္တိရသတည်းဟူသော သုံးဆောင်ဘွယ်ရာ အရသာမျိုး စုံစွာတို့နှင့် ပြည့်စုံလှသည့် ရဟန်းသာမဏေ အထွေထွေသော သားတော်တို့၏ ပျော်မွေ့ချမ်းသာ နေထိုင်ရာဖြစ်သော ပရိယတ်, ပဋိပတ်, ပဋိဝေဓတည်းဟူသော သာသနာ့ ဗိမာန်တော်ကြီးကို ကြည်ညိုစဘွယ် ထယ်ထယ်ဝါဝါ သာယာပြည့်တင်း တုဘက်ကင်းအောင် ဖန်ဆင်းတည်ထောင်တော်မူခဲ့ပါသည်ဘုရား။

ယင်း သာယာပြည့်တင်း တုဘက်ကင်းသော သာသနာ့ ဗိမာန်တော်ကြီးကို ဖန်ဆင်းတည်ထောင်တော်မူနိုင်ရန် လေးတန်သင်္ချေ တွက်ရေကမ္ဘာ တသိန်းကြာအောင် အင်္ဂါခြေလက် ကိုယ်အသက်ကို ငဲ့ကွက်မညှာ စွန့်ပြီးခါလျှင် ဆယ်ဖြာပါရမီ အစချီသည့် အလီလီသော ဖြည့်ကျင့်ဘွယ်များကို ဆင်းရဲပင်ပန်းစွာ ဖြည့်တော်မူခဲ့သော ကျေးဇူးတော်အဖုံဖုံ ဂုဏ်တော်အနန္တတို့ကို ဒိဋ္ဌထင်ထင် မျက်မှောက်မှာ မြင်နေဘိသကဲ့သို့ ဆင်ခြင်သမှု အာရုံပြုပြီးလျှင် မိမိတို့၏ မှီတင်းနေထိုင်ရာဘ ဘုရားသည် ဆင်းရဲပင်ပန်းစွာ တည်ထောင်ဖန်ဆင်းအပ်သော ထိုသာသနာ့ဗိမာန်တော်ကြီးကို ချီးသူချီး

ဖျက်သူဖျက် ဖွဲ့သူဖွဲ့ ရှိ၍ အောင်လုပ်သူလုပ် ညစ်နွမ်း အောင် မကောင်းသော အဆင်းတို့ဖြင့် သုတ်လိမ်းသူ သုတ်လိမ်းကြသည့်အပြင် ယင်းသာသနာ့ဗိမာန်တော် ကြီးအတွင်းသို့ သားတော်ယောင်ဆောင်လျက် ဝင် ရောက်ကြပြီးလျှင် အာမိသအရသာများကို စားသူ စားကြသဖြင့် ကြီးမားတင့်တယ် စင်ကြယ်လှစွာသော သာသနာ့ဗိမာန်တော်ကြီးသည် မဖွေးမလက် မထွက် အရောင် မတောက်ပြောင်ဘိသကဲ့သို့ ဖြစ်လေရကား ယခုအခါ ကြွရောက်လာသည့် ညီညာစုပေါင်း သား တော်တည်းဟူသော အသျှင်မြတ် အသျှင်ကောင်း တို့က ကျူးကြောင်းမြော်မြင် သမ္မာဉာဏ်ဖြင့် ပြင်ဆင် သင့်ရာ ပြင်ဆင်တော်မူကြပြီးလျှင် အတုအယောင် တို့ကို သုတ်သင်၍ ထုတ်နှင်တော်မူကြပါရန် လေးလေး နက်နက် သတိပေး တိုက်တွန်းအပ်ပါသည် ဆရာတော် သံဃာတော် အသျှင်သူမြတ်တို့ဘုရား။

သာသနာတော်သန့်ရှင်းပြန့်ပွါးရေး
သံဃာဂိုဏ်းပေါင်းစုံ အစည်းအဝေးပွဲကြီး၏
အရှံသဘာပတိ အဂ္ဂမဟာပဏ္ဍိတ
စစ်တွေဆရာတော်ဘုရား၏

# ဩဝါဒ သာရနိသကထာ

ကိံ မေ အညာတဝေသေန၊ ဓမ္မံ သစ္ဆိကတေနိဓ။
သဗ္ဗညုတံ ပါပုဏိတွာ၊ သန္တာရေဿံ သဒေဝကံ။

မထင်မရှား နိဗ္ဗာန်ကို ကူးသွားသဖြင့် ငါ့အား အဘယ်အကျိုးရှိအံ့နည်း၊ ဂုဏ်ရည်အထူ တုမရသည့် သဗ္ဗညုသခင် ဘုရားရှင်အဖြစ်သို့ ရောက်တော်မူပြီးကာ သံသရာဝဲ ဩဃထဲ၌ စုန်ဆန်မျောသွား နှတ်နှင့်တကွ သော လူအများကို ရထားရေယာဉ် ဖောင်မဂ္ဂင်ဖြင့် နိဗ္ဗာန်သောင် ကမ်းတဘက်ကို လှမ်းတက်ဘို့ ငါ ကယ်မည်ဟူသော ရည်ရွယ်ရင်းရှိသည့်အားလျော်စွာ ၄-သင်္ချေနှင့် ကပ္ပါတသိန်း ကာလပတ်လုံး ပါရမီစာဂ မြတ်ဓမ္မတွေကို ကျနစွာ အားထုတ်တော်မူခဲ့သဖြင့် လောကသုံးခွင် ဘုံအပြင်ဝယ် ပြိုင်သူဘက်ရှား မြတ်ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ကြောင်းကို အရှင်ကောင်း အရှင်မြတ်တို့ တပ်အပ်သေချာ သိပြီးသာ ဖြစ်တော်မူကြပါသည် ဘုရား။

အရှင်ဘုရားတို့ တပည့်တော်တို့မှာလည်း ပါရမီသမ္ဘာရတွေ ထိုက်သလောက် ပြည့်ဝခဲ့ကြသဖြင့် ရခဲလှစွာ အထက်ပါ မြတ်ဗုဒ္ဓ၏ သာသနာတော်ဝယ် သွေးရင်းသားရင်း အတွင်းကျကျ ဖြစ်လာခဲ့ကြရသည့်အားလျော်စွာ ဗုဒ္ဓ၏တာဝန်တော် ကုန်ဆုံးသဖြင့် ခန္ဓာဝန် သုဥ်းတော်မူပြီးရာ ၂၅၀၀-ကျော်လာပြီဖြစ်သော ဤအခါဝယ် ဆက်လက်၍ ထိုသာသနာ့တာဝန်ကို မြတ်ဗုဒ္ဓ အလိုတော်ကျအောင် ကျေပွန်ပီသ ထမ်းဆောင်ကြသော သားတော်စစ်ဖြစ်ရစ်အောင် ကြိုးစားကြဘို့အရေး တပည့်တော်များ အကြိမ်ကြိမ် တွေးမိသလို အရှင်မြတ်အများတို့လည်း နှလုံးသွင်းပြီးသားဖြစ်တော်မူကြပေမည်ဟု ယုံကြည်ပါသည် ဘုရား။ ထို့ကြောင့်—

**သာသနဿ စ လောကဿ၊ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ။**
**သာသနမ္ပိ စ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။**

ဟူသည်နှင့် အညီ အရှင်မြတ်တို့ တပည့်တော်တို့ ထမ်းဆောင်ဆဲဖြစ်သော ပရိယတ္တိ ပဋိပတ္တိသာသနာတော်သည် ပဋိဝေဓအဖြစ်သို့ရောက်အောင် ကျေးဇူးပြုသောအားဖြင့် အခါခပ်သိမ်း ကြီးပွါးပါစေ, ကြီးပွါးအောင်လည်း ဆောင်ရွက်တော်မူနိုင်ကြပါစေ။

အပြင်က ပစ္စယာနုဂ္ဂဟဖြင့် ထောက်ပံ့ကြည်ဖြူ ကူညီကြသော လှူဒါယကာ ဒါယိကာမများကို အစထား၍

သတ္တလောကကြီးတခုလုံးလည်း ကြီးပွါးတိုးတက်ပါစေ၊ ကြီးပွါးတိုးတက်အောင်လည်း အုပ်ချုပ်သောမင်းကစ၍ ဆောင်ရွက်နိုင်ပါစေ၊ သမ္မာဒေဝ နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့ကလည်း လောက, သာသနာ ဤ ၂-ဖြာကို အခါခပ်သိမ်း စောင့်ရှောက်ကြည်ဖြူ ကူညီ နိုင်ကြပါစေ-ဟု ရည်ညွှန်းဆုတောင်းရင်း နိဂုံးချုပ်ပါ သည် ဆရာတော်သခင် အရှင်ကောင်း အရှင်မြတ်တို့ ဘုရား။

သာသနာတော်သန့်ရှင်းပြန့်ပွါးရေး
သံဃာဂိုဏ်းပေါင်းစုံ အစည်းအဝေးပွဲကြီး၏
အရံသဘာပတိ အဂ္ဂမဟာပဏ္ဍိတ
မုဒ္ဒနှန်းဆရာတော်ဘုရား၏

# ဩဝါဒ သန္ဒေသကထာ

ကိံ မေ အညာတဝေသေန၊ ဓမ္မံ သစ္ဆိကတေနိဓ။
သဗ္ဗညုတံ ပါပုဏိတွာ၊ သန္တာရေဿံ သဒေဝကံ။

မထင်မရှား နိဗ္ဗာန်ကို ကူးသွားသဖြင့် ငါ့အား ဘယ်အကျိုးရှိအံ့နည်း၊ ဂုဏ်ရည်အထူ တုမရသည့် သဗ္ဗညုသခင် ဘုရားရှင်အဖြစ်သို့ ရောက်တော်မူပြီးကာ သံသရာဝဲ ဩဃထဲ၌ စုန်ဆန်မျောသွား နတ်နှင့်တကွသော လူအများကို ရထားရေယာဉ် ဖောင်မဂ္ဂင်ဖြင့် နိဗ္ဗာန်သောင်ကူးတို့ကမ်းကို တက်လှမ်းအောင် လက်လှမ်း၍ ငါကယ်မည်ဟူသော ရည်ရွယ်ရင်းရှိသည့်အား လျော်စွာ ၄-သင်္ချေနှင့် ကပ္ပါတသိန်း ကာလပတ်လုံး များစွာသော ပါရမီတော်တွေကို ဖြည့်ကျင့်ဆောင်လစ် အားသစ်တော်မူခဲ့၍ လောကသုံးခွင် ဘုံအပြင်ဝယ် ပြိုင်သူဘက်ရှား မြတ်ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ ကြောင်းကို အရှင်ကောင်း အရှင်မြတ်တို့ တပ်အပ် သေချာ သိတော်မူပြီးဖြစ်ကြပါသည် ဘုရား။

အရှင်ဘုရားတို့ တပည့်တော်တို့မှာ ပါရမီသမ္ဘာရ တွေ ထိုက်သလောက် ပြည့်ဝခဲ့ကြသဖြင့် ရခဲလှစွာ အထက်ပါ မြတ်ဗုဒ္ဓ၏ သာသနာတော်ဝယ် သေွးရင်း သားရင်း အတွင်းကျကျ ဖြစ်လာခဲ့ကြသည့်အား လျော်စွာ ဗုဒ္ဓ၏တာဝန်တော် ကုန်ဆုံးသဖြင့် ခန္ဓာဇာတ် ကင်းပြတ်တော်မူပြီးရာ ၂၅၀၀-ကျော်လာပြီဖြစ်သော ဤအခါဝယ် ဆက်လက်၍ ထိုသာသနာ့ဝန်ကို ကျေပွန် ပီသ မြတ်ဗုဒ္ဓ၏ အလိုတော်ကျအောင် ထမ်းဆောင် ကြသော သားတော်စစ်ဖြစ်ရစ်အောင် ကြိုးစားဘို့ အရေး တပည့်တော်များ အကြိမ်ကြိမ် နှလုံးသွင်းမိ သည့်အလား အရှင်မြတ်အများတို့လည်း နှလုံးသွင်း ပြီးသား ဖြစ်တော်မူကြပေမည်ဟု ယုံကြည်ပါသည် ဘုရား။ ထို့ကြောင့်—

**သာသနဿ စ လောကဿ၊ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ။**
**သာသနမ္ပိ စ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။**

ဟူသည်နှင့် အညီ အရှင်မြတ်တို့ တပည့်တော်တို့ ထမ်းဆောင်ဆဲဖြစ်သော ပရိယတ္တိသာသနာ ပဋိပတ္တိ သာသနာသည် ပဋိဝေဓအဖြစ်သို့ ရောက်အောင် ကျေးဇူးပြုသောအားဖြင့် အခါခပ်သိမ်း ကြီးပွါးပါစေ၊ ကြီးပွါးအောင်လည်း ဆောင်ရွက်တော်မူနိုင်ကြပါစေ။

**စန္ဒနံ တဂရံ ဝါ ပိ၊ ဥပ္ပလံ အထ ဝဿိကီ။**
**ဧတေသံ ဂန္ဓဇာတာနံ၊ သီလဂန္ဓော အနုတ္တရော။**

စန္ဒကူး တောင်ဇလပ် အမြတ်နံ့သာ အဖြာဖြာတို့ သည် မွှေးကြိုင်ထုံသင်း၍ ညှင်းညှင်းသာသာ နှစ်သက်

ဘွယ်ရာပင်ဖြစ်သော်လည်း လေညာကိုမဆန် အောက် အကြေသို့သာ လှိုင်စေနိုင်သောကြောင့် တုဘက် ပြိုင်ကင်း နံ့သာမင်းဟု ဘုရားရှင် ဟောတော်မမူခဲ့ပါ။

ဘုရားသားတော် ပုဂ္ဂိုလ်ကျော်တို့၏ အသက်ကို ယမာဏမထား ကြိုးစား၍ စောင့်စည်းအားထုတ်တော် မူအပ်သော သီလသိက္ခာတော်တည်းဟူသော နံ့သာ သည်သာ ဝဲယာရှေ့နောက် ထက်အောက်မကျန် သင်းပျံ့ ကြိုင်လှိုင်သည်ဖြစ်၍ တုဘက်ပြိုင်ကင်း နံ့သာတကာ တို့၏ အမြတ်ဆုံးနံ့သာမင်းဟု ဟောတော်မူခဲ့ပါသည် ဘုရား။

ထိုသို့ ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူအပ်သည်နှင့် အညီ အနုတ္တရ ဂုဏ်ပေါင်းခသည့် အတုမဲ့ သီလပိုင်ရှင် မြတ်ဗုဒ္ဓ၏ သားတော်ရှင်ဖြစ်ကုန်သော တပည့်တော် တို့သည် အခြေခံဖြစ်သော ပါတိမောက္ခသံဝရသီလကို ကိုယ်ပြုလျက် အမွှမ်းတင်ဖြစ်သော ဣန္ဒြိယသံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ, ပစ္စယသန္နိဿိတသီလတို့ကို ကိုယ် တိုင်လည်း ပန်ဆင်ရမည်သာမက မိမိနှင့်စပ်သော ရဟန်းရှင်လူ ပြည်သူတို့ကိုလည်း ပန်ဆင်နိုင်ကြစေရန် ကြိုးစားအားထုတ် ပြုလုပ်ဆောင်ရွက်ပေးရမည် ဖြစ် ကြောင်းကို အရှင်ကောင်းအများ သိပြီးသား ဖြစ် တော်မူကြပါသည် ဘုရား။

အမြစ်နံ့သာ, အနှစ်နံ့သာ, အပွင့်နံ့သာ ဤ ၃-ဖြာ တို့သည် လေညာမဆန် မသင်းနိုင်ဘဲ သီလတည်းဟူ သော အနံ့သည်သာ လေညာ,လေအောက် ထွင်းဖောက်

'သင်းသင်း ပျံ့နှံ့နိုင်ခြင်းကို သိသဖြင့် သီလတည်း ဟူသော အနံ့ကိုဆောင်သော အရှင်အာနန္ဒာသည် ရဟန်းရှင်လူ ပြည်သူအများတို့၏ ကြည်ညိုလေးစား ခြင်းကို ခံယူတော်မူကာ သာသနာတော်ကို သန့်ရှင်း အောင်ပြုသကဲ့သို့ တပည့်တော်နှင့်တကွ အရှင်မြတ် အားလုံးတို့လည်း ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန် ရေးအစိုးရ၏ ပစ္စယာနုဂ္ဂဟအရင်းအနှီးဖြင့် ကြီးမှူး ကျင်းပအပ်သော သာသနာတော် သန့်ရှင်းပြန့်ပွါးရေး အစည်းအဝေးကြီးတွင် ပွတ်သစ်စ ခရုသင်းနှင့် ထုတ် သစ်စ ကြေးမုံပြင်အလား အာ‌းရစဘွယ် ကြည်လင် တောက်ပ၍ သန့်ရှင်းသော သာသနာတော် ဖြစ်လာ အောင် သူတမျိုး ငါတဖုံ ငြင်းခုံမနေကြဘဲ ညီညာဖျဖျ အလျော်ဆုံးသောမူများကိုချလျက် သာသနာ့သန့်ရှင်း ရေးမှု ပေါ်လာအောင် အကောင်အထည်ဖော်ကြပါ ကုန်စို့-ဟု အဓိဋ္ဌာန်ပြုရင်း နိဂုံးကမ္ပတ်ကို အဆုံးသတ် ရပါသည် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ ဘုရား။

သာသနာတော်သန့်ရှင်းပြန့်ပွါးရေး
သံဃာဂိုဏ်းပေါင်းစုံ အစည်းအဝေးကြီး၏
အရံသဘာပတိ မန္တလေးမြို့ မဟာဝိသုဒ္ဓါရာမတိုက်
မြောင်းမြဆရာတော်ဘုရားကြီး၏

# ဩဝါဒကထာ

ယခုကဲ့သို့ အထက်အောက် မြန်မာနိုင်ငံ၏ ပြည်ပပြည်နယ် ခရိုင်ပေါင်း(၄၂)ခရိုင်မှ များစွာသော သာသနာတော်အရေးအတွက် ကာယိကဒုက္ခ စေတသိကဒုက္ခကို ပမာဏမထားဘဲ စိတ်အားထက်သန်စွာ ကြွရောက်တော်မူလာကြပြီး မိမိဉာဏ်မြင်သလောက် ပါဝင်ဆွေးနွေး အကြံပေးတော်မူခဲ့ကြ၊ ပေးတော်မူလတ္တံ့ ဖြစ်ကြသော ဆရာတော် သံဃာတော်များကို မြင်တွေ့ရသဖြင့် နှလုံးအေးချမ်း စိတ်ဝမ်းကြည်နူး အထူး သောမနဿ ဖြစ်မိပါကြောင်း။

ယခု ပြုလုပ်ကျင်းပဆဲဖြစ်သော အစည်းအဝေးကြီးကား အများသိကြပြီး ဖြစ်သည့်အတိုင်း သာသနာတော် သန့်ရှင်းရေး သာသနာတော် ပြန့်ပွါးတိုးတက်ရေး အစည်းအဝေးကြီးဖြစ်ရာ အမြော်အမြင်ရှိသော တော်လှန်ရေးအစိုးရ၏ ကြောင့်ကြဗျာပါရနှင့် အဘက်ဘက်မှ လိုလေသေးမရှိ ကူညီထောက်ပံ့ အားပေးမှု

ကြောင့်ငင်း၊ ဆရာတော် သံဃာတော်များဘက်က လည်း ကြောင့်ကြမှုမနေဘဲ အားနည်း ရော့ရဲနေသော သာသနာတော်ကို ခိုင်မာ အားရှိ လာစေလိုသော အာသီသ ယောနိသော မနသိကာရဖြင့် တက်တက် ကြွကြွ ကြိုးပမ်းတော်မူချက်ကြောင့်ငင်း မုချအောင် မြင်လိမ့်မည်ဟု မြွှော်လင့်မိပါကြောင်း။

သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ-ဟူသော ဒေသနာတော်အရ ဘုရားရှင်တို့၏ ပွင့်တော်မူလာခြင်း၊ ပွင့်တော်မူရာ ဗုဒ္ဓုပ္ပါဒ နဝမခဏ၊ ဘုရားရှင်တို့ ဖြစ်ထွန်းစေတော် မူအပ်သော (၃)ရပ်သော သာသနာသည် သာသနာ တော်ကို ကြည်ညို လေးစား အားထား ကိုးကွယ်ကြသူ နတ်လူဗြဟ္မာ သတ္တဝါတို့၏ ချမ်းသာခြင်းအကြောင်း ကောင်းစွာဖြစ်သကဲ့သို့ သာသနာတော် အရေးအရောင် မပြောင်မလျှမ်း ညှိုးနွမ်းလျှင်သော်ငင်း၊ သာသနာ တော် တဖျင့်တပါး တိမ်းပါးချွတ်ချော် ပျက်စီးခဲ့သော် ငင်း နတ်လူဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ဆင်းရဲ ကြောင်း မကောင်းသောအကျိုး ဆိုးဝါးသောအပြစ် များ ဖြစ်ပေါ်လာမည်မှာ ဒေသနာတော်၏ ဗျတိရေက အနက်သွားအားဖြင့် ထင်ရှားလှပါကြောင်း။

ဤသို့ဆိုသော် နတ်လူတို့ ချမ်းသာကြောင်းဖြစ် သော ဗုဒ္ဓုပ္ပါဒ ခေတ်သမယကြီး၏ (တနည်းဆိုသော် သာသနာတော်မြတ်ကြီး၏) ကာလတောင်တာ မြင့် ကြာရှည်ဝေး တည်နိုင်ရေး,တဖျင့်တပါး တိမ်းပါးမချွတ် မတ်မတ်တန့်နိုင်ရေးသည် အလွန်အလိုရှိအပ် တောင့်တ

အပ်သော အရေးဖြစ်သည်မှာ ထင်ရှားလှပါကြောင်း၊ ထိုသို့ သာသနာတော်မြတ် တည်တံ့ရေးမှာလည်း သာသနာ့ဝန်ထမ်း ရဟန်းတော်တို့၏ တာဝန်သာ ဖြစ်ပေရကား ဆိုင်ရာ အသီးသီး ဂိုဏ်းဂဏကြီးတို့က ကိုယ့်နည်းနှင့်ကိုယ် တာဝန်ကြေကြေ ထမ်းဆောင်သွားကြရန်သာ ရှိပေကြောင်း။ မသန့်မရှင်း ယိုယွင်းကျပေါက်အပြစ်ရောက်သော တပည့်တပန်း ရဟန်းငယ် ရှင်ငယ်တို့ကို လမ်းမှန်သို့တင် အမှားကိုပြင်ပေး၍ မိမိတို့ကိုယ်တိုင်လည်း ရှေ့ဆောင်လမ်းပြပီပီ ဖြောင့်ဖြောင့်ကြီးကျင့်ကြလျက် သာသနာကို ထမ်းသူကထမ်း ရွက်သူကရွက် လက်နှင့်ချီသူက ချီလျက် ညီညာစွာ သည်ပိုးကြရန်သာ ရှိပါကြောင်း။

ဤသို့ တတ်နိုင်သည့်ဘက်က ပြစ်ချက်မတင် သန့်ရှင်းစင်အောင် တိုင်ပင်ညီညွတ် ဦးမလွတ် ပွဲမကွာ ထမ်းဆောင်ကြရာတွင် သာသနာတော်၏ အတိတ်ရာဇဝင်ကို ပြန်ပြောင်းကြည့်ရှုက ရံဖန်ရံခါ သာသနာတော်ကို ကြည့်ညိုသူ မင်းကောင်း မင်းမြတ်တို့၏ အထောက်အပံ့ကို ခံယူရရှိသည်လည်းရှိ၏။ ရံဖန်ရံခါ အကူအညီ အထောက်အပံ့ကင်းမဲ့၍ မိမိတို့ချည်း ကိုယ့်အားကိုယ်ကိုး ကိုယ်ထူကိုယ်ထ ပြုစုခဲ့ကြရသည်လည်းရှိ၏။ ယခုအချိန်ကား သာသနာတော်ကို သန့်သန့်ရှင်းရှင်း ပြုစုထောက်မလိုသော မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ကြောင့်ကြတစိုက် အားပေးသည့်အခိုက်ဖြစ်၍ လောက, ဓမ္မ နှစ်ဌာနလုံး ပြေပြစ်အောင် နည်းသစ်လောင်း၍ နည်းဟောင်းကိုပြုပြင်

အကောင်းကို စင်ကြယ်စေလျက် သာသနာတော်ကို ထမ်းဆောင်သွားကြရန်သာ ဖြစ်ပါကြောင်း။

နည်းသစ်လောင်း၍ နည်းဟောင်းကိုပြင်ခြင်း ဟူရာ၌ ရှင်တော်မြတ်ဘုရား ပညတ်ထားတော် မူခဲ့သည့် အာဏာဒေသနာတော်သည် သဗ္ဗသောပရိပုဏ္ဏဖြစ်၍ နည်းသစ်လောင်းဘွယ် ပြုပြင်ဘွယ် မရှိပါ၊ သို့ရာတွင် အာဏာဒေသနာ ဝိနည်းပညတ်တော် အရာဝယ် လိုက်နာ ကျင့်ကြံကြသူ ပုဂ္ဂိုလ်များ၏ အတိမ်အနက် အလျော့အတင်းကို လိုက်၍ လျော့ရဲပြေ့ညံ့ ကြွံကြွံမခိုင် ယိုင်လဲ ပြိုပျက်နေရာမှ ကာလကြာညောင်းသော် အဟောင်း သဘောထင်မှတ်၍ အမြတ်တနိုးကျင့်ဆောင်မှု ကင်းကွာနေသော သိက္ခာပုဒ်အချို့ကို ပြန်လည် ကျင့်သုံးသော အားဖြင့် အသက်ဝင်စေခြင်းကိုသာ ဆိုလိုပါကြောင်း။

သာသနာတော်ကို သန့်ရှင်းစေရန်ဖင်း၊ နောက်ကျုညစ်ထေး မှေးမှိန်စေရန်ဖင်း သာသနာမှ ပြင်ပဖြစ်သော နတ်လူတို့အရာ မဟုတ်၊ သာသနာတော်တွင် အတွင်းကျကျ မှီတင်းနေထိုင်ကြသူ ရှင်ရဟန်းတို့သာလျှင် သာသနာတော်ကို သန့်ရှင်းစေနိုင် နောက်ကျုမှေးမှိန်စေနိုင်သည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ရကား သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့သည် "ဝါစာနုရက္ခီ မန-သာ သုသံဝုတော၊ ကာယေန စ နာကုသလံ ကိရိယာ" ဟူသော ဒေသနာတော်နှင့်အညီ သာသနာတော်နှင့် မတန်မရာ ရုန့်ရင်းစွာသော ဝါစာဘေဒ မြွက်ဟပြောဆိုခြင်းမပြု၊ ရှင်လူရဟန်း မလန်းဆာပူ နောက်ကျုစေ

ကြောင်း မကောင်းသော သွားလာဝတ်စား လှုပ်ရှား နေထိုင်ခြင်း ကာယကံမှုတို့ကို မပြုမလုပ်၊ မနေသာ်ဝရ ဖြင့် စောင့်စည်း ပိတ်ဆို့ထားပြီးဖြစ်၍ တည်ငြိမ်သော စိတ်ထား ဆောက်တည်အပ်သော သမာဓိတရားနှင့် ပြည့်စုံရန် ကြိုးစားတော်မူကြစေလိုပါကြောင်း။

ကိုယ်နှုတ်နှလုံး သုံးပါးစုံသန့်ရှင်း၍ အညစ်အကြေး ကင်းစေရန်မှာလည်း "သကိစ္စမနုယုဉ္ဇေယျ" ဟူသော ဒေသနာတော်နှင့်အညီ ရှင်တော်မြတ်ဘုရား ပေးသနား တော်မူအပ်သော ရဟန်းကိစ္စ ဓူရနှစ်ပါး၌ နေ့ရောညပါ လုံ့လမပြတ် အားသည်းဆောင်ရွက်တော်မူကြရန်သာ ရှိပါသည်၊ယင်းဓူရနှစ်ပါးတွင် တတ်စွမ်းသည့်အလျောက် အားထုတ် ဆောင်ရွက်တော်မူကြယင်း ရဟန်းတို့နှင့် မအပ်စပ်သော လူမှုရေးကိစ္စအဝဝတို့ကို ရှောင်ကြဉ်၍ "အပ္ပသန္နာနံ ပသာဒါယ ပသန္နာနံ ဘိယျောဘာဝါယ" ဟူသော မိန့်ခွန်းတော်မြတ်ကို ဦးထိပ်ထက် ပန်ဆင်ကြ လျက် မကြည်ညိုသေးသောသူတို့ကို ကြည်ညိုလာစေ ရန် ကြည်ညိုပြီးသောသူတို့ကို ဆထက်ထမ်းပိုး တိုးတက် ကြည်ညိုလာစေရန် သမဏမေ့ သမဏကိစ္စတို့ဖြင့်သာ ကာလကုန်လွန်စေကြရန် တိုက်တွန်းလိုက်ရပါကြောင်း။

အစည်းအဝေးကြီးသို့ ကြွရောက်လာ၍ ကိုယ်အား ဉာဏ်အား ပေးတော်မူကြသော ဆရာတော် သံဃာ တော်တို့အား နောက်ဆုံးနိဂုံးချုပ်အားဖြင့် လျှောက် ထားသတိပေးလိုသည်မှာ ဤအစည်းအဝေးပွဲကြီး ပြီး ဆုံးရုပ်သိမ်းသွားပြီးနောက် မိမိတို့ဌာန သက်ဆိုင်ရာ

ဒေသသို့ ပြန်ရောက်တော်မူကြသောအခါ မိမိတို့ တပည့်တပန်း ရဟန်းသာမဏေများကို "စက္ခုန္နာ သံဝရော သာဓု"စသော သာဓုတရား (၆)ပါးနှင့် ယှဉ်စေတော်မူလျက် "သဗ္ဗတ္ထ သံဝုတော ဘိက္ခု၊သဗ္ဗဒုက္ခာ ပမုစ္စတိ" ဟူသော ဒေသနာတော်အရ စက္ခုစသော(၆) ဌာနတို့၌ စောင့်စည်း ပိတ်ဆို့တော်မူကြ၍ ဒုက္ခခပ်သိမ်း လွတ်ငြိမ်းရာဌာန အမတဘုံထီးသို့ ခရီးပေါက်ရောက်သည်အထိ နှိုးဆော်တော်မူကြပါရန် သတိပေးစကားလျှောက်ထားရပါကြောင်း။

၁၉၆၅-ခု၊ မတ်လ(၁၈)ရက်။

# ပြည်ထောင်စုမြန်မာနိုင်ငံ

## သံဃာတော်များ၏

# သာသနာဝင်လက်မှတ်

အမှတ်စဉ်..........................................................

.........................................................................ဂိုဏ်း။

| |
|---|
| ဓာတ်ပုံနှင့် ရိုးတံဆိပ် |

..........................................  ..........................................

သက်ဆိုင်ရာအရာရှိလက်မှတ်။  လက်မှတ်ရှင်၏လက်မှတ်။

## "လျှောက်ထားချက်"

၁။ ဤလက်မှတ်ကိုအမြဲဆောင်ထား၍ မေးလျှောက်လာသူအား ထုတ်ပြခြင်းအားဖြင့် မိမိ၏ သာသနာ့ဝန်ထမ်းစစ်မှန်ကြောင်း ဂုဏ်ယူတော်မူပါဘုရား။

၂။ မည်သည့်နေရာ၌မဆို ဗုဒ္ဓမြတ်စွာ၏ ဝိနည်းတော်ကို ဦးထိပ်တင်၍ ရှင်လူအများ၏ လေးစားမှုကို ခံယူကာ သာသနာတော်၏အသရေကို ဆောင်တော်မူပါဘုရား။

၃။ ပရိယတ် ပဋိပတ် သာသနာ့တာဝန် ၂-ရပ်ကိုသာ ထမ်းဆောင်ခြင်းအားဖြင့် နိုင်ငံနှင့် သာသနာတော် တိုးတက်ရေးကို အားပေးတော်မူပါဘုရား။

" ရှင်သာမဏေ "

❖❖❖❖❖❖❖❖

၁။ ဘွဲ့တော် .... .... ...............................................................

၂။ ယခုသီတင်းသုံးရာ..........................................ခရိုင်

........................................ မြို့ ................................ရွာ

...............................................................ကျောင်း။

၃။ မိဘအမည် .... .... ...................................................

.......................................ခရိုင် ...............................မြို့

...................................................................ရွာ။

၄။ မွေးဖွားရာဒေသ ........................................... ခရိုင်

.......................................မြို့ ...............................ရွာ။

၅။ မွေးဖွားချိန် ............................................... ခုနှစ်

................................... လဆ .........................ရက်။

၆။ သာမဏေဖြစ်ရာဌာန.......................................ခရိုင်

.......................................မြို့ ...............................ရွာ။

...............................................................ကျောင်း။

၇။ ဥပဇ္ဈာယ်ဆရာဘွဲ့တော်.............................................

.................................ခရိုင် ................................မြို့

................................. ရွာ .......................ကျောင်း

၈။ မူလဆရာ ဘုန်းကြီးဘွဲ့တော် ..................................

.................................ခရိုင်.................................မြို့

.................................ရွာ... .......................ကျောင်း

၉။ မည်သည့်နိုင်ငံသား ..................................................

၁၀။ ထင်ရှားသော အမှတ်အသား......................................

နေ့စွဲ...................................................................................

.............................................................

ထုတ်ပေးသောဆရာဘုန်းတော်ကြီးလက်မှတ်။

# "ရဟန်းတော်"

❖❖❖❖❖❖❖

၁။ ဘွဲ့တော် .... ......................................................

၂။ ယခုသီတင်းသုံးရာ.................. .. ......................ခရိုင်

.................................... မြို့ ............................ရွာ

.........................................................ကျောင်း။

၃။ မိဘအမည် ......................................................

...................................ခရိုင် ..................................မြို့

...................................................................... ရွာ။

၄။ မွေးဖွားရာဒေသ ....................................... ခရိုင်

....................................မြို့................................ ရွာ။

၅။ မွေးဖွားချိန် .................................................ခုနှစ်

................................... လဆ ...........................ရက်။

၆။ ရဟန်းဖြစ်ရာဌာန .......................................ခရိုင်

....................................မြို့.................................ရွာ။

..............................ကျောင်း..........................သိမ်။

၇။ ရဟန်းဖြစ်ချိန် ............................................ ....ခုနှစ်

......................... ....လဆ.................................ရက်

၈။ ဥပဇ္ဈာယ်ဆရာဘွဲ့တော်..........................................

......................... ..........ခရိုင် ..............................မြို့

..............................ရွာ.............................ကျောင်း

၉။ မူလဆရာဘုန်းကြီးဘွဲ့တော် ......................................

.................................. ခရိုင်.................................မြို့

..............................ရွာ.............................ကျောင်း

၁၀။ မည်သည့်နိုင်ငံသား ...............................................

၁၁။ ထင်ရှားသော အမှတ်အသား ................. ...............

နေ့စွဲ...........................................................................

..........................................................

ထုတ်ပေးသောဆရာဘုန်းတော်ကြီးလက်မှတ်။

" ထပ်ဆင့်ရေးသားချက်များ "

| နေ့စွဲ | မှတ်ချက် | ရေးမှတ်သော ဆရာတော်၏ လက်မှတ်။ |
|---|---|---|
| | | |



(၁၀ မှ ၂၄ စာမျက်နှာအထိ ၁၅-မျက်နှာပါသည်)

ပ-မ-ဗ-သ-စ—၂၁၈—၁၂-၇-၆၅—အုပ် ၅,၀၀၀။

ရန်ကုန်မြို့၊ ကမ္ဘာအေးစာတိုက်—ပြည်ထောင်စု မြန်မာနိုင်ငံ
ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် အုပ်ချုပ်ရေး အရာရှိချုပ်
ဝဏ္ဏကျော်ထင် ဦးချစ်တင် (မှတ်ပုံတင်အမှတ် ၀၁၂၂/၀၁၀၆)
က ပုံနှိပ်ထုတ်ဝေသည်။